# မောရှေ၏ တဲတော်မှ လုပ်ငန်းတာဝန်

*by Brian Bailey*

## အခန်း (၃) အသန့်ရှင်းဆုံးဌာန

ဤကဏ္ဍ၏ ပထမပိုင်း၌ မောရှေ၏တဲတော်တွင် (၁) တဲတော်ဝင်း (၂) သန့်ရှင်းရာဌာန (၃) အသန့်ရှင်းဆုံးဌာနဟူ၍ အပိုင်း ၃ ပိုင်းပါဝင်ကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။ ဤအခန်းကဏ္ဍအသီးသီးက ရင့်ကျက်သောခရစ်ယာန်များကြုံတွေ့ရမည့် ဝိညာဉ်ရေးရာ အတွေ့အကြုံအဆင့် ၃ ဆင့် ကို သွန်သင်ထားပါသည်။ ၎င်းတို့သည် ၁ယော ၂း၁၂-၁၄ ထဲတွင် ဖော်ပြထားသော ကလေးသူငယ်များ၊ လူပျိုလူရွယ်များ၊ ဖခင်များစသည့် ခရစ်ယာန်အသက်တာအမျိုးအစားများနှင့်တူညီသည်။ ရင့်ကျက်သော ပုဂ္ဂိုလ်တစ်ဦးသည် ဖခင်အဆင့်သို့ ရောက်လာရန်အတွက် ကလေးသူငယ်ဘဝမှ ဆယ်ကျော်သက်အရွယ်များကို ဖြတ်ကျော်လာခဲ့သည့်အတိုင်း ကျွန်ုပ်တို့သည်လည်း ဝိညာဉ်ရေးရာ ရင့်ကျက်မှုရရှိရန် တဆင့်ပြီးတဆင့် ကြီးထွားတိုးပွါးရန် လိုအပ်ပါသည်။

တမန်တော် ယောဟန်က သွန်သင်ထားသည့်အတိုင်း ဝိညာဉ်ရေးရာ ကလေးသူငယ်အရွယ်များက မိမိတို့၏ အပြစ်ဒုစရိုက်များကို ဘုရားသခင် ခွင့်လွှတ်တော်မူပြီဖြစ်ကြောင်းသိခဲ့ကြပြီးဖြစ်သည်။ သူတို့သည် ဝိညာဉ်ရေးရာ အတွေ့အကြုံအရ တဲတော်ဝင်း (ပြင်ပဌါန) သို့ဝင်ရောက်သူများနှင့် အဆင့်တူသည်။ ရှင်ယောဟန်ဖော်ပြထားသည့် ဒုတိယအဆင့်မှာ လူပျိုလူရွယ်များဖြစ်သည်။ သူတို့သည် အားသန်သောသူများဖြစ်ကြ၏။ နှုတ်ကပတ်တော်သမ္မာတရား သူတို့အထဲ၌ရှိသောကြောင့် နတ်ဆိုးဝိညာဉ်ဆိုးများ၏ လုပ်ရပ်များ၊ ကောက်ကျစ်စဉ်းလဲမှုများ၊ ဆိုးဝါးမှုများကို နိုင်နင်းကြ၏။ သူတို့သည် သန့်ရှင်းရာဌာနသို့ဝင်ရောက်ပြီးသော ယုံကြည်သူများဖြစ်ကြသည်။

သို့သော်လည်း ဝိညာဉ်ရေးရာ ရင့်ကျက်မှုအဆင့်၌ လူပျိုလူရွယ် သို့မဟုတ် အောင်မြင်သူအဆင့်ထက်ပို၍ မြင့်မားသောအဆင့်ရှိသေးသည်။ ဘုရားသခင်၏ အဆုံးစွန်ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့အားပြည့်စုံသောရင့်ကျက်မှုရှိသည့် အသန့်ရှင်းဆုံးနေရာသို့ ပို့ဆောင်လိုသည်။ ဤပြည့်စုံသော အသက်တာရင့်ကျက်မှု နောက်ဆုံးအဆင့်သို့ ရောက်ရှိသော သူကို ''ဖခင်များ'' ဟု ခေါ်သည်။ ယောဟန် က ၁ယော ၂း၁၃ ထဲတွင် ''အဘတို့၊ သင်တို့သည် ရှေးဦးစွာကပင်ရှိတော်မူသော သူကို သိသောကြောင့် . . .'' ဟု ညွှန်းဆိုဖော်ပြထားသည်။ ဖခင်ဆိုသည်မှာ – ဘုရားသခင်အား ရင်းရင်းနှီးနှီး သိကျွမ်းသောသူဖြစ်သည်။ ဝိညာဉ်ရေးရာ ရင့်ကျက်သောဖခင်တစ်ဦးသည် ဘုရားသခင်၏ ရှေ့တော်မှောက် အသန့်ရှင်းဆုံးဌာန၌ ရောက်ရှိနေသူဖြစ်သည်။

၁ကော ၄း၁၅ ထဲတွင် ရှင်ပေါလုက . . . ''သင်တို့တွင် ခရစ်တော်အကြောင်းကို သင်ပေးသောဆရာတစ်သောင်းရှိငြားသော်လည်း၊ အဘအများမရှိ။ ဧဝံဂေလိတရားအားဖြင့် ငါသည်သင်တို့ကို ယေရှုခရစ်၌ ဖြစ်သွားစေပြီ'' ဟု ဆိုထားသည်။ တရားဟောနိုင်သူ၊ သွန်သင်နိုင်သော ခရစ်ယာန်အများအပြားရှိကြသော်လည်း ဝိညာဉ်ရေးရာ ရင့်ကျက်သော ဖခင်များအနည်းအကျဉ်းသာရှိ၏။ သို့သော် ဘုရားသခင်သည် ကျွန်ုပ်တို့တစ်ဦးချင်းစီအား ရင့်ကျက်သော ဖခင်၏ စိတ်သဘောကို ပေးလိုသည်။ အကြောင်းမူကား ထိုစိတ်သဘောရှိမှသာလျှင် အဘ ဘုရားသခင်၏ စိတ်သဘောကို သိနိုင်မည်ဖြစ်သည်။

သခင်ဘုရားက ဝိညာဉ်ရေးရာ ရင့်ကျက်သော ဖခင်အများအပြားကို မွေးထုတ်ပေးလိုသည်။ အကြောင်းမှာ – ဤနောက်ဆုံးသော နေ့ရက်တွင် ဘုရားသခင်၏ နိုင်ငံတော်အတွက် ဝိညာဉ်ရေးရာကလေးသူငယ်အများအပြားရှိကြသောကြောင့် ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်းများစွာက ဘုရားသခင်ထံမှ ရူပါရုံတစ်ခုရရှိခဲ့သည်။ ကလေးငယ်တစ်ဦး၏ ပုလင်း၊ ကလေးတစ်ဦးနှင့် အလွန်များပြားသော ကလေးသူငယ်များကို မြင်ခဲ့ရသည်။

သခင်ဘုရားက ကျွန်ုပ်အားပြောသည်မှာ ''ငါ၏ ဝိညာဉ်တော်ကို ဤကမ္ဘာလောကသို့ သွန်းလောင်းမည်'' ခရစ်တော်၌ မွေးဖွါးသော ကလေးသူငယ် အများအပြားရှိလာမည်'' ဟု ပြောပြသည်။ သို့သော် ထိုကလေးသူငယ်များကို စောင့်ရှောက်မည့် ဝိညာဉ်ရေးရာ ရင့်ကျက်သူဖခင်များမရှိလျှင် သင်သည် ထိုကလေးများကို ရရှိမည်မဟုတ်ပေ။ အလွန်ကြီးမား ဝမ်းနည်းကြေကွဲဖွယ်ဖြစ်ရပ်ကြီးတစ်ခုမှာ . . . ကလေးသူငယ်များ မွေးဖွား သည့်အခါ သူတို့အား ကာကွယ်ရန်နှင့် ပြုစုစောင့်ရှောက်မည့်သူမရှိခြင်းဖြစ်သည်။ ဘုရားသခင်၏ နိုင်ငံတော်၌ ထိုကဲ့သို့သော အဖြစ်မျိုးရှိနေခြင်းသည်လည်း အလွန်ကြီးမား သောဝမ်းနည်းကြေကွဲဖွယ်ရာ ဖြစ်ရပ်ကြီးဖြစ်ပါသည်။ တစ်ချိန်က ကြီးမားသော ဝိညာဉ်ရေးရာ နိုးထမှုကြီး တစ်ခုဖြစ်ပွါး၍ အသင်းတော်များ၌ ဝိညာဉ်ရေးရာ အသစ်မွေးလာသော ကလေးသူငယ် အများအပြားရှိကြသည်။ သို့သော် ဝိညာဉ်ရေးရာ ရင့်ကျက်မှု ရရှိရေးအတွက် ဆက်လက် ပြုစုပျိုးထောင်မှုမရှိသောကြောင့် ခရစ်တော်၏ ကလေးသူငယ်များသေကြေပျက်ဆီးပြီး နိုးထမှုကြီး၏ အသီးအပွင့်လည်း ဆုံးရှုံးခဲ့ရသည်။ ယနေ့ ဤစောင်းပါးကို ဖတ်သော ယုံကြည်သူညီအစ်ကိုမောင်နှမများအား ဘုရားသခင်က ဝိညာဉ်ရေးရာအသစ်မွေးလာသော ကလေးသူငယ်များကို ပြုစုစောင့်ရှောက်၍ ရင့်ကျက်သော အသက်တာသို့ ပို့ဆောင် ပေးရန်အလိုရှိသည်။ အလွန်ကြီးမားသော အမွေဥစ္စာ၊ အလွန်မြင့်မြတ်သော မဟာတာဝန်ကြီး ကျွန်ုပ်တို့၌ရှိနေသည်ကို သတိပြုကြပါစို့။ ဘုရားသခင်က လူအများအပြားတို့အား ''လူမျိုးတကာတို့၏ ဖခင်ဖြစ်သော အာဗြဟံ'' ကဲ့သို့ဖြစ်လာရန် ပြင်ဆင်ပေးလျက်ရှိသည်။

ဘုရားသခင်၏ အလိုတော်သည် ယုံကြည်သူတိုင်းအား ဝိညာဉ်ရေးရာရင့်ကျက်သောဖခင်ဘဝသို့ရောက်စေရန်ဖြစ်သည်။ ကျွန်ုပ်တို့အားလုံးသည် အသန့်ရှင်းဆုံးဌာနသို့ ဝင်ရောက်၍ ခရစ်တော်နှင့်အတူ တည်ရှိနေရန် ဘုရားသခင်ဖိတ်ခေါ်လျက်ရှိသည်။

၎င်းသည် ကျွန်ုပ်တို့၏ ပန်းတိုင်ဖြစ်သည်။ သို့သော် ဤကဲ့သို့ဘုရားသခင်၏ မြင့်မားသောခေါ်ယူခြင်းသို့ဝင်ရောက်နိုင်သောအရည်အချင်းရှိစေရန် မည်သို့မည်ပုံ လုပ်ရမည် ဟူသောလုပ်ငန်းစဉ်နှင့်နည်းစနစ်ကို နားလည်ထားရန်အလွန်အရေးကြီးပေ သည်။

## အတွင်းသို့ဝင်ရောက်ခြင်း

အသန့်ရှင်းဆုံးသောနေရာဌာနသည် အလျား ၁၀'၊ အနံ ၁၀'၊ အမြင့် ၁၀' ရှိသည်။ ထိုအထဲတွင် ပဋိညာဉ်သေတ္တာနှင့် ကရုဏာပလ္လင်တော်ရှိ၏။ သဘာဝအလင်းရောင်မရှိ၊ ဘုရားသခင်၏ ဘုန်းတန်ခိုးတော်ဖြင့်ပြည့်၍ လင်းထိန်နေသည်။

အသန့်ရှင်းဆုံးဌာနသို့ဝင်ရန်အတွက် သန့်ရှင်းရာဌာနနှင့်ပိုင်းခြားထားသော ကန့်လန့်ကာကို ကျော်ဖြတ်ရမည်။ ထိုကန့်လန့်ကာသည် ဘုရားသခင်၏ တန်ခိုးတော်နှင့် ပြည့်လျက်ရှိသော မျက်မှောက်တော်ထဲသို့ လူများမဝင်မိစေရန် တားဆီးထားသည်။ ဓမ္မဟောင်းကျမ်းခေတ်တွင် လူတစ်ဦးတည်းသာလျှင် ထိုကန့်လန့်ကာကိုဖြတ်၍ တစ်နှစ်လျှင် တစ်ကြိမ်သာဝင်ခွင့်ရှိသည်။

ဣသရေလလူအားလုံးသည် အသွေးတော်ဖြင့် ပူဇော်သက္ကာပြုရာ ပြင်ပဌါန (တဲတော်ဝင်း) သို့ဝင်ရောက်ခွင့်ရှိသည်။ ၎င်းသည် ဝိညာဉ်ရေးရာအရ ဒုတိယမွေးဖွါးခြင်းခံရသော ယုံကြည်သူအားလုံးခရစ်တော်၏ အသွေးတော်အားဖြင့် ဝင်ရောက်နိုင်သည့်နေရာဖြစ်သည်။ သို့သော် သန့်ရှင်းရာဌာနသို့မူ ယဇ်ပုရောဟိတ်များကသာ ဝင်ရောက်နိုင်သည်။ ၎င်းသည် အသက်တာရင့်ကျက်၍ လူပျိုလူရွယ် အဆင့်သို့ရောက်ရှိလာသူ (သို့မဟုတ်) အသက်တာ၌ အောင်မြင်သူများအတွက်သာ ဖြစ်သည်။ သို့သော် အသန့်ရှင်းဆုံးဌါနသို့မူ ဣသရေလလူမျိုး ယဇ်ပုရောဟိတ်အကြီးကသာလျှင် တစ်နှစ်တစ်ကြိမ်အပြစ်ဖြေရာနေ့တွင် ဝင်ခွင့်ရှိသည်။ (ဟေဗြဲ ၉း၁-၈၊ ဝတ်ပြု ၁၆)။ ၎င်းသည် အထူးသီးသန့် ရွေးချယ်ထားသောဖြစ်ရပ်တစ်ခုဖြစ်သည်။ ယနေ့မည်သည့် အရာကို ညွှန်းဆိုသည်ကို နားလည်ရန်အထူးလိုအပ်သည်။

ဓမ္မဟောင်းကျမ်းထဲတွင် အသန့်ရှင်းဆုံးဌါနသည် ကန့်လန့်ကာပိတ်ချောဖြင့် ပိုင်းခြားကာရံထားသည်။ ဟေဗြဲ ၉း၈ ထဲတွင် ထိုကန့်လန့်ကာသည် သန့်ရှင်းရာဌာနသို့ သွားသောလမ်းမဖွင့်သေးကြောင်းကို ဖော်ပြကြောင်း သန့်ရှင်းသောဝိညာဉ်တော်သည် အရိပ်ပေး၏။ မောရှေ၏ တဲတော်သည် သခင်ဘုရားအား သူ့လူများနှင့်အတူ နေထိုင်ခွင့်ပြုသော်လည်း ကန့်လန့်ကာမှာမူ ဘုရားသခင်အား သူ့လူများနှင့် ပိုင်းခြားထားလျက်ရှိ၏။ အကြောင်းမှာ ဘုရားသခင်၏ သန့်ရှင်းတော်မူခြင်းကြောင့်ဖြစ်သည်။ မောရှေသည် ဣသရေလများအတွက် ဘုရားသခင်အား ရင်းနှီးကျွမ်းဝင်မှုနှင့် ဘုန်းတန်ခိုးတော်နှင့် ပြည့်သောရင်းနှီးဆက်နွယ်မှုရှိနိုင်ရေးအတွက် အခွင့်အလမ်းရရှိစေရန်

ပြည့်စုံလုံလောက်သော ပူဇော်ခြင်းကို မပြုနိုင်ပေ။ သို့သော် အဘယ့်ကြောင့် သန့်ရှင်းသော ဝိညာဉ်တော်သည် ယဇ်ပုရောဟိတ်မင်းကြီးအား အသွေးတော်ပူဇော် သက္ကာနှင့်အတူ တစ်နှစ်တစ်ကြိမ်ဝင်ခွင့်ပြုခဲ့သနည်း။ ထိုယဇ်ပုရောဟိတ်မင်းသည် မိမိကိုယ်ပိုင် အသွေးတော်ကို ယူဆောင်ပြီး လမ်းဖွင့်ပေးမည့်အခြားသော ယဇ်ပုရောဟိတ်ကြီးကို ကိုယ်စားပြုသည်။

ဓမ္မသစ်ကျမ်းက ကောင်းကင်နိုင်ငံအသန့်ရှင်းဆုံးဌာနသွားရာလမ်းကို ဖွင့်ပေးမည့် ယဇ်ပုရောဟိတ်မင်းအကြောင်းကို ပြောပြပါသည်။ ဟေဗြဲ ၄း၁၄ ထဲတွင် ''ယခုမူကား၊ ကောင်းကင်ဘုံထဲသို့ ကြွဝင်တော်မူသော ယဇ်ပုရောဟိတ်မင်းကြီးတည်းဟူသော ဘုရားသခင်၏ သားတော်ယေရှုသည် ငါတို့၌ ယဇ်ပုရောဟိတ်မင်းဖြစ်တော်မူ၏ ...'' ဟု ဖော်ပြထားသည်။ ဟေဗြဲ ၉း၁၂ ထဲ၌လည်း ''ငါတို့အဘို့ထာဝရ ရွေးနှုတ်ခြင်း ကျေးဇူးကိုခံရ၍ ဆိတ်အသွေး၊ နွားကလေးအသွေးနှင့်မဟုတ်၊ မိမိအသွေးတော်နှင့် သန့်ရှင်းရာဌာနထဲသို့တစ်ခါတည်းဝင်တော်မူ၏။'' ဟု ဖော်ပြထားကြောင်းတွေ့ရသည်။ သူ့အသွေးတော်အားဖြင့် ကောင်းကင်ဘုံအသန့်ရှင်းဆုံးဌာနသို့ဝင်ရောက်တော်မူ၏။ ကောင်းကင်ဘုံရှိအဘခမည်းတော်၏ မျက်မှောက်တော်လက်ျာဘက်သို့ ဝင်စားတော်မူ၏။

ဟေဗြဲ ၆း၁၉-၂၀ ထဲ၌ ''ထိုမျှော်လင့်ခြင်းမူကား၊ ကန့်လန့်ကာအတွင်း၌ချ၍ မြဲမြံ ခိုင်ခံ့သော စိတ်နှလုံး၏ကျောက်ဆူးကဲ့သို့ ငါတို့၌ရှိသတည်း။ မေလခိဇေဒက်နည်းတူ ထာဝရယဇ်ပုရောဟိတ်မင်းဖြစ်သော ယေရှုသည်၊ ငါတို့အတွက်၊ ထိုအတွင်းအရပ်ထဲသို့ ရှေ့ဆောင်၍ဝင်သောသူဖြစ်တော်မူ၏'' ဟု ဖော်ပြထား၏။ ရှေ့ပြေးဖြစ်သည့် ယေရှုခရစ်သည် လမ်းခရီးကိုဖွင့်ရန် ကျွန်ုပ်တို့ရှေ့၌သွားနှင့်လေပြီ၊ သူ့နောက်သို့ လိုက်သော ကျွန်ုပ်တို့သည်လည်း အသန့်ရှင်းဆုံးဌာနသို့ဝင်ရောက်ကြရမည်ဖြစ်သည်။

## ကန့်လန့်ကါ

မောရှေ၏တဲတော်ထဲတွင် ဘုရားသခင်၏ လူများအား အသန့်ရှင်းဆုံးဌာနနှင့် ပိုင်းခြား၍ ကာရံထားသောကန့်လန့်ကာရှိသည်။ ဓမ္မသစ်ကျမ်းထဲတွင် အသန့်ရှင်းဆုံး ဌာနသို့ဝင်ရောက်နိုင်ရန် ထိုကန့်လန့်ကာကို မည်ကဲ့သို့ ဖယ်ရှားလိုက်ကြောင်း ဖော်ပြထားသည်။ ''ထိုကြောင့် ညီအစ်ကိုတို့ ယေရှု၏ကိုယ်ခန္ဓာတော်တည်းဟူသော ကန့်လန့်ကာအားဖြင့် ထိုသခင်ပြင်ဆင်တော်မူသော အသက်လမ်းသစ်တွင် ငါတို့သည် သန့်ရှင်းရာဌာနထဲသို့ အသွေးတော်ကို အမှီပြု၍ အဆီးအတားမရှိ ဝင်ရသောအခွင့်ရှိ သဖြင့် ၄င်း၊ ...'' (ဟေဗြဲ ၁၀း၁၉-၂၀)။

ယေရှုခရစ်အသေခံသည့်အချိန်၌ မည်ကဲ့သို့ဖြစ်ပျက်သည်ကို ပြန်လည်ဆင်ခြင် စဉ်းစားကြည့်ကြပါစို့။ ခရစ်ဝင်ကျမ်းများက မှတ်တမ်းတင်ထားသည်မှာ ယေရှု လက်ဝါးကားတိုင်ပေါ်၌ ''အမှုပြီးပြီ'' ဟု အော်သည့်အချိန်၌ ဗိမာန်တော်ထဲရှိ ကန့်လန့်ကာသည် အထက်စွန်းမှ အောက်စွန်းတိုင်အောင် စုတ်ကွဲလေ၏။ သို့ဖြစ်၍ စုတ်ကွဲသွားသော ကန့်လန့်ကာသည် ယေရှုခရစ်ကားတိုင်တင်သတ်ခံခြင်းကို ဖော်ညွှန်းသည်။

ကျွန်ုပ်တို့သည် ကန့်လန့်ကာအတွင်းသို့ ဝင်လိုပါက ခရစ်တော်နှင့်အတူ အသေခံခြင်းကို ကြုံတွေ့ရမည်။ ၄င်းသည် ဘုရားသခင်က ကန့်လန့်ကာကို ဆုတ်ဖြဲ၍ အသန့်ရှင်းဆုံးဌာနသို့ဝင်ရန် လမ်းခရီးကို ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။

ထိုသို့သော အတွေ့အကြုံမျိုးကို ရှင်ပေါလုက ရော ၆း၆ ထဲတွင် ဤကဲ့သို့ ဖော်ညွှန်းထားသည်။ ''ထိုမှတစ်ပါး၊ ငါတို့၏ လူဟောင်းသည် ထိုသခင်နှင့်အတူ လက်ဝါး ကားတိုင်မှာ အသေသတ်ခြင်းကိုခံပြီဟု ငါတို့သိကြ၏။ အကြောင်းမူကား၊ ငါတို့သည် နောက်မှအပြစ်တရား၏ အစေကိုမခံစေခြင်း၄၊ အပြစ်တရား၏ကိုယ်ကို ဖျက်ဆီးမည့် အကြောင်းတည်း။'' ''သိကြ၏'' ဟူ သောစကားသည် ဂရိစကားလုံးမှ ဆင်းသက် လာခြင်းဖြစ်ပြီး အတွေ့အကြုံဖြင့် သိရှိခြင်း (သို့မဟုတ်) အသက်တာဖြင့် အတွင်း သိသိခြင်းကို ဆိုလိုသည်။ မိမိ၏လက်ဝါးကားတိုင်ကိုထမ်း၍ ဇာတိသေခြင်း အသက်တာ၌ အသက်ရှင်ခြင်းဆိုသည်မှာ ဩဝါဒတစ်ခုအနေဖြင့် နားလည်သဘောပေါက် ရုံသက်သက် မဟုတ်ပါ။ အကယ်၍ ကျွန်ုပ်တို့သည် ကန့်လန့်ကာကို ဖြတ်ကျော်၍ အသန့်ရှင်းဆုံး ဌာနသို့ဝင်ရောက်လိုလျှင် ဖော်ပြပါအသက်တာမျိုးကို ကိုယ်တိုင် ကြုံတွေ့၍ ထိုသို့သော အသက်တာ၌ အသက်ရှင်ကျင်လည်ရန်ဖြစ်သည်။

ကျွန်ုပ်တို့၏ခရစ်ယာန်အသက်တာသည် တဲတော်ဝင်းဟူသော ပြင်ပဌါန၌ စတင်ဝင်ရောက်ချိန် (သို့မဟုတ်) ခရစ်တော်၌ အသစ်မွေးဖွါးခြင်းခံစအချိန်အတွင်း ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာအရ ကလေးသူငယ်များပင်ဖြစ်ကြသည်။ ကျွန်ုပ်တို့သည် ရင့်ကျက်ခြင်းမရှိ၊ ခိုင်ခံ့မြဲမြံခြင်းမရှိ၊ တစ်ခါတစ်ရံ အပြစ်ထဲသို့ ခလုတ်တိုက်လဲတတ်ကြ၏။ သို့သော် သခင်ဘုရားသည် ကျွန်ုပ်တို့အား အပြစ်လွှတ်ရုံသက်သက်မျှနှင့် တည်တံ့ခိုင်မြဲ ခြင်းမရှိသော ခရစ်ယာန်အဖြစ် ပစ်မထားလိုပါ။ သူ၏အသေခံခြင်းက ပြည့်စုံသော အောင်မြင်ခြင်းအသက်တာကို မွေးထုတ်ပေးသည်။ ကျွန်ုပ်တို့အား သူ၏ သဏ္ဍာန်တော် နှင့်အညီ ပြီးပြည့်စုံစွာ ပြောင်းလဲလိုသည်။ သို့သော် အဘယ်သို့နည်း။ ကန့်လန့်ကာ အတွင်းသို့ဝင်၍ အာဒံမှ အမွေခံသော ကျွန်ုပ်တို့၏ဇာတိဟောင်းများကို အဆုံးစွန်အောင်ပွဲ ခံအနိုင်ယူခြင်းပင်ဖြစ်သည်။

ကျွန်ုပ်တို့၏ ဇာတိဟောင်းသည် အပြစ်နှင့်ပြည့်လျက်ရှိ၏။ ထို့ကြောင့် အပြစ်လုပ် ရန်သာသိ၏။ သို့ဖြစ်၍ ပြည့်စုံသောအောင်မြင်ခြင်းအသက်တာ၏ အဓိက သော့ချက်မှာ အဘယ်နည်း။ အာဒံမှ အမွေခံရသော လူ့ဇာတိဟောင်းနှင့် ဇာတိ၏ သဘောသဘာဝ စရိုက်လက္ခဏာများကို လက်ဝါးကားတိုင်ပေါ်တင်၍ အသေခံရန် ဖြစ်သည်။ ရှင်ပေါလုက ဂလာတိ ၂း၂၀ ထဲတွင်ဖော်ပြထားသည့်အတိုင်း ယေရှုခရစ်နှင့်အတူ အသေခံခြင်းကို ကြုံတွေ့ရန် ဖြစ်သည်။

လူ့သဘောသဘာဝအရ ကျွန်ုပ်တို့သည် မိမိကိုယ်ကို အသေသတ်ခြင်း မပြုနိုင်ကြ ပေ။ မိမိခြေထောက်ပေါ်သို့ သံချောင်းကိုတင်၍ မိမိလက်ဖြင့် အဘယ်သို့ရိုက်ရက်ပါ မည်နည်း။ ဘုရားသခင်၏အမြော်အမြင်၌ လက်ဝါးကားတိုင်ပေါ် အသေခံခြင်းဖြင့် သေခြင်းကို ရွေးချယ်ခဲ့သည်မှာ ကျွန်ုပ်တို့သည် မိမိကိုယ်ကို အသေသတ်ခြင်းမပြု နိုင်ကြောင်းကို သက်သေထူခဲ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် အာဒံမှ အမွေခံရသော လူ့ဇာတိ၏သဘောသဘာဝစရိုက်လက္ခဏာများကို မိမိ၏အစွမ်းအစကြိုးစားအားထုတ်မှု ဖြင့် အနိုင်ယူဖယ်ရှားခြင်းမပြုနိုင်ပါ။ လောက၏ အတွေးအခေါ်ပညာရှင်အများအပြားက လူ့ဇာတိ၌ ရှိနေသော စရိုက်ဆိုးများကို လူ့ဇာတိ၏အမြော်အမြင် အတတ်ပညာအားဖြင့် အနိုင်ယူဖယ်ရှားရန် ကြိုးစားခဲ့ကြသည်။ သို့သော် စစ်မှန်သောအသက်တာပြောင်းလဲ ခြင်းဆိုသည်မှာ ဘုရားသခင်ထံတော်ပါးမှသာလာခြင်းဖြစ်သည်။ အတွေးအခေါ်ပညာ သို့မဟုတ် လောက၏ဒဿနအမြင်သည် မကောင်းဆိုးဝါး၊ နတ်ဆိုးဝိညာဉ်ဆိုးများ၏

**မောရှေ၏ တဲတော်မှ လုပ်ငန်းတာဝန်**

by BRIAN BAILEY....................... စာမျက်နှာ ၂

**ကောင်းကင်နိုင်ငံနှင့် ငရဲကို ရူမြင်ခြင်း**

by John Bunyan............................... စာမျက်နှာ ၁၀

**ချစ်ခြင်းနှင့်ပြည့်ဝသော တမန်တော်**

by NORMAN HOLMES................ စာမျက်နှာ ၁၆

အမှတ် (၄)၊ ၂၀၀၇ ခုနှစ်၊ဖေဖော်ဝါရီလ

ZION

ISSUE # 10

NORMAN HOLMES
EDITOR

JOE CILLUFFO
ARTWORK

*ဤစာစောင်ကို အချိန်ပြည့် ဓမ္မအမှုတော်ဆောင်သူများနှင့် သင်းအုပ်ဆရာများအား အခမဲ့ ဖြန့်ဝေပေးပါသည်။ အချိန်ပြည့်အမှုတော်မထမ်းဆောင်နိုင်သူများလည်း ဖတ်ရှုခွန်အားယူနိုင်သည့်အပြင်၊ အထူးသဖြင့် သင်းအုပ်ဆရာများအနေဖြင့် ဤစာစောင်ဖတ်ရှုခြင်းအားဖြင့် ခွန်အားယူပြီး အမှုတော်ဆောင်ရာတွင် အထောက်အကူပြုမည် ဟု မျှော်လင့်ပါသည်။*


အယူဝါဒများနှင့်သာ ပြည့်နေသည်။ ယနေ့ကမ္ဘာက အလွန်အထင်ကြီးလေးစားသော ဂရိတွေးခေါ်ပညာရှင်များသည် များသောအားဖြင့် လိင်တူဆက်ဆံခြင်းကိုပြုကျင့်သော သူများဖြစ်ကြသည်။ သူတို့သည် ဇာတိ၏အလိုဆန္ဒကို မထိန်းချုပ်နိုင်ကြပေ။ သို့သော် သူတို့သည် အများအပြားတွေးခေါ်မှုကို ပြုကြသည်။ သူတို့၏သွန်သင်မှုအောက်၌ တပည့်ခံကြသူအမြောက်အများသည်လည်း လူ့ဇာတိသဘောကို ထိန်းချုပ်အနိုင်ယူခြင်း မပြုနိုင်ကြပေ။

ဂရိအင်ပါယာကြီးသည် Homer ၏ သွန်သင်မှုနည်းလမ်းများကို အမှီပြု၍ တည်ထောင်ထားခြင်းဖြစ်သည်။ Alexander the Great သည် Homer ၏ သွန်သင်မှုများကို အလွတ်အာရုံဆောင်ထားနိုင်သူဖြစ်သည်။ သို့သော် Alexander the Great သည် သူ၏ဆရာကဲ့သို့ လိင်တူဆက်ဆံမှုကိုပြုသောသူ လောဘကြီးသော သူဖြစ်လာပြီး ကာမရာဂအပျော်အပါးကြူးမှုဖြင့် သေဆုံးခဲ့သည်။ အတွေးအခေါ် ဒဿနပညာ၊ လူမှုဗေဒပညာ၊ စိတ်ပညာနှင့် အခြားသောဇာတိလူ၏ သွန်သင်မှု အားလုံးသည် လူသားပြဿနာများကို ဖြေရှင်းခြင်း၊ ဖယ်ရှားခြင်းမပြုနိုင်ပေ။ ဘုရားသခင် တပါးတည်းသာလျှင် အကျွန်ုပ်တို့အား မကောင်းမှုဒုစရိုက်နှင့် စုံစမ်းနှောက်ယှက်မှု အသီးသီးမှ ယေရှုခရစ်၏ ကားတိုင်တော်အားဖြင့် ကယ်နှုတ်နိုင်သည်။

ယေရှုခရစ်နှင့်အတူ အသေခံခြင်းဟူသော အသက်တာ၏ အတွေ့အကြုံ ထူးကိုလည်း ဘုရားသခင်တပါးတည်းသာလျှင် အကျွန်ုပ်တို့၏ အသက်တာ၌ ဖြစ်ပေါ်စေနိုင်သည်။ သို့သော် ယေရှုခရစ်သည် လက်ဝါးကားတိုင်သို့သွားရန် အလို ရှိသကဲ့သို့ အကျွန်ုပ်တို့သည်လည်း နာခံလိုစိတ်ရှိရမည်။ မိမိကိုယ်ကို (သို့မဟုတ်) မိမိ၏ အသက်ရှင်ခြင်းအားလုံးကို ဘုရားသခင်အတွက် စိတ်နှလုံး အကြွင်းမဲ့ ဆက်ကပ် ပူဇော်လှူဒါန်းထားရန် လိုအပ်သည်။ ထို့နောက် ဘုရားသခင်သည် ကျွန်ုပ်အသက်တာ၌ ရှိသော ဇာတိဟောင်း၏ စရိုက်ဆိုးများကို ဖယ်ရှား၍ ကန့်လန့်ကာ အတွင်းသို့ ခေါ်ဆောင် သွားမည်ဖြစ်သည်။

လွန်ခဲ့သောနှစ်ပေါင်းများစွာက ဘုရားသခင်သည် အကျွန်ုပ်အား ဤကဲ့သို့သော အတွေ့အကြုံရရှိရေးအတွက် ပြင်ဆင်ပေးခဲ့သည်။ သခင်ဘုရားသည် အကျွန်ုပ်အား ''ဤအရာကို စွန့်လွှတ်လိုပါသလား ထိုအရာကို စွန့်လွှတ်ရန် ဆန္ဒရှိပါသလား'' စသဖြင့် တခုပြီးတခု လက်ညှိုးထိုး၍ မေးမြန်းခဲ့သည်။ သခင်ဘုရားမေးမြန်းသော အချို့အရာများ သည် စွန့်လွှတ်ရန်လွယ်ကူသောအရာများ အရေးမပါသောအရာများ ဖြစ်သည်။ သို့သော် ''သင်၏ဇနီးကို စွန့်လွှတ်နိုင်မလား'' ဟု မေးမြန်းလာသောအခါ အကျွန်ုပ်ချက်ချင်း ပြန်ပြောသည်မှာ ''သခင်ဘုရား၊ ဇနီးကို စွန့်လွှတ်ရန် လုံးဝမဖြစ်နိုင်ပါ'' ဟု ချက်ချင်းပင် ပြန်လည်ဖြေကြားခဲ့သည်။ သူမအား စွန့်လွှတ်အရှုံးခံခြင်းသည် အလွန်တန်ဖိုးကြီးသော စွန့်လွှတ်မှုဟူ၍ ကျွန်ုပ်သဘောပေါက်ခဲ့သည်။ ''သင့်ဇနီးကို ဘယ်သူက ပိုချစ်လဲ၊ သင်လား၊ ငါလား ''အကျွန်ုပ်က'' အို့အဘဘုရား၊ ကျွန်ုပ်ဇနီးအားပို၍ချစ်သောသူမှာ ကျွန်ုပ် မဟုတ်၊ ဘုရားသခင်သာဖြစ်ကြောင်း ဝန်ခံပါသည်'' ဟု ပြန်လည်ဖြေကြားခဲ့သည်။ ''သင့်ဇနီးကို ကြည့်ရှုစောင့်ရှောက်ရန် တန်ခိုးရှိသောသူရော ဘယ်သူလဲ သင်လား၊ ငါလား'' ဟု မေးပြန်သည်။ ''ဘုရားသခင်၌သာလျှင် ထိုကဲ့သို့သော ဘုန်းတန်ခိုးရှိပါ၏'' ဟူ၍ ပြန်ဖြေခဲ့သည်။ ထိုအချိန်အတောအတွင်းမှာပင် ကျွန်ုပ်၏ စိတ်နှလုံးထဲ၌ ဘုရားသခင် အလုပ်လုပ်ခဲ့ပြီး (သို့မဟုတ်) ကျေးဇူးတော် အားဖြင့် ကျွန်ုပ်စိတ်နှလုံးကို အသစ်ပြင်ဆင် ပေးခဲ့ပြီး၊ မေးပြန်သည်။ ''ယခု သင့်ဇနီးကို ငါ့အား ပေးလော့'' ထိုအခါ ကျွန်ုပ်သည် ဇနီးသည်အား သခင်ဘုရားအတွက် စွန့်လွှတ်၍ ပေးနိုင်ခဲ့သည်။ အာဗြဟံ သည်လည်း သူချစ်သောသား ဣဇာက်ကို ဘုရားသခင်က ပူဇော်ရန် အလိုဆန္ဒရှိခဲ့၏။ ဘုရားသခင်သည် အကျွန်ုပ်အား ဇနီးသည်ကို စွန့်လွှတ်၍ သူထံပေးလှူလိုစိတ်ရှိ စေလို၏။ ထိုအချိန်က အကျွန်ုပ်သည် ''ဟုတ်ကဲ့ ပေးလှူပါမည် ဟူသော အလိုဆန္ဒ'' က အကျွန်ုပ်အား ကန့်လန့်ကာ အတွင်းသို့ ဝင်နိုင်ရန် ပြင်ဆင် ပေးမည်ကို သဘောမပေါက်ခဲ့ပေ။ ဘုရားသခင် သည် ကျွန်ုပ်တို့အား စမ်းသပ်စစ်ဆေးမှုပြုပြီး ကျေနပ်မှုမရှိမချင်း ကန့်လန့်ကာအတွင်းပိုင်းသို့ ခေါ်ဆောင်သွားမည်မဟုတ်ပေ။

တမနက် ရုံးခန်းထဲတွင် ထိုင်နေစဉ်



သန့်ရှင်းသောဝိညာဉ်တော်သည် အခန်းတွင်းသို့ ဝင်လာကြောင်း ကျွန်ုပ်ခံစားမိသည်။ ထို့နောက် လက်ဝါးကားတိုင်ပေါ်ရှိ ခရစ်တော်အား ရူပါရုံအားဖြင့် မြင်ခဲ့သည်။ သို့သော် နောက်ကျောဘက်မှသာ ကျွန်ုပ်ကြည့်နေခဲ့သည်။ ထို့နောက်သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်အားမတင်ပြီး၊ လက်ဝါးကားတိုင်ပေါ်ရှိ ခရစ်တော်နှင့်အတူ ချိတ်ဆွဲထားခဲ့သည်။ ကျွန်ုပ်သည် ခရစ်တော်အထဲ၌ အမှန်ပင်ရှိနေပြီး ထိုအချိန်၌ပင် ကျွန်ုပ်သည် ခရစ်တော်နှင့်အတူ လက်ဝါးကားတိုင်၌ အသေသတ်ခြင်းခံပြီ ဖြစ်ကြောင်း သဘောပေါက်ခဲ့သည်။

ကျွန်ုပ်၏ရူပါရုံ အမြင်ထဲတွင် လက်ဝါးကားတိုင်အောက်၌ရှိသော လူများအား ငုံ့ကြည့်၍မြင်နေရ၏။ သူတို့သည် ခရစ်တော်အားပုတ်ခတ်ဝေဖန်၍ သရော်လှောင်ပြောင် နေကြ၏။ အချိန်အနည်းငယ်ကြာသောအခါ ကျွန်ုပ်၏ရူပါရုံအမြင်ပြီးဆုံးပြီး မိမိနေရာ ရုံးခန်းသို့ပြန်လည်ရောက်ရှိခဲ့သည်။ ထိုအချိန်မှစ၍ ကျွန်ုပ်၏အတွင်းပိုင်း၌ သန့်ရှင်းသော ဝိညာဉ်တော်၏ကြီးမားသော လွတ်ခြင်းကို ခံစားခဲ့ရသည်။ သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်၏ နှုတ်မှ မြွက်ဆိုသောစကားမှာ ဂလာတိ ၂း၂၀ ရှိ ''ကျွန်ုပ်သည် ခရစ်တော်နှင့် အတူ လက်ဝါးကားတိုင်မှာ အသေခံ၏ . . .'' ဟူသော ကျမ်းပိုဒ်ကို တတွတ်တွတ် ရွတ်ဆိုနေမိသည်။

ဂလာတိ ၂း၂၀ ထဲက နှုတ်ကပတ်တော် သမ္မာတရားနှင့်အတူ သန့်ရှင်းသော ဝိညာဉ်တော်၏ ဆီလူးဘိသိက်ပေးခြင်းသည် ကျွန်ုပ်၏ အသက်တာထဲ၌ မြစ်ရေကဲ့သို့ စီးဆင်းလျက်ရှိ၏။ ကျွန်ုပ်သည် ခရစ်တော်နှင့်အတူ လက်ဝါးကားတိုင်ပေါ်မှာ အသေခံပြီ ဖြစ်ကြောင်း သိရှိခဲ့ပြီးဖြစ်၍ အပြစ်တရား၏မှောင်မိုက်တန်ခိုးကို အနိုင်ယူသည့် ကြီးမားသော အောင်မြင်ခြင်းသည် ကျွန်ုပ်အသက်တာ၌ သက်ရောက်လာခဲ့ပြီးဖြစ်သည်။ ၎င်းသည် ဇာတိဟောင်း၏ သွေးဆောင်ဆွဲခေါ်ခြင်းမှ လွတ်မြောက်ခြင်းဖြစ်သည်။ ထိုအချိန်၌ ဗိမာန်တော်ထဲရှိ ကန့်လန့်ကာသည် ထိပ်မှအောက်ခြေအထိ စုတ်ကွဲ လျက်ရှိကြောင်း မြင်ရ၏။ အံ့သြစရာဘုန်းတန်ခိုး နှင့် ပြည့်စုံသောအတွေ့အကြုံ တခုပင်ဖြစ်၏။

ကန့်လန့်ကာကိုဖြတ်ကျော်ခြင်း၏အတွေ့အကြုံသည် ကျွန်ုပ်တို့အား ခရစ်တော်နှင့် အတူ အသေခံပြီးဖြစ်ကြောင်းကို နက်နဲစွာသိရှိ နားလည်စေ၏။ ယခု သင်သည် ခရစ်တော်နှင့်အတူ လက်ဝါးကားတိုင်ပေါ်မှာ အသေခံ၍ ကန့်လန့်ကာ၏ အတွင်းပိုင်းသို့ ဝင်ရောက်ပြီးဖြစ်ကြောင်း သက်သေထူသည့် ကျွန်ုပ်ကဲ့သို့သောအတွေ့အကြုံမျိုးကို ကြုံတွေ့ရန်လိုတော့မည်မထင်ပါ။ အကြောင်းမှာ သင်သည် အပြစ်၌ သေပြီဖြစ်ကြောင်း ဘုရားသခင်က အခြားသောကျမ်းပိုဒ် (သို့မဟုတ်) ဗျာဒိတ်ဖွင့်ဆိုချက် (သို့မဟုတ်) အခြားသော အသက်တာ၏ သက်သေခံစရာများအားဖြင့် သင့်အားပေးပြီးဖြစ်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။ သို့သော် သင်သည် နာခံလိုစိတ်ရှိသောသူဖြစ်သည့်အတိုင်း ဘုရားသခင်က သင့်အား ကန့်လန့်ကာ၏အတွင်းပိုင်းသို့ခေါ်ဆောင်သွားရန် အဆာငတ် တောင့်တ နေပါက ဘုရားသခင်သည် သင့်အား အသစ်သောအတွေ့အကြုံကို ပေးလျက် အသန့်ရှင်းဆုံး ဌာနသို့ခေါ်ဆောင်သွားမည်ဖြစ်သည်။

## ပဋိညာဉ်သေတ္တာ

အသန့်ရှင်းဆုံးဌာနတွင် ပဋိညာဉ်သေတ္တာရှိ၏ (ထွက် ၂၅း၁၀–၂၂)။ ဤပဋိညာဉ် သေတ္တာ အကြောင်းကို ဓမ္မဟောင်းကျမ်းထဲတွင် အကြိမ် ပေါင်း ၁၀၀ ထက်မနည်းဖော်ပြထားကြောင်း တွေ့ရသည်။ ထိုသေတ္တာထဲ၌ ပစ္စည်း သုံးခု ရှိ၏ ၎င်းတို့မှာ ပညတ်တော် ၁၀ ပါး ရေးထားသော ကျောက်ပြား ၂ ချပ်၊ အပွင့်ပွင့်သော အာရုန်၏ လှံတံ၊ မန္နကိုထားသော ရွှေအိုး တို့ရှိသည် (ဟေဗြဲ ၉း၄)။ ထိုသေတ္တာသည် အကာရှသားနှင့် လုပ်၍ အတွင်းအပြင် ရွှေစင်ဖြင့် ဖုံးအုပ်မွမ်းမံထားသည်။ အလျားနှစ်တောင်ထွာ၊ အနံ တစ်တောင်ထွာ၊ အမြင့်တတောင်ထွာ ရှိသည်။

သေတ္တာ၏ပတ်လည်အားလုံးကို သရဖူဖြင့် ဖေါင်းကြွမွမ်းမံထားသည်။ သရဖူသည် ဘုရင် အရိုက်အရာနှင့် အခွင့်အာဏာကို ညွှန်းဆိုသည်။ ဘုရင်တကာတို့၏ဘုရင်၊ ထီးနန်း ပလ္လင်ရှိရာ

အသန့်ရှင်းဆုံးဌာနအတွင်း၌ အခွင့်တန်ခိုးအာဏာရှိကြောင်းကို ဖော်ပြသည်။ ပဋိညာဉ်သေတ္တာအပေါ် ခေရုဗိမ် ၂ပါးကြား၌ သခင်ဘုရားရှိတော်မူ၏။ ထိုပလ္လင်ရှိရာ အခန်းထဲသို့ ကျွန်ုပ်တို့ဝင်သောအခါ တန်ခိုးနှင့် အခွင့်အာဏာကို ခံရ၏။ သေတာသည် ရှင်ဘုရင်အာရွှေရု၏ ရာဇပလ္လင် တည်ရာနန်းတော်အတွင်းပိုင်းသို့ ဝင်ရောက်ခွင့် ရသောအခါ ယုဒလူမျိုးများအား ကယ်တင် ရသော အခွင့်အာဏာကို ရရှိခဲ့၏။ ကျွန်ုပ်တို့ သည်လည်း သခင်ဘုရားနှင့် ရင်းနှီးသိကျွမ်း၍ သူ၏ အသန့်ရှင်းဆုံးသောနေရာ ဌာန၌ ရှိနေလျှင် ဤကဲ့သို့သောအခွင့်တန်ခိုးအာဏာကို ရရှိကြမည်ဖြစ်သည်။

သေတ္တာသည် သစ်သားသေတ္တာဖြစ်၍ ရွှေစင်ဖြင့် ဖုံးအုပ်မွမ်းမံထားသည်။ သမ္မာကျမ်းထဲ၌ ရွှေသည် ဘုရားသခင်၏သဘောသဘာဝကို ပုံဆောင်ပြသည်။ သစ်သားသေတ္တာသည် လူ၏ စိတ်နှလုံးကို ပုံဆောင်ပြသည်။ သေတ္တာထဲ၌ရှိသော ဝတ္ထုပစ္စည်း ၃-ခုသည် ခရစ်တော်နှင့်အတူလက်ဝါးကားတိုင်၌ အသေခံ၍ အသန့်ရှင်းဆုံးဌာနသို့ရောက်ရှိသော ကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌ ဘုရားသခင်ထည့်ထားပေးလိုသောအရာသုံးခုကို ပုံဆောင်သည်။

## ကျောက်ပြား ၂ချပ်

ပညတ်တော် ၁၀ ပါး ရေးထားသော ကျောက်ပြား ၂ ချပ်သည် ကျွန်ုပ်တို့၏ နှလုံးသားထဲ၌ ဘုရားသခင်က သူ၏ ပညတ်တော်များကို ထည့်ထားပေးလိုကြောင်း ဖော်ညွှန်းသည်။ သခင်ဘုရားသည် ကျွန်ုပ်တို့၏ ဇာတိနှလုံးသားပေါ်၌ သူ၏ပညတ်တော်များကို ရေးသားလိုသည်။ ဟေဗြဲ ၈း၁၀ ထဲတွင် ရှင်ပေါလုက ယေရမိ ၃၁-၃၃ ကို ကိုးကား၍ ဖော်ပြခဲ့သည်။

''နောင်ကာလအခါ ဣသရေလအမျိုးသားတို့၌ ငါပေးအံ့သော ပဋိညာဉ်တရားဟူမူကား၊ ငါထာဝရဘုရားသည် ငါ့ပညတ်တို့ကို သူတို့စိတ်ဝိညာဉ်ထဲသို့ သွင်းမည်။ သူတို့နှလုံးပေါ်မှာ ရေးထားမည်။ ငါသည်သူတို့၏ဘုရား ဖြစ်ကြလိမ့်မည်။ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည်။

ကျောက်ပြားပေါ်တွင် ရေးထားသော ပဋိညာဉ်တရား အဟောင်းသည် ပဋိညာဉ်တရားအသစ်မပါဘဲ ပြည့်စုံခြင်းမရှိပေ။ ၄င်းသည် ပဋိညာဉ်သေတ္တာ၏ အတိုင်းအတာထက်ဝက်မျှသာဖြစ်၍ ဘုရားသခင်က ပဋိညာဉ်တရားအဟောင်းသည် ပြည့်စုံခြင်းမရှိဟု ဖော်ပြခြင်းဖြစ်၏။ ပဋိညာဉ်တရားအဟောင်းသည် လူတို့အားပြောင်းလဲစေနိုင်သော ဘုန်းတန်ခိုးမရှိပေ။ (သို့မဟုတ်) လူတို့အား ပညတ်တော် ၁၀ ပါးကို စောင့်ထိန်းစေနိုင်စွမ်းလည်းမရှိပေ။ သို့သော်လည်း ပဋိညာဉ်တရားအသစ်ကိုမူ ဘုရားသခင်ကိုယ်တိုင်က ကျွန်ုပ်တို့၏ နှလုံးသားပေါ်၌ ရေးထားမည်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ပညတ်တရားကိုလိုက်နာစောင့်ထိန်းကြမည်ဖြစ်သည်။ ပဋိညာဉ်တရားသစ်ကို ဒါဝိဒ်မင်းကြီး၏ ဆာလံ ၄၀း၈ ဖော်ပြပါကျမ်းချက်အားဖြင့် အကောင်းဆုံးဖွင့်ဆိုနိုင်သည်။

''အကျွန်ုပ်၏ ဘုရားသခင်၊ ကိုယ်တော်၏ အလိုကို ဆောင်ရာ၌ အကျွန်ုပ်သည် အားရဝမ်းမြောက်ပါ၏။ ကိုယ်တော်၏ တရားသည်လည်း အကျွန်ုပ်နှလုံးထဲမှာ ရှိပါ၏။ (ဆာလံ ၄၀း၈)။

တစ်ချိန်က သခင်ဘုရားသည် ကျွန်ုပ်၏ဇနီးသည်အား စကားပြောခဲ့သည်မှာ ''သင့်အသက်တာ၌ ငါ့အလိုတော်ကို လိုက်နာလုပ်ဆောင်ခြင်းထက် ပို၍ကြီးမားသော အလိုဆန္ဒတစ်ခုရှိသည်'' ဟု ပြောခဲ့သည်။ ဇနီးသည်မှာ အလွန်အံ့သြသွားသည်။ အကြောင်းမှာ ဘုရားသခင်၏အလိုတော်ကို လိုက်နာခြင်းထက် သူ့အသက်တာ၌ ပို၍ ကြီးမားသောအရာမှာ အဘယ်အရာဖြစ်ကြောင်းကို စဉ်းစား၍ မရသောကြောင့်ဖြစ်သည်။ မိမိအသက်တာ၌ ဘုရားသခင်၏အလိုတော်ကို လိုက်နာခြင်းထက်ပို၍ ကြီးမားသော အရာမှာ အဘယ်အရာဖြစ်ကြောင်းကို ဘုရားသခင်အားမေးမြန်းသောအခါ ဘုရားသခင်က ဤကဲ့သို့ပြော၏။ ''ငါ၏အလိုတော်ကို လုပ်ဆောင်ခြင်း၌ ဝမ်းမြောက်နေခြင်းက ငါ၏ အလိုတော်ကို ရိုးရိုးစင်းစင်းလုပ်ဆောင်နေခြင်းထက်ပို၍ ကြီးမားနေသည်။'' ပဋိညာဉ်တရားအသစ်ထဲတွင် ဘုရားသခင်က သူ၏ပညတ်တရားကို ကျွန်ုပ်တို့၏ နှလုံးသားထဲတွင် ထည့်ထားသဖြင့် ကျွန်ုပ်တို့သည် သူ၏ အလိုတော်ကို လုပ်ဆောင်ခြင်း၌ ဝမ်းမြောက်နေသည်။ ၄င်းသည် ပဋိညာဉ်သေတ္တာထဲရှိ ကျောက်ပြား ၂ ချပ်ပေါ် ရေးထားသော စာများကို ပြည့်စုံစေဘို့ရန်အတွက် ဘုရားသခင်က ကျွန်ုပ်တို့အား ကန့်လန့်ကာ၏ အတွင်းပိုင်းသို့ ခေါ်ဆောင်သွားခြင်းဖြစ်သည်။

## မန္နကိုထားသောရွှေအိုး

ဟေဗြဲ ၉း၄ ထဲတွင် ရှင်ပေါလုက ပဋိညာဉ်တရားသေတ္တာထဲတွင် မန္နကို ထားသော ရွှေအိုးရှိကြောင်း ဖော်ပြထားသည်။ မောရှေက အာရုန်အား ထွက် ၁၆း၃၃ ထဲတွင် . . . ''တဖန်အာရုန်ကိုလည်း အိုးတစ်လုံးကိုယူ၍ မန္နတသြမဲကို အပြည့်ထည့်ပြီးလျှင် သင်တို့လူမျိုးအစဉ်အဆက်ကို စောင့်စေခြင်းငှါ၊ ထာဝရဘုရားရှေ့တော်၌ သိုထားလော့ဟု ဆို၍ . . .'' ဟု ပြောဆိုခဲ့သည်။ ဦးစွာပထမ မန္နဟူသောအရာသည် အဘယ်အရာဖြစ်ကြောင်း ဆင်ခြင်စဉ်းစားကြပါစို့။

မန္နသည် ကန္တာရတောထဲ၌ ဣသရေလများအတွက် ဘုရားသခင်ပေးသော အစာဖြစ်၏။ ဘုရားသခင်က မောရှေအား ကောင်းကင်မှ မုန့်ချပေးမည်ဟုပြောခဲ့၏။ နံနက်တိုင်းတွင် ဘုရားသခင်သည် ကောင်းကင်မှ မန္နကို ချပေးသဖြင့် ဣသရေလ လူမျိုးများကောက်ကြရ၏။ စခန်းချသောနေရာပတ်လည်၌ နှင်းခဲများနှင့်အတူ ကျလာ၏။ (ထွက် ၁၆း၁၄၊ တောလည် ၁၁း၉၊ ဆာလံ ၇၈း၂၄-၂၅) တောလည် ၁၁း၈ ထဲတွင် ၄င်းသည် မုန့်ဆီကြော်အရသာနှင့်တူကြောင်း ဖော်ပြထားသည်။ (KJV) မုန့်ဆီကြော်နှင့် တူသည်ဟု ဖော်ပြခြင်းမှာ သန့်ရှင်းသောဝိညာဉ်တော်၏ ဘိသိက် ပေးခြင်းကို ဖော်ညွှန်းသည်။

ကောင်းကင်မှလာသော မန္နက ဝိညာဉ်ရေးရာအရ ကောင်းကင်မှလာသော သမ္မာတရားကိုပြောပြသည်။ ဗျာ ၂း၁၇ ထဲတွင် အောင်မြင်သောသူအတွက် ပေးထားသော ကတိတော်ကို တွေ့ရ၏။ ''အကြင်သူသည် အောင်မြင်၏။ ဝှက်ထားသော မန္နကို၄င်း၊ ကျောက်ဖြူလက်ဖွဲ့ကို၄င်း၊ ထိုကျောက်ပေါ်၌ အက္ခရာတင်သော နာမသစ်ကို၄င်း၊ ထိုသူအား ငါပေးမည်။'' သို့ဖြစ်၍ အသန့်ရှင်းဆုံးဌာန၌ရှိသော မန္နထည့်ထားသည့် ရွှေအိုးသည် ကန့်လန့်ကာအတွင်းပိုင်းသို့ ဝင်ရောက်သွားသော သူများကိုသာ ဖွင့်ပြမည့်ဝှက်ထားသော ဘုရားသခင်၏ နှုတ်ကပတ်တော် သမ္မာတရားကို ပုံဆောင်သည်။ လူအားလုံးအတွက် ဖွင့်ပြထားသော အခြေခံကျသည့် ဘုရားသခင်၏ နှုတ်ကပတ်တော် သမ္မာတရားအများအပြားရှိသည်။ သို့သော် ဘုရားသခင်က သူ၏ နှုတ်ကပတ်တော်ထဲတွင် ဝှက်ထားသောအထူးတန်ဘိုးကြီးသည့် သမ္မာတရားလည်း ရှိသေး၏။ သုတ္တံ ၂၅း၂ ထဲတွင် . . . ''အမှုအရေးကို ဝှက်ထားခြင်းသည် ဘုရားသခင်၏ ဘုန်းတော်နှင့် သင့်၏ ရှင်ဘုရင်မူကား အမှုအရေးကို စစ်ကြောခြင်းအားဖြင့် ဂုဏ်အသရေတည်၏'' ဟူ၍ ဖော်ပြထားသည်။

ယဇ်ပုရောဟိတ်များ၏ တာဝန်မှာ သာမန်ကာလျှံကာ ကျမ်းစာဖတ်သောသူများ မသိမမြင် နားမလည်နိုင်သည့် ခက်ခဲနက်နဲသော ဝှက်ထားသည့် နှုတ်ကပတ်တော် သမ္မာတရားကို ကြိုးစားပမ်းစား လုံးလဝိရိယစိုက်ထုတ်၍ ရှာဖွေ လေ့လာရန်ဖြစ်သည်။ ဘုရားသခင်သည် တန်ဖိုးကြီးမားသောအရာနှင့် သန့်ရှင်းမြင့်မြတ်သောအရာများစွာကို နှုတ်ကပတ်တော်ထဲ၌ တမင်တကာ ဝှက်ထားသည်။ နှုတ်ကပတ်တော် သမ္မာတရားကို အမှန်တကယ်ချစ်၍ လေးလေးနက်နက်လေ့လာသောသူသည် ထိုဖုံးကွယ်ထားသော အရာကို တွေ့လိမ့်မည်။ ဘုရားသခင်သည် သူ၏ ပုလဲရတနာများကို ဝက်တို့ရှေ့မှာ မချမထားပေ။ (မ ၇း၆)။ ဝက်တို့သည် ပုလဲရတနာများကို တန်ဖိုးမထား၊ မခံစားတတ်သကဲ့သို့ လူအများအပြားသည်လည်း ဝိညာဉ်ရေးနှင့်ဆိုင်သော အရာများကို ခံမင်ခြင်းမရှိ၊ တန်ဘိုးမထားတတ်ကြပေ။ ထိုသူတို့အတွက်မူကား ဖုံးကွယ်ထား၏။ ဝှက်ထားလျက်ရှိ၏။

ယေရှုခရစ်က ရှင်မဿဲ ၁၃း၄၄ ထဲတွင် . . . ''ကောင်းကင်နိုင်ငံတော်သည် လယ်၌ ဝှက်ထားသော ဘဏ္ဍာနှင့်တူ၏။ ထိုဘဏ္ဍာကို တွေ့သောသူသည် တစ်ဖန်ဖုံးအုပ်၍ ဝမ်းမြောက်သောစိတ်နှင့် သွားပြီးလျှင် ရတတ်သမျှကို ရောင်း၍ ထိုလယ်ကို ဝယ်တတ်၏'' ဟု မိန့်ဆိုထားသည်။ နှုတ်ကပတ်တော် သမ္မာတရားထဲတွင် ဝှက်ထားသော ဘဏ္ဍာအများအပြားရှိ၏။ ထိုကွယ်ဝှက်ထားသောအရာကို ရှာဖွေရယူခြင်းသည် အကျွန်ုပ်တို့အတွက် ဂုဏ်ယူစရာမဟာတာဝန်ဖြစ်၏။

ဤစာစောင်၏ ပထမပိုင်းဆောင်းပါးထဲတွင် တဲတော်ဝင်းအပြင်ဌာန၌ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မည်သို့ဖွင့်ပြထားကြောင်း ဖော်ပြထားပြီးဖြစ်သည်။ ယဇ်ပုရောဟိတ်များ မိမိကိုမိမိ ဆေးကြောသန့်စင်ရန် အသုံးပြုသော ကြေးဝါးအင်ထုံထဲရှိ ရေသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ပုံဆောင်သည်။ ၄င်းသည် ကိုယ်ခန္ဓာကိုသာ ဆေးကြောသန့်စင်နိုင်သည်။ သန့်ရှင်းရာဌာနရှိ ရှေ့တော်မုန့်စားပွဲ၌ဘုရားသခင်၏ နှုတ်ကပတ်တော် သမ္မာတရားကို ပို၍ နက်ရှိုင်းစွာဖော်ပြထားကြောင်းကိုလည်း ပြောခဲ့ပြီး

ဖြစ်သည်။ ရှေ့တော်မုန့်သည် စားသုံးသူ၏ကိုယ်ခန္ဓာထဲ၌ နှုတ်ကပတ်တော် သမ္မာတရားအဖြစ်တည်ရှိကြောင်းကို ဖေါ်ပြသည်။ သို့သော် ယခုအသန့်ရှင်းဆုံးသော ဌာန၌ နှုတ်ကပတ်တော် သမ္မာတရားကို ပို၍ ကျယ်ကျယ်ပြန့်ပြန့် ဖွင့်ပြထားသည်ကို တွေ့ရမည်ဖြစ်သည်။ ၎င်းသည် ကန့်လန့်ကာအတွင်းသို့ဝင်ရောက်သူအားစောင့်မျှော်နေသော ကောင်းကင်မှလာသည့်လတ်ဆတ်သော မုန့်၊ ဝှက်ထားသော မန္နမုန့်ဖြစ်သည်။

အောင်ပွဲခံသော သူများနှင့် ကန့်လန့်ကာအတွင်းသို့ ဝင်ရောက်သောသူများအတွက် ဂတိတော်မှာ အခြားသောသူအများနားမလည်နိုင်သော ဘုရားသခင်၏ တန်ခိုးရှိသော နှုတ်ကပတ်တော်ကို ပါဝင်ဆက်ဆံကြရန်ဖြစ်သည်။ သို့ဖြစ်၍ သင်သည် လျှို့ဝှက်ထားသော ဘုရားသခင်၏ နှုတ်ကပတ်တော်နက်နဲမှုကို နားလည်သဘောပေါက်လိုစိတ် ပြင်းပြပါက သင်ကိုယ်တိုင်ပေးဆပ်ရန် လိုအပ်ပါသည်။ မိမိ၏ဇာတိ လိုအင်ဆန္ဒများကို ငြင်းပယ်လျက် အသန့်ရှင်းဆုံးဌာနရှိ ရွှေအိုးထဲမှ မန္နများကို ခံယူဘို့အတွက် ကန့်လန့်ကာအတွင်းသို့ ဝင်သွားရန် ဖြစ်သည်။ ထိုကန့်လန့်ကာ၏ အတွင်းပိုင်း၌ ဘိသိက်ပေးသော အဘိုးတန်နှုတ်ကပတ်တော် သမ္မာတရားသည် ကျွန်ုပ်တို့အားစောင့်မျှော်နေပါ၏။

## အပွင့်ပွင့်သောအာရုန်၏လှံတံ

ပဋိညာဉ်သေတ္တာထဲမှ တတိယအချက်မှာ အပွင့်ပွင့်သော အာရုန်၏ လှံတံဖြစ်သည်။ အာရုန်၏လှံတံအကြောင်းကို (တော ၁၇) ထဲတွင် မှတ်တမ်းတင်ထားသည်။ မောရှေနှင့် အာရုန်သည် ဣသရေလခေါင်းဆောင်များအပေါ်၌ အကြီးအကဲလုပ်ရန် မိမိကိုယ်မိမိ ဦးမြှောက်ကြသည်ဟု စွပ်စွဲခံရသည်။ ဤစိန်ခေါ်မှုကို ဘုရားသခင်က တုံ့ပြန် လိုက်သည်မှာ လူမျိုးအသီးသီးက သူတို့၏ အမည်နာမကိုလှံတံ ပေါ်၌ ရေးမှတ်၍ ဘုရားသခင် ရှေ့မှောက်သို့ထားရှိကြရန်နှင့် ဘုရားသခင် ရွေးချယ်ခန့်ထားသောသူ၏ လှံတံသည် အပွင့်ပွင့်ပါစေဟု မိန့်မှာထားသည်။

လှံတံ ၁၂ ချောင်းကို ဘုရားသခင်ရှေ့တော်မှောက်ထားပြီးနောက် တနေ့တွင် လေဝိအမျိုးနှင့်ဆိုင်သော အာရုန်၏လှံတံသည် အရွက်ထွက်လျက်၊ ငုံလျက်၊ ပွင့်လျက်၊ ဗာတသီးကိုသီးလျက် ရှိကြောင်းတွေ့ရ၏။ ၎င်းသည် ကြီးမားသောအံ့သြဘွယ် နိမိတ်လက္ခဏာတခု ဖြစ်သည်။ ဘုရားသခင်သည် သေသောလှံတံကို သီးပွင့်စေခြင်းဖြင့် အသက်သွင်းလိုက်ခြင်းဖြစ်သည်။ ထိုအချက်သည် အာရုန်အား ဘုရားသခင်က ယဇ်ပုရောဟိတ်မင်းကြီးအဖြစ် ရွေးချယ်ခန့်ထားခြင်းဖြစ် ကြောင်းပေါ်လွင်ထင်ရှားစေသော လက္ခဏာဖြစ်သည်။ အပွင့်ပွင့်သော အာရုန်၏လှံတံကို သက်သေခံအဖြစ် ပဋိညာဉ်သေတ္တာ၏ အတွင်း၌ ထားလေ၏။

ဤသေသောလှံတံက အသက်ရှင်နေခြင်းမှာ ယေရှုခရစ်၏ ရှင်ပြန်ထမြောက်ခြင်း တန်ခိုးကို ညွှန်းဆိုသည်။ သခင်ယေရှု၏သေခြင်းမှရှင်ပြန်ထမြောက်ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးအားဖြင့်ဖြစ်သည်။ ရှင်ပေါလုက ဖေက် အသင်းတော် ယုံကြည်သူများသိနိုင်ဘို့ရန် ဤသို့ဆုတောင်းခဲ့၏။ “ယုံကြည်သောငါတို့၌ပြတော်မူသော အလွန်ကြီးလှစွာသော တန်ခိုးတော်ကား အဘယ်မျှလောက်ကြီးသည်ကို၎င်း၊ သင်တို့သည် သိစေခြင်းငှါ၊ သင်တို့၏ ဉာဏ်မျက်စိကိုလင်းစေပါမည်အကြောင်း ဆုတောင်းပဌနာပြု၏။ ထိုတန်ခိုးတော်ကား၊ ခရစ်တော်ကို သေခြင်းမှထမြောက်စေတော်မူ၍ ခရစ်တော်ပြုပြင်သော မဟာတန်ခိုးအာနုဘော် အရှိန်ကဲ့သို့ဖြစ်၏။ (ဖေက် ၁း၁၉–၂၀)” ကျွန်ုပ်တို့သည် အသန့်ရှင်းဆုံး၌ါနသို့ဝင်ရောက်ပြီးဖြစ်လျှင် ထိုသို့ကြီးမားသော မဟာတန်ခိုးကို ခံယူကြရမည်ဖြစ်သည်။

ရှင်ပေါလုက သူ၏ လိုအင်ဆန္ဒနှင့်တောင့်တချက်ကို (ဖိ ၃း၁၁) ထဲတွင် ဤသို့ဖွင့်သဖေါ်ပြခဲ့သည်” . . . ထမြောက်တော်မူခြင်း၏ တန်ခိုးကို၎င်း၊ . . . သိကျွမ်းခြင်းငှါ၊ . . . ခရစ်တော်ကို အမြတ်ရ၍၊ ထိုသခင်၌တည်ပါမည်အကြောင်း၊ ခပ်သိမ်းသောအရာတို့ကို မစင်ကဲ့သို့ငါထင်မှတ်၏။” ရှင်ပေါလုသည် ထိုတန်ခိုးကို ကိုယ်တိုင် တွေ့ကြုံခံယူလိုသောကြောင့် သူ၏ သာသနာ့လုပ်ငန်းအတွင်း အတိုင်းအတာ ပမာဏတခုအနေဖြင့် တွေ့ကြုံခဲ့ရသည် (တမန်တော် ၁၉း၁၁–၁၂) ထဲတွင် “ဘုရားသခင်သည် ပေါလုလက်ဖြင့် အလွန်တရာထူးဆန်းသောတန်ခိုးများကိုပြတော် မူသည်ဖြစ်၍၊ ပေါလုသုံးသောပဝါ၊ ခါးပန်းတခုခုကို အနာရောဂါရှိသော သူတို့ဆီသို့၊ ပေးလိုက်၍၊ သူတို့သည် အနာရောဂါနှင့် ကင်းလွတ်ကြ၏။ နတ်ဆိုးတို့လည်း ထွက်သွားကြ၏။

ပေတရုသည်လည်း အဆိုပါထမြောက်ခြင်းတန်ခိုးကိုခံယူရရှိခဲ့ကြောင်း သူ၏ အရိပ်က လူနာကို ကျန်းမာစေခြင်းဖြင့် သိရသည်။ (တမန် ၅း၁၅–၁၆)

ကနဦးအသင်းတော် ယုံကြည်သူသည် ယေရှုခရစ်၏ ထမြောက်ခြင်းတန်ခိုးကို အတိုင်းအတာပမာဏတခုအထိရယူခံစားနိုင်ခဲ့သည်။ သို့သော် ယနေ့နောက်ဆုံးကာလ၌ ဘုရားသခင်၏ ထမြောက်ခြင်းတန်ခိုးသည် လူအုပ်စုနှင့် လူမျိုးများအားလုံးကို လွှမ်းခြုံလျက်ရှိ၏။ ဘုရားသခင်သည် ထူးဆန်းသော အံ့သြစရာ နိမိတ်လက္ခဏာများကို ပေးနေဦးမည်။ ကျွန်ုပ်တို့သည်လည်း အသင်းတော်၌ သူ၏ ထမြောက်ခြင်းတန်ခိုးကို တွေ့မြင်နေရဦးမည်ဖြစ်သည်။ ယေရှုခရစ်သည် အသက်ရှင်တော်မူကြောင်းကို သံသယဝင်စရာမရှိပါ။

မကြာသေးမီက အာဖရိက၌ အသင်းတော် တစ်ခုတွင် အသင်းလူကြီးတဦး၏ ဇနီးဖျား၍ သေဆုံးခဲ့သည်။ သင်းအုပ် ဆရာကြီးရောက်လာပြီး အလောင်းခန္ဓာကို ဆီနှင့်လူး၍ ဆုတောင်းခဲ့ကြသည်။ နောက်ပိုင်း၌ ထိုဇနီးက သူတို့အား သူမ၏ ဝိညာဉ်သည် သူမ၏ ကိုယ်ခန္ဓာကို ခွါ၍ထားခဲ့ပြီး ယေရှုခရစ် ကြွလာသည်ကိုမြင် ရ၏။ ယေရှုက “ငါသည် သေခြင်းမှ ရှင်ပြန်ထမြောက်သောသူ ဖြစ်ကြောင်း ငါ၏ လူတို့အား သိစေလိုသောကြောင့် သင့်အား သက်သေထူစရာဖြစ်စေခြင်းငှါ ငါ၏ထမြောက်ခြင်း တန်ခိုးဖြင့် ထမြောက်စေလိုသည်” ဟု ပြောခဲ့သည်။ ထို့နောက် သခင်ဘုရားက သူမ၏ ကိုယ်ခန္ဓာကို တို့ထိ၍ လက်ဖြင့် ချီမပြီး ရှင်ပြန်ထမြောက်စေခဲ့သည်။

ဤစာစောင်၏ အစပိုင်းဆောင်းပါး၌ တဲတော်ဝင်းရှိ ယဇ်ပလ္လင်၏ ဦးချိုထဲတွင် ဘုရားသခင်၏ ဘုန်းတန်ခိုးကိုမည်ကဲ့သို့ ဖွင့်ပြထားကြောင်း ဖေါ်ပြခဲ့ပြီးဖြစ်ပါသည်။ သို့သော် သန့်ရှင်းရာဌာနသို့ဝင်ရောက်နိုင်သော အောင်မြင်သူသည် ဘုရားသခင်၏ ဝိညာဉ် ခုနှစ်ပါးမှ ဘိသိပ်ပေးခြင်းကိုခံရ၍ ပို၍ ကြီးမားများပြားသော တန်ခိုးကို ရယူအသုံးပြုနိုင်သည်။ (ဗျာ ၅း၆၊ ဟေရှာယ ၁၁း၂)။ ကျွန်ုပ်တို့သည် ယေရှုခရစ်ကို ပို၍ သိကျွမ်းလာသောအခါ သူသည် ကျွန်ုပ်တို့အား ကန့်လန့်ကာ အတွင်းသို့ ယူဆောင်လျက် အပွင့် ပွင့်သော အာရုန်၏ လှံတံကဲ့သို့ ပို၍ကြီးမားသော တန်ခိုးကို ရရှိ ခံစားကြမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း တန်ခိုးနှင့် အခွင့်အာဏာကို တွေ့ကြုံခံစားနိုင်ပါသည်။

## ကရုဏာပလ္လင်

တဲတော်၏ခုနှစ်ခုမြောက်သောပစ္စည်းမှာ ကရုဏာပလ္လင်ဖြစ်သည်။ (ထွက် ၂၅း၁၇–၂၂) ၎င်းသည် နောက်ဆုံးသောပစ္စည်းဖြစ်သည်။ အကြောင်းမှာ ကရုဏာပလ္လင်သည် ပဋိညာဉ်သေတ္တာ၏ထိပ်တွင်ရှိပြီး၊ ပဋိညာဉ်သေတ္တာ၏ အစိတ်အပိုင်းတခုဖြစ်သည်။ ၎င်းသည် ရွှေစင်ဖြင့် လုပ်ထားသောအရာဖြစ်သည်။

၎င်းသည်အလျားနှစ်တောင်ထွာ၊ အနံတတောင်ထွာရှိပြီး ပဋိညာဉ်သေတ္တာ၏ အတိုင်းအတာနှင့်တူသည်။ ထို့ကြောင့် ကရုဏာပလ္လင်သည် ပဋိညာဉ် သေတ္တာထိပ်နှင့် တိတိကျကျ ကိုက်ညီလျက်ရှိသည်။ ၎င်းသည် ပဋိညာဉ်သေတ္တာ၏ အဖုံးလည်းဖြစ်သည်။ ထိုနေရာသည် အပြစ်ဒုစရိုက်များ ဖုံးအုပ်ပြီး ကရုဏာတော် တွေ့ရှိရာနေရာဖြစ်သည်။ NIV ကျမ်းက “ရွှေစင်ဖြင့်ပြုလုပ်ထားသော အပြစ်ဖြေရာ အဖုံး” ဟု ဘာသာပြန်ထားသည်။

ကရုဏာပလ္လင်၏ အစွန်း ၂ ဘက်၌ ရွှေခေရုဗိမ်နှစ်ပါးရှိသည်။ (ထွက် ၂၅း၁၈)။ ထိုရွှေခေရုဗိမ် ၂ ပါးသည် ကရုဏာပလ္လင်နှင့်တသားတကိုယ်တည်းဆက်စပ်လျက် ထုလုပ်ထားခြင်းဖြစ်သည်။ ရွှေခေရုဗိမ် ၂ပါးသည် တပါးကိုတပါး အချင်းချင်း ကြည့်နေပြီး၊ သူတို့၏ တောင်ပံသည် ကရုဏာပလ္လင်ကို အုပ်မိုးထားသည်။ ဆာလံ ၈၀း၁ ထဲတွင် ဖေါ်ပြသည့်အတိုင်း ဘုရားသခင်၏ ရှိနေတော်မူခြင်းကို ဖေါ်ညွှန်းသည်။ “သိုးစုကို ပို့ဆောင်သကဲ့သို့ ယောသပ်အမျိုးကို ပို့ဆောင်တော်မူသော ဣသရေလ သိုးထိန်းကြီး၊ နားထောင်တော်မူပါ။ ခေရုဗိမ်တွင် ကျိန်းဝပ်တော်မူသော ဘုရား၊ ရောင်ခြည်တော်ကို လွှတ်တော်မူပါ။”

ခေရုဗိမ် ၂ပါးသည် အဓိကကျသော ကောင်းကင်တမန်မင်း ၂ ပါးဖြစ်သည့် (Gabriel နှင့် Michael) တို့ကို ပုံဆောင်သည်။ (Gabriel နှင့် Michael သည်) လူစီဖါက ဘုရားသခင်ကို ပုန်ကန်၍ ကျဆင်းစဉ်တွင် ဘုရားသခင်၏ ဂရုဏာတော်ကို ဆုပ်ကိုင်ထား၍ မကျဆင်းခဲ့သော ကောင်းကင်တမန် ၂ ပါး ဖြစ်သည်။

ကျွန်ုပ်တို့သည် အပြစ်သို့ကျဆင်းမသွားရလေအောင် ဘုရားသခင်၏ ကျေးဇူးတော်နှင့် ဂရုဏာတော်ကသာလျှင် ထိန်းထားနိုင်ကြောင်း သတိပြုသိရှိထားရန် အထူးလိုအပ်လှသည်။ တနေ့ အလွန်ကျော်ကြားသော ဧဝံဂေလိတရားဟောဆရာ D.L. Moody သည် Chicago မြို့၏ လမ်းမအဆင်းအတိုင်း ဆင်းလျှောက်နေစဉ် အရက်ဆိုင်မှ ထွက်လာသော အမူးသမားတယောက်ခလုတ်တိုက်၍ လဲကျသွားသည်ကို မြင်ခဲ့ရ၏။

D.L Moody သွား၍ ကူညီခဲ့၏။ သို့သော် ဘုရားသခင်၏ ကျေးဇူးတော် သက်သက်ကြောင့်သာဖြစ်၏။ ကျွန်ုပ်တို့၏ အသက်တာပြောင်းလဲခြင်းမှာ ဘုရားသခင်၏ ကျေးဇူးတော်နှင့် ကရုဏာတော် သက်သက်ကြောင့်သာ ဖြစ်သည်။

ကရုဏာပလ္လင်သည် တဲတော်၏ နောက်ဆုံးသော ပစ္စည်းတစ်ခုဖြစ်သည်။ ထို့ကြောင့် ကရုဏာပလ္လင်သည် ဘုရားသခင်၏ သဘောသဘာဝကို အမြင့်မားဆုံး ဖွင့်ဆိုထားသောအရာဖြစ်သည်။ ဘုရားသခင်သည် ကရုဏာတော်ရှင် ဘုရားဖြစ်ကြောင်း လူသားအားလုံး သိရှိထားရန်အလိုရှိသည်။ (ထွက် ၃၄း၆–၇) ထဲတွင် ထာဝရဘုရားသည် မောရှေ ရှေ့၌ကြွသွားတော်မူစဉ်သူ၏ နာမတော်ကို "ထာဝရဘုရား၊ ချစ်သနားခြင်းမေတ္တာကရုဏာနှင့် ပြည့်စုံတော်မူသောဘုရား . . ." ဟူ၍ သူ့ကိုသူ ကြွေးကြော်တော်မူကြောင်းတွေ့ရ၏။ ဓမ္မသစ်ကျမ်း (မ ၉း၁၃) ထဲတွင် သခင်ယေရှုက "ယဇ်ပူဇော်ခြင်းအကျင့်ထက် သနားခြင်းကရုဏာအကျင့်ကို ငါနှစ်သက်၏ဟူသော ကျမ်းစကားကို နားလည်ခြင်း၌ သင်တို့သွား၍သင်ကြလော့" ဟူ၍ မိန့်တော်မူခဲ့၏။

(ထွက် ၂၅း၂၁) ထဲတွင် "ကရုဏာပလ္လင်တည်းဟူသော သေတ္တာအဖုံးကို သေတ္တာပေါ်မှာ တင်ရမည်။ ငါပေးသော သက်သေခံချက်ကိုလည်း သေတ္တာထဲမှာ ထားရမည်" ဟူ၍ ဖေါ်ပြထားသည်။ ထိုသို့အားဖြင့် ကရုဏာပလ္လင်သည် ပညတ်တရားကို ဖုံးအုပ်ထား၏ ၄င်းသည် မှတ်သားစရာအချက် ၂ချက်ကို ဖေါ်ပြညွှန်းဆို၏။ ကရုဏာတော်ပလ္လင်သည် ပညတ်တရားကို ချိုးဖေါက်သောသူများအားလုံးဖုံးအုပ် ကာကွယ်ထားရုံမက ဘုရားသခင်ထံမှ ကျေးဇူးကရုဏာတော်ကိုလည်းရရှိစေနိုင်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ပညတ်တရားများကို ချိုးဖေါက်ခဲ့ကြကြောင်း ဝန်ခံရပေမည်။

ကရုဏာတော်ပလ္လင်သည် ပညတ်တော် ၁၀ပါး ရေးထားသောကျောက်ပြား ၂ချပ်ရှိသည့် ပဋိညာဉ်သေတ္တာကို ဖုံးအုပ်ထားသည်။ သို့ဖြစ်၍ ဒါဝိဒ်မင်းကြီးက ဆာလံ ၅၁ ထဲတွင် အပြစ်ဝန်ခံသကဲ့သို့ ကျွန်ုပ်တို့သည် ဘုရားသခင်၏ပညတ်ချက်များကို ချိုးဖေါက်သောသူများဖြစ်ကြောင်း ဝန်ခံမှသာလျှင် ထိုဘုရားသခင်၏ ကရုဏာတော်ကို ရရှိခံစားနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့၏ စစ်မှန်သောဝန်ချခြင်းကသာလျှင် ကျွန်ုပ်တို့အား ဘုရားသခင်၏ ကရုဏာတော်ထဲသို့ အရောက်တွန်းပို့ပေးနိုင်သည်။ ကြီးမားသော ပြဿနာမှာ လူအများအပြားတို့သည် မိမိတို့၏ ချိုးဖေါက်ခြင်းအတွက် အပြစ်ဝန်ခံခြင်း လုံးဝမပြုဘဲ အပြစ်ကျူးလွန်ခြင်းဖြင့် ဘုရားသခင်အား ကျောခိုင်း၍ အသက်ရှင်ကြသည်။

ထွက် ၂၅း၂၂ ထဲတွင် "ထိုအရပ်၌ ငါသည် သင်နှင့်တွေ့၍ သက်သေခံချက်ထားသော သေတ္တာဖုံးအပေါ်၊ ခေရုဗိမ် ၂ပါး စပ်ကြားမှာ သင်နှင့် နှုတ်ဆက်သဖြင့်၊ ဣသရေလအမျိုးသားတို့၌ ဆင့်ဆိုရာသမျှတို့ကို စီရင်မည်" ဟု ဖေါ်ပြထားသည်။ တောလည် ၇း၈၉ ထဲတွင် ဘုရားသခင်သည် မောရှေအား ကရုဏာပလ္လင်တော်မှ စကားပြောကြောင်း တွေ့ရသည်။ ထိုနည်း၄င်းပင် ယနေ့သည်လည်း ကရုဏာတော်နှင့် ပြည့်ဝသော နှလုံးသားကသာလျှင် ဘုရားသခင်၏ အသံတော်ကိုကြား၍ ဘုရား၏ နှုတ်ကပတ်တော်ကို ပြန်ပြောနိုင်သည်။

ဘုရားသခင်သည် ကရုဏာတော်ပလ္လင်ပေါ်မှသာ စကားပြော၍ သူ၏ဘုန်းတန်ခိုး အာနုဘော်တော်ကိုလည်း ထိုပလ္လင်ပေါ်မှသာ ထုတ်ဖေါ်ပြသသည်။ အသန့်ရှင်းဆုံးဌာန၌ အခွင့်အာဏာနှင့် တန်ခိုးရှိသည်။ တဲတော်ဝင်းနှင့် သန့်ရှင်းရာဌာနထဲတွင် ခရစ်တော်နှင့် အတူ စီရင်ခြင်းနှင့် အုပ်စိုးခြင်းသည် အနည်းငယ်သော အတိုင်းအတာပမာဏ သာရှိ၏။ သို့သော် အသန့်ရှင်းဆုံးဌာန၌မူ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ အုပ်စိုးသော စစ်မှန်သည့်ဘုရင်များနှင့် စစ်မှန်သော ယဇ်ပုရောဟိတ်များ ဖြစ်လာကြရသည်။

သေတာသည် မိမိ၏အသက်ကိုအသေခံရဲသည့်အထိ စွန့်လှူ၍ ဘုရင်အာရွှေရု၏ ထီးနန်းပလ္လင်ထဲသို့ဝင်ရောက်ပြီးမှသာ သူမ၏ လူမျိုးများအား ကယ်တင်နိုင်သည့် အခွင့်အာဏာကို ရယူနိုင်ခဲ့ကြောင်း ဖေါ်ပြခဲ့ပြီးဖြစ်ပါသည်။ ထိုနည်း၄င်းပင်၊ ကျွန်ုပ်တို့သည် လည်း ကန့်လန့်ကာကို ဖြတ်ကျော်၍ ဘုရင်တကာတို့၏ ဘုရင်တည်ရှိရာ အတွင်းခန်း ထဲသို့ဝင်ရောက်ပြီးမှသာ ဘုန်းတန်ခိုးကို ရယူပိုင်ဆိုင်မည် ဖြစ်သည်။

ကျွန်ုပ်တို့သည် အသန့်ရှင်းဆုံးဌာနထဲ၌ သခင်ဘုရားနှင့် ရင်းနှီးစွာ သိကျွမ်းဆက်ဆံမှု ပြုခြင်းကိုရယူပြီးမှသာ ဘုရားသခင်၏ အခွင့်အာဏာနှင့် စကားပြောနိုင်ခြင်းတန်ခိုးကို ခံယူရရှိနိုင်ကြမည်ဖြစ်သည်။ ယောဘ ၂၂း၂၈ ထဲတွင် "သင်ကြံစည်သော အကြံအစည်သည် ထမြောက်၍၊ သင်သွားသောလမ်း၌ ရောင်ခြည်ထွန်းလိမ့်မည်" ဟု ဘုရားသခင်၏ဘိသိက်ပေးခြင်း အောက်၌ စကားပြောခြင်းအကြောင်းကို ဖေါ်ပြထားကြောင်းတွေ့ရသည်။ ကျွန်ုပ်တို့သည် တစ်စုံတစ်ခု ကို ကြွေးကြော်နိုင်ဘို့ရန်အတွက် ဘုရားသခင်ထံမှ ဦးစွာ ပထမကြားနာရမည်ဖြစ်သည်။ ကောင်းကင်ဘုံမှ မြေကြီး ပေါ်သို့ ကြွေးကြော်စေလိုသောအရာများကိုသာ ကျွန်ုပ်တို့ ကြွေးကြော်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ကန့်လန့်ကာ၏ အတွင်းပိုင်းသို့ဝင်ရောက်ပြီးမှသာ ကျွန်ုပ်၏ နှုတ်ထွက်စကား ကိုလည်း ထာဝရဘုရား ဘိသိက်ပေပြီး၊ ကျွန်ုပ်တို့ပြောသော စကားကို ပြည့်စုံစေမည်။ အကြောင်းမှာ ကျွန်ုပ်တို့သည် ဘုရင်နှင့် ယဇ်ပုရောဟိတ်များကဲ့သို့ သခင်ဘုရားနှင့်အတူ အုပ်စိုးမည်ဖြစ်၏။

## ထာဝရဘုရား၏ တန်ခိုးတော်

အသန့်ရှင်းဆုံးဌာနနှင့် ပတ်သက်၍ နောက်ဆုံးဆင်ခြင်နှလုံးသွင်းရမည့် အချက်မှာ ထာဝရဘုရား၏ ဘုန်းတန်ခိုးတော်ဖြစ်သည်။ တဲတော်ဝင်းသည် ပြင်ပဌာနဖြစ်၍နေ၏ သဘာဝ အလင်းရောင်ဖြင့် အလင်းပေးသည်။ သန့်ရှင်းရာဌာနသည် ရွှေဖြင့် ပြုလုပ်ထားသော ဖရောင်းတိုင်စိုက်သည့် တိုင်မီးအိမ် ခုနစ်ခုဖြင့် အလင်းပေးသည်။ ထာဝရဘုရား၏ဝိညာဉ် ၇ ပါးကို ဖေါ်ညွှန်းသည်။ သို့သော်လည်း အသန့်ရှင်းဆုံးဌာန သည် သဘာဝလွန်အလင်းရောင်ဖြစ်သော ဘုရားသခင်၏ ဘုန်းတန်ခိုးတော်အားဖြင့် အခန်းတစ်ခုလုံးကို အလင်းပေးသည်။

(Shekinah) ခေါ် ဘုရားသခင်၏ ဘုန်းတန်ခိုးတော်သည် အထက်အရပ် ကရုဏာတော်ပလ္လင်မှပေါ်ထွက်လာခြင်းဖြစ်သည်။ (ဝတ်ပြု ၁၆း၂) ဤကဲ့သို့ သော ဘုရားသခင်၏ ဘုန်းတန်ခိုးတော်ကို ယနေ့နောက်ဆုံးကာလ အသင်းတော်ကိုလည်း ကတိပေးထားသည်။ ပထမဦးစွာ ထာဝရဘုရား၏ ဘုန်းတော်ထင်ရှားသောအချိန်ကို ကြည့်ပြီးနောက် ထိုဘုန်းတော်ထင်ရှား ပေါ်လွင်လာခြင်း၏ အကျိုးဆက်ကို ဆက်လက်လေ့လာ ကြည့်ရှုကြပါစို့။

ဟေရှာယ ၄း၄–၅ ထဲတွင် "ထာဝရဘုရားသည် တရားစီရင်သောဝိညာဉ်၊ မီးလောင်သောဝိညာဉ်တော်အားဖြင့်၊ ဇိအုန်သတို့သမီးတို့၏ အညစ်အကြေးကို ဆေးကြော၍၊ ယေရုရှလင်မြို့၏ အသွေးကို မြို့ထဲက ပယ်ရှားတော်မူပြီးလျှင်၊ ဇိအုန်တောင်မှာကျန်ကြွင်း၍၊ ယေရုရှလင်မြို့၌ နေရစ်သော သူတည်းဟူသော အသက်စာရင်း ဝင်သမျှသော ယေရုရှလင်မြို့သားတို့သည် သန့်ရှင်းခြင်းရှိကြလိမ့်မည်။ ထာဝရဘုရားသည်လည်း၊ ဇိအုန်တောင်မှာရှိသမျှသောအိမ်များနှင့် စည်းဝေးရာ ပရိသတ်များအပေါ်တွင်၊ နေ့အချိန်၌ မိုဃ်းတိမ်နှင့် မီးခိုးကို၄င်း၊ ညဥ့်အချိန်၌ မီးလျှံအလင်းကို၄င်း ဖန်ဆင်းတော်မူ၍၊ မြတ်သောအရာအလုံးစုံကို လွှမ်းမိုးတော်မူလိမ့်မည်" ဟု ဖေါ်ပြထားသည်။ ယနေ့နောက်ဆုံးကာလ၌ ဝိညာဉ်ရေးရာအရ ဇိအုန်တောင်တွင်နေသော အသင်းတော်များသည် အပြစ်သန့်စင်ခြင်းခံပြီးနောက် ထာဝရဘုရား၏ ဘုန်းတော်ဖြင့် ဖုံးအုပ်ခြင်းခံကြရမည်ဖြစ်သည်။

ကနဦးအသင်းတော်ကာလ၌ ထာဝရဘုရားသည် တရားစီရင်သော ဝိညာဉ်အဖြစ် ကြွရောက်လာကြောင်း အာနနိနှင့် ရှဖိရေကိစ္စတွင်သိရ၏။ (တမန် ၅း၁–၁၁)။ လောင်သောဝိညာဉ်တော်မီးလည်းရှိ၏။ ဗတ္တိဇံဆရာ ယောဟန်က ယေရှုခရစ်သည် သန့်ရှင်းသောဝိညာဉ်တော်နှင့်၄င်း၊ မီးနှင့်၄င်း၊ ဗတ္တိဇံပေးမည်" ဟု ဆိုခဲ့သည်။ (မဿဲ ၃း၁၁)။ ယနေ့ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် နှစ်ခြင်းမင်္ဂလာခံခြင်းကို မြင်ကြရသော်လည်း၊ မီးကိုမူမမြင်ကြရပေ။ သို့သော် နိုးထမှုကြီးနှင့်အတူ ဝိညာဉ်မီးသည် ဆင်းသက်လာပြီး၊ ထိုဝိညာဉ်မီးက အပြစ်ကိုဆေးကြောသန့်စင်ပေးမည်ဖြစ်သည်။ ထို့ကြောင့် ထာဝရဘုရား၏ တန်ခိုးတော်ပေါ်လွင်ထင်ရှားဘို့ရန်အတွက် ကြိုတင် ပြင်ဆင်မှု တစ်ခုမှာ အပြစ်ကိုဆေးကြောသန့်စင်စေခြင်းပင်ဖြစ်သည်။ ၄င်းကို မောရှေ၏ တဲတော်ထဲ၌ ကန့်လန့်ကာကိုဖြတ်၍ မည်ကဲ့သို့အတွင်းသို့ဝင်ရမည်ကို ဖေါ်ပြခဲ့ပြီး ဖြစ်သည်။ အသန့်ရှင်းဆုံးဌာနအတွင်းရှိ ထာဝရဘုရား၏ ဘုန်းတော်ကို တွေ့မြင်နိုင်ရေး အတွက် ခရစ်တော်နှင့်အတူ အသေခံခြင်းတည်းဟူသော ကန့်လန့်ကာကို ကျော်ဖြတ်၍ အတွင်းသို့ ဝင်ရောက်ခြင်းကို ဦးစွာတွေ့ကြုံရမည်ဖြစ်သည်။

ဘုရားသခင်သည်သူ၏ ဘုန်းတော်ထင်ရှားဖေါ်ပြမည့် အချိန်မကျရောက်မီ အလွန်တိုတောင်းသော အချိန်အနည်းငယ် ကျန်သေးသည်။ ကျွန်ုပ်တို့သည် ထာဝရဘုရား၏ ဘုန်းတော်ဖုံးလွှမ်းသော ပရိသတ်၏ တိုတောင်းသော ဖြစ်ရပ်ကိုသိရှိပြီး

ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့သည် ထာဝရဘုရားထံသို့ အော်ဟစ်ရန်လိုအပ်သည်။ ''အိုဘုရားသခင် အကျွန်ုပ်သည် ဘုရားသခင်၏ ဘုန်းတန်ခိုးတော် အတွက် အသင့်ပြင်ဆင်ခြင်း ခံရသူဖြစ်နိုင်ရန် အကျွန်ုပ်အား ဆေးကြောသန့်စင်ပေးတော်မူပါ'' ဟူ၍ အော်ဟစ်ဆုတောင်းရန် လိုအပ်သည်။

ထာဝရဘုရား၏ ဘုန်းတော်ပေါ်လွင်ထင်ရှားမည့် အချိန်နှင့် ပတ်သက်သော အခြားအချက်တစ်ခုမှာ ဟေရှာယ ၆၀း၂ ထဲတွင် ဖော်ပြထားသည်။ ''ကြည့်ရှုလော့၊ မှောင်မိုက်သည် လူများကို ဖုံးလွှမ်းလိမ့်မည်။ သို့သော်လည်း၊ သင်၏အပေါ်မှာ ထာဝရဘုရားသည် ပေါ်ထွန်းတော်မူ၍၊ ဘုန်းတော်သည် သင်၏အပေါ်မှာ ထင်ရှားလျက်ရှိလိမ့်မည်။'' ဤဂတိတော်သည် နေရာတိုင်း၌ စစ်ပွဲများ၊ စစ်ပွဲနှင့် ပတ်သက်သော ကောလဟာလသတင်းစကားများ၊ ငတ်မွတ်ခြင်းဘေးနှင့် ကပ်ရောဂါများဖြင့် တကမ္ဘာလုံးသည် ကြီးမားသော အမှောင်ထုကြီးဖြင့် ဖုံးလွှမ်းမည့်အချိန် အတွက် ရေးထားသော ကတိတော်ဖြစ်သည် (မဿဲ ၂၄း၆–၇)။ အလွန်ကြီးမား ထူထပ်သော မှောင်မိုက်သည် လူများကို ဖုံးလွှမ်းလိမ့်မည်ဟူသော စကားသည် ဝိညာဉ်ရေးရာ အသိတရားကင်းမဲ့ခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းကို ညွှန်းဆိုသည်။ ဟေရှာယ ကြီးမားသောဆင်းရဲဒုက္ခနှင့် ဆိုးဝါးသော ကာလကို ပြောဆိုနေခြင်းဖြစ်သည်။ အသင်းတော်၏ နောက်ဆုံး ကာလတွင် ဖြစ်ပွားမည့်ကပ်ဆိုးကြီးကို ရည်ညွှန်းခြင်း ဖြစ်သည်။ ကြီးမားသော မှောင်မိုက်သည် လောကကို လွှမ်းမိုးပြီး၊ ဘုရားသခင်၏ ကြီးမားသော တန်ခိုးတော် သည် အသင်းတော်ယုံကြည်သူများအပေါ် လွှမ်းခြုံ မည်ဖြစ်သည်။ ၎င်းသည် ထွက် ၁၀း၂၁–၂၃ နှင့် ၁၄း၁၉–၂၀ တွင် မှတ်တမ်းတင်ထားသည့်အတိုင်း ဣသရေလလူမျိုးများ အီဂျစ်ပြည်မှ ထွက်မြောက် ရာကာလ ကြုံတွေ့ခဲ့သော အဖြစ်အပျက်နှင့် ဆင်တူ သည်။ သို့ဖြစ်၍ မှောင်မိုက်သည် လောက လူသားများ အပေါ်၌ တိုးပွားခြင်း အန္တိခရစ်နှင့်အတူ အဆုံးသတ်မည်။ ကျွန်ုပ်တို့ ယုံကြည်သူများ အတွက်မူကား မျှော်လင့် ထားသော ဘုရားသခင်၏ ဘုန်းတော်သည် ပေါ်လွင် ထင်ရှားလာမည်ဖြစ်သည်။

> ငါအသက်ရှင်သည်ဖြစ်၍
> ထာဝရဘုရား၏
> ဘုန်းတော်သည်
> မြေတစ်ပြင်လုံး၌
> နှံ့ပြားလိမ့်မည်။
> တောလည် ၁၄း၂၁

ဘုရားသခင်သည် သူ၏လူများအား မှောင်မိုက်၏ ဆိုးဝါး လျှို့ဝှက်သောလုပ်ရပ်များကို ကျောခိုင်း၍ပြန်လှည့် လာရန် အလိုရှိသည်။ အကြောင်းမှာ သူ၏လူများသည် မှောင်မိုက်တန်ခိုး၏ ဖျက်ဆီးခြင်းကိုမခံဘဲ ခရစ်တော်ကို သက်သေခံခြင်းနှင့်အတူ ပို၍ ပို၍ ထွန်းလင်း တောက်ပလာစေရန်အတွက်ဖြစ်သည်။ သို့သော်လည်း ဘုရားသခင် အတွက် အသက် မရှင်ဘဲ မိမိလိုအင်ဆန္ဒသို့သာ လိုက်နေသောသူသာလျှင် များပြား နေကြောင်းတွေ့ ရသည်။ နောက်ဆုံးရလဒ်မှာ သူတို့သည် လိမ်လည်လှည့်ဖြားခြင်း၊ အကြံအဖန် ပြုလုပ်ခြင်းတည်းဟူသော မှောင်မိုက်သို့သာ ကျဆင်းခဲ့ကြရသည်။ သခင်ဘုရားက ကျွန်ုပ်အား ထိုကိစ္စနှင့်ပတ်သက်သော ရူပါရုံအမြင်ကို ပြသခဲ့သည်။

ထိုရူပါရုံမြင်ကွင်း၌ ကျွန်ုပ်သည် ရှေ့သို့ဖြာထွက်လာသော အလွန်ကြည်လင်သန့်ရှင်း သည့် စမ်းချောင်း၏အလင်းရောင်ကို မြင်ခဲ့ရသည်။ ၎င်းသည် (သုတ္တံ ၄း၁၈) ထဲတွင် အဓိပ္ပါယ်ဖွင့်ဆိုထားသည့်အတိုင်း ဖြောင့်မတ်ခြင်းလမ်းကြောင်းဖြစ်သည်။ ''ဖြောင့်မတ် သောသူတို့၏လမ်းသည် ထက်သောအာရုဏ်ကဲ့သို့ဖြစ်၍ နေထွက်သည် တိုင်အောင် တိုးပွားထွန်းလင်းတတ်၏။'' ထို့နောက် စမ်းချောင်း၏ တောက်ပသော အလင်းရောင် သည် စမ်းချောင်း ၂ခု အဖြစ် ဖြာထွက်ပြီး တစ်ခုသည် ညာဘက်သို့၎င်း၊ တစ်ခုသည် ဘယ်ဘက်သို့၎င်း စီးဆင်းသွားကြောင်းမြင်ခဲ့ရသည်။

လက်ဝဲဘက်သို့စီးဆင်းသွားသော အလင်းရောင်သည် အခြားတစ်ခုထက်ပို၍ ပြည့်ပြည့်ဝဝတောက်ပကြည်လင်ဟန်ရှိ၏။ သို့သော် ဆက်လက်စီးဆင်းသွားသောအခါ အလင်းရောင်သည် မီးခိုးရောင်အဖြစ်သို့ကျဆင်းသွားပြီးနောက်ကျိသောရေအဖြစ်သို့ ပြောင်းလဲသွား၏။ ထိုညစ်ပတ်သောရေမှ မသန့်ရှင်းသောသတ္တဝါများပေါ်ထွက်လာကြ၏။ နောက်ဆုံး၌ ထိုရေသည် မှောင်မိုက်သော ရွှံ့တောထဲသို့စီးဆင်းပြီး အဆုံးတွင် ချိုင့်တွင်းထဲသို့ စီးဝင်သွား၏။

အခြားသောစမ်းချောင်း အလင်းရောင်သည်လည်း အစ၌ကြည်လင်တောက်ပပြီး တဖြည်းဖြည်းအပေါ်သို့တက်၍ ကောင်းကင်သို့စီးဆင်းသွား၏။ အပေါ်သို့ တက်လေလေ၊ တောက်ပလေလေ၊ ဘုန်းတန်ခိုးရှိလေလေဖြစ်ပြီး အဆုံး၌ သခင်ယေရှုခရစ်၏ ဘုန်းတော်ထဲသို့ စီးဝင်သွား၏။ သခင်ယေရှုက ကျွန်ုပ်အား ဤနောက်ဆုံးသော ကာလတွင် သူ၏အသင်းတော်သည် ကွဲပြားခြားနားကြလိမ့်မည်ဟု ကြည်လင် ပြတ်သားစွာ ပြောပြခဲ့သည်။

အသင်းတော်ကွဲပြားခြင်းနှင့်ပတ်သက်၍ သခင်ဘုရားက အကျွန်ုပ်အားပြောပြသည့် အချက်တစ်ခုမှာ လင်မယားကွာရှင်းခြင်းနှင့် ပြန်လည်ပေါင်းသင်ခြင်းတို့ဖြစ်သည်။ မသန့်ရှင်းသောအရာကို သဘောတူလုပ်ဆောင်သော သူတို့သည် လက်ဝဲဘက်က စမ်းချောင်းကဲ့သို့ဖြစ်ကြမည်။ သူတို့သည်အခြားသောသူများနှင့် အပေးအယူလုပ်ခြင်း၊ သင်္ကာမကင်းဖြစ်ခြင်းများပို၍ များပြားလာပြီး သူတို့၏ အသက်တာလမ်းခရီးသည် ပို၍မှောင်မဲလာမည်ဖြစ်သည်။ သို့သော်ဖြောင့်မတ်ခြင်း၌ တည်ကြည်စွာ ရပ်တည်သောသူ၊ သန့်ရှင်းမြင့်မြတ်သောသူ အပေါ်၌မူကား ဘုရားသခင်၏ ဘုန်းတန်ခိုးသည်ပို၍ တိုးပွားလာမည်ဖြစ်သည်။

ပေါ်လွင်ထင်ရှားလာမည့်ဘုရားသခင်၏ဘုန်းတန်ခိုးနှင့် ၎င်း၏ အကျိုးရလဒ်အကြောင်းကို ဆက်လက်ဆင်ခြင်း ကြပါစို့။ ဟေရှာယ ၆၀း၃ ကို ဆက်လက်ဖတ်ပါက ''တစ်ပါး အမျိုးသားတို့သည် သင်၏အလင်းသို့၎င်း၊ ရှင်ဘုရင်တို့သည် သင်၌ ပေါ်ထွန်းခြင်းအရောင်သို့၎င်း လာကြလိမ့်မည်'' ဟု ဖော်ပြထားကြောင်းတွေ့ရ၏။ အခန်းငယ် (၅) ထဲတွင် အကြောင်းမူကား သမုဒ္ဒရာ၏ ကြွယ်ဝခြင်းသည် သင့်ဘက်သို့ ပြောင်းလဲ၍ တစ်ပါး အမျိုးသားတို့၏စည်းစိမ်သည် သင့်လက်သို့ ရောက်လိမ့်မည်ဟု ဆက်လက်ဖော်ပြ ထားသည်။ အဆိုပါကျမ်းချက်သည် ဘုရားသခင် ဘုန်းတော်၏ အကျိုးရလဒ်များအနက် တစ်ခုဖြစ်သောနောက်ဆုံး ကာလ၏ ဝိညာဉ် ရိတ်သိမ်းပွဲကြီးကို ရည်ညွှန်းသည်။

နောက်ဆုံးသောကာလ၌ အသင်းတော်အပေါ်ရှိ ဘုရားသခင်၏ တန်ခိုးတော် အကျိုးသက်ရောက်မှုသည် ကြာရှည်တည်နေပြီး မယုံကြည်သူများက အသင်းတော် အတွင်းသို့ အပြေးအလွှားရောက်လာကြလိမ့်မည်။ ဟေရှာယက အခန်းငယ် ၇ ထဲတွင် ကြေညာ လိုက်သည်မှာ ကေဒါပြည်နှင့် နဗာယုတ်ပြည် သည် ရောက်လာ၍သခင် ယေရှုအားအရှင်သခင်၊ ကယ်တင်ရှင်အဖြစ်လက်ခံလာကြလိမ့်မည်။ သူတို့သည် ဣရှမေလမှဆင်းသက်လာသောသူများ (က ၂၅း၁၃) ဖြစ်ကြသည်။ အသင်းတော် အပေါ်၌ ဘုရားသခင်၏ ဘုန်းတော် ထင်ရှားသောအခါ မူစလင်ဘာသာစကားကို ပြောဆိုသော သူများသည် ခရစ်တော်ထံသို့ ပြန်လည်ရောက်ရှိလာကြလိမ့်မည်။

အသင်းတော်အပေါ် ထင်ရှားသော ဘုရားသခင်ဘုန်းတော်၏ အခြားအကျိုးဆက် တစ်ခုမှာ ဘုရားသခင်၏ ကွယ်ကာခြင်းဖြစ်သည်။ ဝိညာဉ်ရေးရာ တရားစီရင်ခြင်း၊ အသင်းတော်ကို မီးဖြင့်ဆေးကြောသန့်စင်ခြင်း ပြီးသောအခါ ဟေရှာယ ၄း၅ ''ထာဝရဘုရားသည်လည်း ဇိအုန်တောင်မှာရှိသမျှသော အိမ်များနှင့် စည်းဝေးရာ ပရိသတ်များအပေါ်တွင်၊ နေ့အချိန်၌ မိုးတိမ်နှင့်မီးခိုးကို၎င်း၊ ညဉ့်အချိန်၌ မီးလျှံ အလင်းကို၎င်း၊ ဖန်ဆင်းတော်မူ၍၊ မြတ်သောအရာ အလုံးစုံတို့ကို လွှမ်းမိုးတော် မူလိမ့်မည်'' ဟု ဖော်ပြထားရာ ဟေပြဲမူရင်းအရ တန်ခိုးတော်သည် စုဝေးရာပရိသတ်များ အတွက် အကွယ်အကာ ဖြစ်လိမ့်မည်ဟူ၍ အဓိပ္ပါယ်သက်ရောက်သည်။

နောက်ဆုံးသောကာလ၌ကြီးမားသောအမှောင်ထုကြီးနှင့် နှုတ်ကပတ်တော် သတင်းကောင်းကို ဆန့်ကျင်ပြောဆိုခြင်းများ ရှိလာမည်ဖြစ်သည်။

ကမ္ဘာ့နေရာအစိတ်အပိုင်းများတွင် ထိုကဲ့သို့သောအဖြစ်အပျက်များ ဖြစ်ပွားမည် ဖြစ်ကြောင်း ရူပါရုံအားဖြင့် ကျွန်ုပ်သိမြင်ခဲ့ပြီးဖြစ်ပါသည်။ ဘုရားသခင်သည် တရုတ်၊ အာဖရိကနှင့် အခြားသော ကမ္ဘာ့နိုင်ငံများတွင် မည်ကဲ့သို့ပြုမူမည်ကို သန့်ရှင်းသော ဝိညာဉ်တော်၏ ဖွင့်ပြခြင်းအားဖြင့် ကျွန်ုပ်သိမြင်ခဲ့ပြီးဖြစ်သည်။ ဘုရားသခင်၏

ဘုန်းတော်ထင်ရှားခြင်းကိုလည်း သိမြင်ခဲ့သည်။ ဝိညာဉ်အများအပြားသည် ဘုရားသခင်၏ နိုင်ငံတော်သို့ အရှိန်အဟုန်ဖြင့် ရွှေ့ပြောင်းသွားကြမည်ဖြစ်ပြီး ဘုရားသခင်၏ ဘုန်းတန်ခိုးသည် မောရှေအား ကွယ်ကာသကဲ့သို့ သူ၏လူတို့ကိုလည်း ကွယ်ကာမည်ဖြစ်၏။ (တောလည် ၁၄း၂၁၊ ၁၆း၁၉)

ထာဝရဘုရား ဘုန်းတန်ခိုးတော်၏တတိယအကျိုးဆက်မှာ သန့်ရှင်းသူတို့အား ဝိညာဉ်ရေးရာနှင့် ရင့်ကျက်သော အသက်တာသို့ ပို့ဆောင်ပေးရန်ဖြစ်သည်။ ဟေဗြဲ ၂း၁၀ ထဲတွင် အကြောင်းမူကား များစွာသော သားတို့ကိုကယ်တင်၍၊ ဘုန်းစည်းစိမ်ခံစားရာသို့ ပို့ဆောင်သောအရှင်သည်၊ ဒုက္ခဝေဒနာအားဖြင့် စုံလင်ခြင်းသို့ရောက်ရမည်အကြောင်း၊ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်း၍ အုပ်စိုးတော်မူသော ဘုရားသည် စီရင်တော်မူအပ်၏။'' ဟု ဖေါ်ပြထားသည်။ ထိုအချက်သည် ယေရှုခရစ် လူ့ဇာတိကို ခံယူ၍ အသေခံခြင်း၏ဦးတည်ချက် ပန်းတိုင်ဖြစ်သည်။ ယေရှုခရစ်အသေခံခြင်းသည် ကျွန်ုပ်တို့အား ငရဲမှကယ်လွှတ်ဘို့ရန်သာမက ဘုန်တန်ခိုးခံစားရာသို့ ပို့ဆောင်၍ ရင့်ကျက်သော အသက်တာသို့စုံလင်စေဘို့ရန်ဖြစ်သည်။

ဖခင်ကသူ့သားအတွက် ရည်ရွယ်ချက်မှာ ကြီးထွားရင့်သန်လာပြီး သူ၏ အရိုက်အရာနှင့် နေရာကိုအမွေခံရယူရန်ဖြစ်သည်။ ထိုအရာသည် ဖခင်အားဝမ်းမြောက်စေသောအရာဖြစ်သည်။ သို့သော် သားငယ်သည် ကြီးထွားခြင်းမရှိပါက ဖခင်အတွက် ဝမ်းနည်းကြေကွဲခြင်းမှတစ်ပါး အဘယ်အရာကိုပေးစွမ်းနိုင်မည်နည်း။ လွန်ခဲ့သော နှစ်ပေါင်းများစွာက ဖိလိပိုင်နိုင်ငံတွင် ၉ နှစ်သားအရွယ်အထိ ကြီးထွားမှုမရှိသော ကလေး အကြောင်းဖေါ်ပြထားသည့်ဆောင်းပါးတစ်ခုဖတ်မိပါသည်။ သူသည် ကြီးထွား ရင့်သန်လာခြင်း မရှိသောကြောင့် မိဘများအလွန်ဝမ်းနည်းကြေကွဲ ကြရသည်။ ကောင်းကင်ဘုံ အဘထာဝရဘုရားအနေဖြင့် သူ၏သားသမီးများ ရင့်ကျက်တိုးပွားခြင်း မရှိပါက မည်ကဲ့သို့ခံစားမည်နည်း။ ယုံကြည်သူအများအပြားသည် ဝိညာဉ်ရေးရာ ကလေးသူငယ်ဘဝကို ရောင့်ရဲတင်းတိမ်နေကြသည်။ ထာဝရဘုရားက ကျော်ကြားသော ဧဝံဂေလိတရားဟောဆရာတစ်ဦးအား ပြောခဲ့သည်မှာ ''သင်၏သာသနာ့လုပ်ငန်းသည် ဝိညာဉ်ရေးရာကလေးသူငယ်များကိုသာ မွေးထုတ်ပေးနေသည်'' ဟူ၍ ညွှန်းဆိုပြောပြခဲ့သည်။

ကျွန်ုပ်တို့သည် ဤကိစ္စနှင့်ပတ်သက်၍ ဝိညာဉ်ပိုင်းဆိုင်ရာ ပူပင်မှုရှိသင့်သည်။ အကြောင်းမူကား မိမိ၏ပရိသတ်များအား အသက်တာရင့်ကျက်မှုအဆင့်သို့ တိုးပွားသွားရန် နှောင့်နှေးစေသော (သို့မဟုတ်) ဟန့်တားသော ခေါင်းဆောင်များသည် မိမိကို အပြစ်အတွက် ထာဝရဘုရား၏ စစ်ဆေးမေးမြန်းခြင်းကိုခံကြရမည်ဖြစ်သည်။ အပြစ်သည် ထာဝရဘုရား၏ ဘုန်းတန်ခိုးတော်နှင့် ရည်ရွယ်ချက်ကို ယုတ်လျော့စေသည်။ အသရေပျက်စေသည် (ရော ၃း၂၃)။ ထာဝရဘုရား၏ ဦးတည်ချက် နောက်ဆုံးပန်းတိုင်မှာ လူအပေါင်းတို့အား ငရဲမှကယ်တင်ရန်သာမက သူ၏ ဘုန်းတန်ခိုးတော်သို့ သယ်ဆောင်ရန်ဖြစ်ကြောင်း သတိပြုရန်လိုအပ်သည်။

သို့ဖြစ်၍ ကျွန်ုပ်တို့သည် သန့်ရှင်းသူတို့အား ဆက်လက်၍ ပြုစုပျိုးထောင်ရမည်၊ ဘုရားသခင်၏ တန်ခိုးတော်ထဲသို့ ဦးဆောင်ခေါ်သွားရန်လိုအပ်သည်။ ဓမ္မဟောင်းကျမ်း ထဲတွင် ထာဝရဘုရား၏ ဘုန်းတန်ခိုးတော်သည် ပလ္လင်တော်ပေါ်၌သာ ပေါ်ထွန်းသည် မဟုတ်။ မောရှေ၏မျက်နှာ၌လည်း ပေါ်လွင်ထင်ရှားခဲ့ကြောင်း (ထွက် ၃၄း၃၀–၃၅) တွင်တွေ့ရသည်။ ရှင်ပေါလုက ထိုကျမ်းပိုဒ်ကို ကိုးကားလျက် ၂ကော ၃း၇–၈ ထဲတွင် ပို၍ကြီးမားသော ဘုရားသခင်၏ဘုန်းတော်သည် ယနေ့ယုံကြည်သူများအားဖြင့် ပေါ်ထွန်းမည်ဟု ဖေါ်ပြထားသည်။ ကျောက်ပြားပေါ်၌ရေးထားသော ပညတ်တရားကို ကိုင်ဆောင်သူ မောရှေအပေါ်၌ ဘုရားသခင်၏ ဘုန်းတော်ထင်ရှားလျှင် နှလုံးသားပေါ်၌ ရေးသားထားခြင်းခံရ သောသူများအပေါ်၌ ထိုမျှမကကြီးမားသောထာဝရဘုရား၏ ဘုန်းတော်သည် ပို၍ထင်ရှားမည် ဖြစ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင် ရွေးကောက်သောသူများ၏ မျက်နှာပေါ်၌ ထွန်းလင်းတောက်ပသော ထာဝရဘုရား၏ ဘုန်းတန်ခိုးတော်ကို တိုက်ရိုက်မြင်ရကြလိမ့်မည်ဟု ကျွန်ုပ်ယုံကြည်ပါသည်။ ကောလောသဲ ၁း၂၇ က ကျွန်ုပ်တို့အထဲ၌ရှိတော်မူသော ခရစ်တော်သည် ကျွန်ုပ်တို့အတွက် ဘုန်းအသရေတော်ကို မျှော်လင့်ခြင်းအကြောင်းဖြစ်ကြောင်း ဖေါ်ညွှန်းထားသည်။ ''ငါတို့ရှိသမျှသည် မျက်နှာဖုံးကို ဖွင့်လျက် မှန်ကိုကြည့်သကဲ့သို့ သခင်ဘုရား၏ ဘုန်းအသရေတော်ကို ကြည့်မြင်၍ ဝိညာဉ်တော်တရား၏အရှင်သည် ရောင်ခြည်တော်ကို လွှတ်တော်မူသည် အတိုင်း၊ ငါတို့သည် ဘုန်းအသရေတိုးပွား၍ ပုံသဏ္ဌာန်တော်နှင့်အညီ ပြောင်းလဲခြင်းရှိရကြမည် (ကော ၃း၁၅) ဟု ဖေါ်ပြထား၏။ ကျွန်ုပ်တို့၏ ဘုန်းအသရေတော်ကို မျှော်လင့်ခြင်းအကြောင်းသည်လည်း စုံလင်ခြင်းသို့ ရောက်ရှိလာမည် ဖြစ်သည်။

## နိဂုံး

တဲတော်၏အမှန်တရားများကို အတိုချုံး၍ပြောပါက ဘုရားသခင်၏ မျက်မှောက်တော်သို့ တိုး၍တိုး၍ သွားနေသော ယုံကြည်သူတစ်ဦး၏ ဝိညာဉ်ရေးရာခရီးကို ဖေါ်ပြနေသည်ဟု ဆိုနိုင်ပါသည်။ တဲတော်အဆင့် ၃ဆင့်သည် ခရစ်ယာန်အသက်တာ ရင့်ကျက်မှုနှင့် တိုးတက်မှုအဆင့်အတိုင်းအတာပမာဏကို ဖေါ်ညွှန်းနေသည်။ ခရစ်ယာန်အသက်တာအဆင့် ၃ဆင့်ကို ၁ယော ၂း၁၂–၁၄ ထဲတွင် သူငယ်၊ လူပျို၊ အဘ ဟူ၍အရွယ် ၃ မျိုးဖြင့် ဖေါ်ပြထားကြောင်းတွေ့ရသည်။ သူငယ်နှင့် လူပျိုအရွယ်တို့သည် သခင်ဘုရားကို ကောင်းစွာသိကြပါ၏။ သို့သော် ဝိညာဉ်ရေးရာဖခင် အရွယ်ရောက်သော ယုံကြည်သူများသာလျှင် အသက်တာရင့်ကျက်ပြီး သခင်ဘုရားအား ရင်းနှီးစွာ သိကျွမ်းသူများဖြစ်ကြသည်။

ထာဝရဘုရားသည် သူ၏လူများအားကျေးဇူးတော်၌ တိုးပွားပြီး ဝိညာဉ်ရေးရာ ရင့်ကျက်သူများဖြစ်စေလိုသည်။ ထိုအခွင့်အရေးကို လူတိုင်းအား ပေးထားသော်လည်း လူတိုင်းက ထိုအဆင့်သို့တိုးဝင်နိုင်ခြင်းမရှိကြပေ။ မောရှေ၏တဲတော်၌ ဣသရေလ များသည် တဲတော်ဝင်းပြင်ပဋ္ဌာနသို့သာဝင်ရောက်နိုင်သည်။ အချို့ယဇ်ပုရောဟိတ်များက သန့်ရှင်းရာဌာနသို့ဝင်ရောက်ကြ၏။ ယဇ်ပုရောဟိတ်မင်းကြီးတစ်ပါးသာလျှင် အသန့်ရှင်းဆုံးဌာနသို့ ဝင်ရောက်နိုင်သည်။ ယနေ့ယုံကြည်သူများ၏ အသက်တာ အဆင့်မတူညီ ကြသကဲ့သို့ မောရှေ၏ တဲတော်အဆင့်အတန်း ပိုင်းခြားထားကြောင်း တွေ့ရသည်။

ဝိညာဉ်ရေးရာအရ၊ ကျွန်ုပ်တို့သည် တဲတော်၏မည်သည့် အပိုင်းတွင် ရှိနေကြသနည်း။ ကျွန်ုပ်တို့သည် ကယ်တင်ခြင်းသို့ရောက်ပြီး (သို့မဟုတ်) ရေနှစ်ခြင်းခံပြီး (သို့မဟုတ်) သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် နှစ်ခြင်းခံပြီး တဲတော်ဝင်းပြင်ပဋ္ဌာန၌ ပျော်မွေ့နေကြသူများဖြစ်ကြပါသလော။ ၎င်းသည် မြင့်မြတ်၍ အလေးအနက် ထားအပ်သော အတွေ့အကြုံဖြစ်ပါကြောင်း မှန်ကန်ပါသည်။ သို့သော် ကျွန်ုပ်တို့သည် ဘုရားသခင်၌ ပို၍ ကြီးမားသော အတွေ့အကြုံရရှိရေးအတွက် သန့်ရှင်းရာဌာနသို့ တစ်ဆင့်တိုး၍ သွားသင့်သည်။ သန့်ရှင်းရာဌာန၌ ကျွန်ုပ်တို့သည် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ပြည့်ဝပြီး အောင်မြင်သော အသက်တာကိုရယူကြရမည်ဖြစ်သည်။ သို့သော်လည်း ထိုထက်မက ပို၍ မြင့်မြတ်သည်မှာ ကန့်လန့်ကာကို ကျော်ဖြတ်၍ အသန့်ရှင်းဆုံးဌာနသို့ တိုးဝင်ရောက်ရှိရန်ဖြစ်သည်။ ထိုနေရာ၌ထာဝရဘုရား၏ မျက်နှာတော်ကို ဖူးမြင်ပြီး ဘုန်းတန်ခိုးတော်၌ တိုးပွားကြမည်ဖြစ်သည်။ ထိုနေရာသို့ ရောက်ရှိလျှင် ထာဝရဘုရား၏ပညတ်တရားများသည် ကျွန်ုပ်တို့၏ နှလုံးသားပေါ်၌ ရေးထားပြီး ဖြစ်သောကြောင့် သူ၏အလိုတော်ကို လိုက်နာ လုပ်ဆောင်ခြင်းသည် ကျွန်ုပ်၏ဆန္ဒ၊ ကျွန်ုပ်တို့၏မွေ့လျော်ရာဖြစ်ပေမည်။ အသန့်ရှင်းဆုံး ဌာန၌ ကျွန်ုပ်တို့သည် ဝိညာဉ်ရေးရာအရ ဖခင်များဖြစ်ကြပြီး သခင်ခရစ်တော်နှင့်အတူ စိုးစံ၍ တရားစီရင်ကြမည် ဖြစ်သည်။

ကျွန်ုပ်၏ပြင်းပြသောဆန္ဒမှာ ယနေ့နောက်ဆုံးသောကာလတွင် သန့်ရှင်းသူတို့သည် ဘုရားသခင်က အသင်းတော်အတွက် ပြင်ဆင်ပေးသော နေရာသို့ဝင်ရောက်ကြသည်ကို ရှုမြင်ရန်ဖြစ်သည်။ ကျွန်ုပ်တို့သည် တဲတော်၏ပြင်ပဋ္ဌာန၌ ကယ်တင်ခြင်းအကြောင်းနှင့် အခြေခံအယူဝါဒများ ဟောပြောရုံနှင့်မပြီးသေးပါ။ အသက်တာတိုးပွားလျက် ''သခင်ဘုရား၊ ကျွန်ုပ်အား ဘုန်းတန်ခိုးတော်ကို ပြတော်မူပါ'' ဟု အော်ဟစ်ကြွေးကြော်သင့်သည်။ ယနေ့နောက်ဆုံးသောကာလ၌ အသင်းတော်သည် ကြီးမားသော နိုးထမှုများရရှိ၍ ဝိညာဉ်အသီးများစွာသီးပွင့်ကြရန်လိုအပ်သည်။ ချစ်သော မိတ်ဆွေ ကန့်လန့်ကာကို ကျော်ဖြတ်၍ သခင်ဘုရားက သင့်ဘဝနှင့် သာသနာ့လုပ်ငန်းအတွက် ပေးလှူထားသောအရာများကို လက်ဆုပ်လက်ကိုင်ရယူလိုက်စမ်းပါဟု အားပေး တိုက်တွန်းလိုပါသည်။

BRIAN BAILEY

# ကောင်းကင်နိုင်ငံနှင့် ငရဲကို ရူမြင်ခြင်း

*By John Bunyan*

John Bunyan သည် ၁၇ ရာစု အင်္ဂလိပ်တရားဟောဆရာ တစ်ဦးဖြစ်ပြီး သူ၏ ခရစ်ယာန်ဘာသာယုံကြည်မှုကြောင့် ၁၂ နှစ်တိတိ အကျဉ်းထောင်ကျ ခဲ့သူဖြစ်သည်။ ကမ္ဘာ့သမိုင်း၌ အကျော်ကြားဆုံး၊ လူကြိုက်အများဆုံးဖြစ်သော ဘုရားဖွင့်ပြသည့်ရူပါရုံအဆင့်ဆင့် စာအုပ်အပါအဝင် စာအုပ်ပေါင်း ၄၀ အုပ်ရေးသား ခဲ့သူဖြစ်သည်။ ဤဆောင်းပါးဖြစ်စဉ်ကိုလည်း သူငယ်ရွယ်စဉ်က ရေးသားခဲ့ခြင်းဖြစ်သည်။ ဤဖြစ်စဉ်သည် သခင်ဘုရား စေလွှတ်လိုက်သော ကောင်းကင် တမန်က သူ့အားကောင်းကင်နိုင်ငံနှင့် ငရဲကို ရူမြင်ရန် ခေါ်ဆောင်သွားသည့် ဖြစ်ရပ်မှန် ဖြစ်သည်။ ၎င်းသည် တင်စားရေးဖွဲ့ထားသောအရာ (သို့မဟုတ်) စိတ်ကူးယဉ် ပုံပြင်မဟုတ်ပေ။ ထိုရူပါရုံအမြင်သည် လူငယ်အရွယ် John Bunyan အား ဘုရားသခင်၏ အင်အားကြီးမားသော ယုံကြည်သူ သူရဲကောင်းအဖြစ်သို့ အသွင်ပြောင်းလဲပေးရန်အတွက် ဘုရားရှင်အသုံးပြုလိုက်သော ဖြစ်စဉ်တစ်ခုဖြစ်သည်။ ဤဖြစ်စဉ်၏ ရူပါရုံအမြင်သည် သင့်အသက်တာကိုလည်း အသွင်ပြောင်းလဲပေးမည်ဟု ယုံကြည်မျှော်လင့်ပါသည်။

## အခန်း ၁

## မိမိကိုယ်ကို သေကြောင်းကြံစည်ခြင်း

ဆိုးသွမ်းသောသူများသည် အပြစ်ထဲ၌ဆက်လက် ကျင်လည်လာသည့်အခါ ဘုရားသခင်၏တရားမျှတသောတရားစီရင်ခြင်းကို ကြောက်ရွံ့လာကြသည်။ သူတို့၏ အပြစ်ကို စီရင်မည့်ဘုရားမရှိစေလိုသည့် ဆန္ဒသည် သူတို့၏စိတ်ထဲ၌ ဦးစွာ အမြစ်တွယ်လာသည်။

ထို့နောက်တဖြေးဖြေးဘုရားသခင်မရှိကြောင်း သူတို့ကိုသူတို့ သွေးဆောင်လာကြသည်။ သူတို့၏ထင်မြင်ယူဆချက်ကို အားပေးထောက်ခံမည့် အကြောင်းပြချက်များ ရှာကြံလာကြသည်။ ကျွန်ုပ်အား ဘုရားသခင်မရှိ၊ ဆာတန်လည်းမရှိ၊ ကောင်းကင်နိုင်ငံမရှိ၊ ငရဲလည်းမရှိဟု မကြာခဏပြောနေသောသူအတွက် ကျွန်ုပ်ဝမ်းနည်းမိပါသည်။

ထိုအကြောင်းအရာများကို ပြောနေသောသူ၏စကားကို ကြားခါစ၌ ကျွန်ုပ်သည် စိုးရိမ်ကြောက်ရွံ့လျက် တုန်လှုပ်မိပါသည်။ သို့သော် အကြိမ်ပေါင်းများစွာ ပြောလာသောအခါ ကျွန်ုပ်သည် သူပြောသောအရာများကို စဉ်းစားသင့်သည်ဟု ခံစားလာရသည်။ ထိုအချိန်မှစ၍ ကျွန်ုပ်သည် စိတ်ရှုပ်ထွေးလာပြီး ယခင်က ကျွန်ုပ်စိတ်ထဲ၌ ရှင်းရှင်းလင်းလင်းသိရှိထားသော ဘုရားသခင်၏ သမ္မာတရားများကို သတိမရနိုင်တော့ပေ။ ကျွန်ုပ်အနေဖြင့် ဘုရားသခင်မရှိဟု မယူဆနိုင်ပါ။ သို့သော် ကြီးမားသော ထိတ်လန့်တုန်လှုပ်ခြင်းနှင့်အတူ ဘုရားသခင်၏ ဖြစ်တည်နေခြင်းဆိုင်ရာ အမှန်တရားများကို မေးခွန်းထုတ်၍ သံသယစိတ်အနည်းငယ်ဝင်လာသည်။ ကျွန်ုပ်၏ ကောင်းကင်နိုင်ငံဆိုင်ရာ မျှော်လင့်ခြင်းကို လက်လွှတ်ခြင်းမပြုခဲ့ပါ။ သို့သော် ယခုအခါ ထိုကဲ့သို့သောနေရာမျိုးသည် တကယ်ပင်ရှိပါသည်ဟူသော စိတ်ချမှုသည် ကျွန်ုပ်၌မရှိတော့ပေ။ မရေရာသောစိတ်တွေ ဝေသောဘဝသို့ရောက်ခဲ့ရသည်။

ကျွန်ုပ်၏စိတ်ရှုပ်ထွေးမှုအတွက် နှစ်သိမ့်စကားရလိုငြား ကျွန်ုပ်အား ယုံမှားစေသော မိတ်ဆွေထံသို့သွားရောက်ခဲ့သည်။ ထိုသူသည် ကျွန်ုပ်၏စိုးရိမ်မှုအတွက် ရယ်မော၍ ကျွန်ုပ်အားသနားဟန်ဆောင်ပြီးပြောသည်။ သူ၏ပြောပြချက်များက ကျွန်ုပ်အားပို၍ စိတ်ရှုပ်ထွေးစေသည်။ ကျွန်ုပ်ခံစားတွေ့ကြုံခဲ့ရသော ပူပင်သောကဝေဒနာမှာ အဘယ်မျှလောက်ပြင်းပြသည်ကို အကျွန်ုပ်မပြောနိုင်ပါ။ ကြံရာမရ၊ အရူးအမူးဖြစ်ခဲ့ရသည်။ ကျွန်ုပ်သည်စိတ်ပျက်ခြင်းနှင့်မျှော်လင့်ခြင်း ၂ခုကြားထဲတွင် အဘယ်ကြောင့် အချိန်ဆွဲနေရသနည်း။ ကျွန်ုပ်ဘဝကို အဆုံးသတ်ခြင်းဖြင့် အမှန်တရားကို တွေ့ရှိအောင်ရှာဖွေခြင်းကပို၍ မသင့်မြတ်ဘူးလား၊ ဟူ၍ အကြိမ်ကြိမ်စဉ်းစား တွေးတောခဲ့သည်။ သို့ဖြစ်၍ နောက်ဆုံးမိမိကိုယ်ကို သေကြောင်းကြံစည်ခဲ့သည်။

တစ်မနက်၌ ကိုယ့်ကိုကိုယ်သတ်သေရန်အတွက် အနီးစပ်ဆုံးတောထဲသို့ ကျွန်ုပ်သွားခဲ့ပါသည်။ သို့သော် ကျွန်ုပ်၏ ဓါးကို အသုံးပြုရန်မထုတ်မီအချိန်အနည်းငယ်အလို၌ တိုးတိုးပြောပြသော အသံကြားရသည်။ "သင်၏ဝိညာဉ်ရေးရာရန်သူကို ဝမ်းမြောက်ကျေနပ်စေရေးအတွက် ထာဝရဝေဒနာခံစားရာနေရာသို့ ဆင်းသက်ရန် အဘယ်ကြောင့် ကြံစည်သနည်း။ မိမိအားသေစေနိုင်သော ရိုက်ချက်ကိုပြုခြင်းသည် ထာဝရဝေဒနာခံစားရာငရဲသို့ဆင်းသက်ရန်မိမိကိုယ်တိုင်တံဆိပ်ခတ်ခြင်းဖြစ်၏။ ဘုရားသခင်သည် အမှန်ပင်ရှိနေလျှင် သူကိုယ်တိုင် သဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းထားသော မိမိကိုယ်ခန္ဓာအား မိမိကိုယ်တိုင် ဖျက်ဆီးမည်ဆိုပါက သူ့ထံမှ ကရုဏာတော်ကို အဘယ်ကြောင့် မျှော်လင့်ပါသနည်း။ သင့်ကိုယ်ခန္ဓာအား အဘယ်သူဖန်ဆင်းပါသနည်း" ဟူသော တိုးတိုးပြောစကားကိုကြားရ၏။

ထိုစကားသံသည် အဘယ်အရပ်မှလာပါသနည်း။ မသိရပါ။ သို့သော် ထာဝရဘုရား ထံတော်မှလာသည်ဟု အကျွန်ုပ်ယုံကြည်ပါ၏။ အလွန်တန်ခိုးပါသောစကားဖြစ်၏။ အကြောင်းမှာ ထိုစကားသံက အကျွန်ုပ်၏လက်ထဲမှ ဓါးကိုအဝေးသို့ လွှင့်ပစ်စေခဲ့ပါသည်။ မိမိကိုယ်ကိုသတ်သေခြင်းသည် အလွန်ဆိုးရွားအကျည်းတန်သောအရာဖြစ်ကြောင်း၊ ရှင်းရှင်းလင်းလင်းသိမြင်စေခဲ့၏။ ကျွန်ုပ်ကျူးလွန်ခါနီးဖြစ်သော ကြောက်မက်ဖွယ်ရာ အနိဋ္ဌာရုံကြီးက ကျွန်ုပ်အား တုန်လှုပ်ချောက်ခြားစေခဲ့ပါသည်။ ထိုအနိဋ္ဌာရုံမှ ကျွန်ုပ်အား ကယ်လွှတ်လိုက်သူမှာ သခင်ဘုရားဖြစ်ကြောင်း အကျွန်ုပ်ကောင်းစွာသိ၏။ ထို့ကြောင့် ကျေးဇူးတော်ကို အထူးချီးမွမ်းခြင်းနှင့်အတူ မြေပေါ်၌ ဒူးထောက်လျက် သခင်ဘုရားအား အကျွန်ုပ်ကိုးကွယ်ခဲ့ပါ၏။ အကျွန်ုပ်၏ဝိညာဉ်ရေးရာမှောင်မိုက်ဘဝကို ဖယ်ရှားပေးရန် ဆုတောင်းခဲ့ပြီး၊ ကျွန်ုပ်ကိုယ်တိုင် ကြုံတွေ့ခံစားရသော ဘုန်းတန်ခိုးတော်နှင့် သူ၏တည်ရှိနေခြင်းတို့ အပေါ် သံသယစိတ်မဝင်မိစေရန်လည်း ထိုနေရာ၌ပင်ဆုတောင်း ပဋ္ဌနာပြုခဲ့ပါသည်။

ရုတ်တရက်ပင်ထာဝရဘုရား၏ ဘုန်းတန်ခိုးရောင်ခြည်တော်သည် ကျွန်ုပ်၏ ပတ်ပတ်လည်ကို ဝိုင်းလျက်ထွန်းလင်းတောက်ပနေပါ၏။ ကျွန်ုပ်မြင်တွေ့ခဲ့ဘူးသမျှ အရာများထက်ပို၍ တောက်ပလျက်ရှိ၏။ လူကဲ့သို့သော ပုဂ္ဂိုလ်တစ်ဦးသည် ဘုန်းတန်ခိုးတော်နှင့်အတူ ကျွန်ုပ်ထံသို့ ချဉ်းကပ်၍လာနေသည်ကိုမြင်ရ၏။ ကျွန်ုပ်ထံသို့ပို၍ နီးလာလေလေ၊ သူ့ကိုပတ်လည် ဝိုင်းထားသောရောင်ခြည်တန်းနှင့် တန်ခိုးတော်သည် ပို၍ တောက်ပလေလေဖြစ်သည်။ ကျွန်ုပ်မတ်တတ်ထရန်ကြိုးစားသော်လည်းမရပါ။ အားအင်မရှိသောကြောင့် ပြန်၍လဲကျခဲ့ရ၏။ ထိုသူက အကျွန်ုပ်အားထူမလိုက်သောအခါ အသစ်သောခွန်အားများ ရရှိခဲ့၏။ ထိုသူအား ကျွန်ုပ်ပြောလိုက်သည်မှာ "အို အလွန်တောက်ပသော အကျွန်ုပ်၏ ကယ်တင်ရှင် အဘယ်မျှလောက်ကျေးဇူးတင်၍ အဘယ်မျှလောက်ကြည်ညိုလေးစားသည်ကို ကျွန်ုပ်နှုတ်ဖြင့်မဖော်ပြနိုင်ပါ၊ ဝတ်ပြုကိုးကွယ်ပါ၏သခင်" ဟူ၍ပြောမိပါသည်။

ထိုသူက ခန့်ညားထယ်ဝါ၍ ယဉ်ကျေးသိမ်မွေ့သောစကားဖြင့် ပြန်ပြောသည်မှာ "သင်၏ဘုရားသခင်ထာဝရဘုရားအား ကြည်ညိုစွာဖြင့် ဝတ်ပြုကိုးကွယ်လော့၊ ငါမူကား သင်ကဲ့သို့ ဖန်ဆင်းခြင်းခံသောသူ၊ ဘုရားသခင်စေလွှတ်သောသူဖြစ်၏။ သင်ငြင်းပယ်သောထာဝရဘုရားက သင့်အား ထာဝရပျက်စီးခြင်းသို့မရောက်မိစေရေးအတွက် သတိပေးဟန့်တားရန် အကျွန်ုပ်ကို စေလွှတ်ပါ၏" ဟု ပြောပြသည်ကိုကြားရ၏။

ထိုကြီးမားသောကျေးဇူးကရုဏာတော်သည် အကျွန်ုပ်၏နှလုံးသားကို ဆုပ်ကိုင်လှုပ်ရမ်းလျက်ရှိ၏။ ကျွန်ုပ်သည် "ထိုကြီးမားသော ကျေးဇူးတော်နှင့် ကရုဏာတော်ကို အကျွန်ုပ်မထိုက်တန်ပါ။ မထိုက်တန်ပါ" ဟူ၍ ငိုကြွေးလျက်အော်နေမိသည်။ ကောင်းကင်တမန်က ကျွန်ုပ်အားတုံ့ပြန် မိန့်ဆိုသည်မှာ "ထာဝရဘုရားသည် သင့်အားသူ၏ကျေးဇူးကရုဏာတော်ကို ပြသခံစားစေရန် ဆုံးဖြတ်ပြီးဖြစ်၍ သင့်ဘက်က မထိုက်တန်မှုကို စဉ်းစားပေးမည်မဟုတ်၊ သူ၏ကြီးမားသော ချစ်ခြင်းမေတ္တာနှင့် ကောင်းမြတ်ခြင်းသည် ဘောင်ခတ်ချည်နှောင်ထား၍မရ။ သင့်ဝိညာဉ်ရေးရာရန်သူသည်

သင့်အားပျက်ဆီးစေလိုကြောင်းသူသိမြင်ခဲ့၏။ သို့သော်လည်း သူ၏လှို့ဝှက်သော ဘုန်းတန်ခိုးဖြင့် သင့်ကို ထိန်းသိမ်းစောင်မတော်မူပြီ။ ထိုဘုန်းတန်ခိုးအားဖြင့် သင့်ကို ဖျက်ဆီးရန် လုပ်ထားသော စာတန်၏ထောင်ချောက်ကို ဖျက်ဆီးပြီး သင့်အား ကယ်မတော်မူသောကြောင့် သင်သည် လွတ်မြောက်လျက်ရှိ၏'' ဟူ၍ မိန့်ဆိုခဲ့သည်။ ထိုစကားသံက အကျွန်ုပ်၏နှလုံးသားထဲ၌ သီချင်းစာသားအဖြစ်ပြောင်းလဲပြီး၊ ကျွန်ုပ်၏ ကယ်တင်ရှင်အားချီးမွမ်းထောပနာပြုစေပါ၏။ ထိုဘုရားသည် တစ်ဆူတည်းသော မေတ္တာရှင်၊ ကယ်တင်ရှင်ဘုရားသခင်ဖြစ်ကြောင်း အကျွန်ုပ်နှုတ်ဖြင့် ဝန်ခံလျက် ကြွေးကြော်မိသည်။

## အခန်း ၂

## နေနှင့်ကြယ်များထက်ပို၍ ဝေးလံမြင့်မားသောထိုနေရာ

ကောင်းကင်တမန်က ဆက်ပြော၏။ သင်သည်ထာဝရတည်မြဲသော စစ်မှန်သည့် အရာများအပေါ်သံသယစိတ်မရှိဘဲ ရှင်းရှင်းလင်းလင်းသိစေခြင်း၌ ယုံကြည်ခြင်းအားဖြင့် မဟုတ် မြင်တွေ့စေခြင်းအားဖြင့် သင့်ကို ပြသခြင်း၌ ငါလာ၏။ ငါသည် သင့်အား ထာဝရတည်မြဲသောအရာများကို ဇာတိမျက်စိဖြင့် မမြင်နိုင်သောအရာများကိုပြမည်။ ထို့နောက် သင့်မျက်စိသည်အားကောင်းလာပြီး ကောင်းကင်နိုင်ငံနှင့်ဆိုင်သော အရာများကို ရှုမြင်နိုင်စွမ်းရှိလာမည်။

ကောင်းကင်တမန်ပြောသောစကားသည် အကျွန်ုပ်အား အလွန်အမင်းအံ့သြစေပါ၏။ ဖြစ်နိုင်ပါ့မလား ဟူ၍ သံသယစိတ်ဝင်မိသဖြင့် ကောင်းကင်တမန်အား ''ထိုသို့မြင်နိုင်ဘို့ရန် အဘယ်သူစွမ်းဆောင်နိုင်မည်နည်း'' ဟူ၍ မေးခွန်းထုတ်မိသည်။

ထိုအခါသူက ''ဘုရားသခင်၏ ဝမ်းမြောက်ခြင်းသည် သင့်အတွက် ခွန်အားဖြစ်၏။ မကြောက်နှင့်၊ မစိုးရိမ်နှင့်၊ သင်မမြင်နိုင်သောအရာကို ပြသဘို့ရန်အတွက် ငါ့အားစေလွှတ်ခဲ့ခြင်းဖြစ်၏'' ဟု ပြန်ပြော၏။ ထိုအချိန်၌ ကျွန်ုပ်သည် မြေမျက်နှာပြင်၏အထက်အလွန်မြင့်သောနေရာတွင်ရှိနေကြောင်းသတိပြုမိသည်။

ထို့နောက် ကျွန်ုပ်သည် အလွန်တောက်ပသော ဦးဆောင်သူကောင်းကင်တမန်အား ''ကျေးဇူးပြု၍ မေးခွန်းတစ်ခု၊ နှစ်ခုလောက်မေးပါရစေ၊ စိတ်အနှောက်အယှက်မဖြစ်ပါနှင့်'' ဟု တောင်းပန်၏။ ထိုကောင်းကင်တမန်က ''မေးပါ၊ သင့်မေးသမျှပြေဘို့ရန်ဟာ ငါ့တာဝန်ဖြစ်တယ် အကြောင်းကတော့၊ ငါက သင်နဲ့တကွ ကယ်တင်ခြင်း အမွေခံရမည့်သူတွေ အားလုံးရဲ့အကျိုးကို ဆောင်ဘို့ရန် စေလွှတ်ခံသူ ဖြစ်တယ်ဟု ပြန်ပြောပြ၏။ ကျွန်ုပ်က ''အပေါ်သို့မြင့်တက်လေလေ၊ ငယ်လေလေ ဖြစ်သွားတဲ့ ကျွန်ုပ်တို့အောက်က မှောင်မဲနေတဲ့ အစက်အပျောက်ဟာဘာလဲ'' ဟု မေးလိုက်ရာ၊ ကောင်းကင်တမန်က ''အလွန်မှောင်မဲ၍ စက်ဆုပ်ရွံရှာဘွယ်ကောင်းသော သေးငယ်သည့် အစက်အပျောက်သည် သင်နေထိုင်ခဲ့သော ကမ္ဘာမြေကြီးဖြစ်ကြောင်း'' ပြန်ရှင်းပြသည်။ ထိုအလွန်သေးငယ်သော အမဲစက်ကလေးကို ရရှိရေးအတွက် လူတို့သည် စွန့်စား၍ ထာဝရရှင်သန်သော မိမိ၏ဝိညာဉ်ကို ဆုံးရှုံးကြရကြောင်း၊ ထိုဝိညာဉ်သည် အလွန်တန်ဖိုးကြီးမားပြီး၊ ကမ္ဘာမြေကြီးတခုလုံးကို ရရှိလျှင်ပင် ထိုဝိညာဉ်လောက် တန်ဖိုးမရှိဟု ငြိမ်သက်ခြင်းအရှင်သခင်က ကျွန်ုပ်တို့အား ပြောခဲ့ပြီး ဖြစ်ကြောင်း၊ ပြန်၍ရှင်းပြသည်။ ကောင်းကင်ပေါ်သို့ပို၍မြင့်တက်လေလေ၊ ကမ္ဘာမြေကြီးက ပို၍ ငယ်လေလေဖြစ်ပြီး၊ နောက်ဆုံးမထင်မရှားမရေမရာဖြစ်သွားကြောင်း၊ မိမိစိတ်နှလုံးကို ကမ္ဘာလောကကြီး ထက်ပို၍ မြှင့်တင်နိုင်သော ယုံကြည်သူများသည်လည်း ထိုကဲ့သို့ပင် မြင်ကြရမည် ဖြစ်ကြောင်းရှင်းပြသည်။ ကမ္ဘာလောက၌နေသော လူတို့၏ သားသမီးများ သည် ကမ္ဘာလောကကို ထိုကဲ့သို့ပင်မြင်၍ ငမ်းငမ်းတက်တပ်မက်ခြင်းမရှိ သော်ငြားလည်း ထိုမှောင်မိုက်ကမ္ဘာ၌သာနေကြရ၏။ အဆိုးဝါးဆုံးမှာ သူတို့သည် ဤမှောင်မိုက်ကမ္ဘာလောက၌သာဆက်လက်နေထိုင်လိုကြခြင်းဖြစ်သည်။ အလင်းတရား၏ အရှင်သခင်သည် သူတို့ကြား၌ ဆင်းသက်လာ၍ ဘဝအသက်တာအတွက် မှန်ကန်သော အလင်းသဘောကိုပြသသော်ငြားလည်း သူတို့သည် မခံယူကြဘဲမှောင်မိုက်ထဲ၌သာ ကျင်လည်မြဲကျင်လည်ကြ၏။ အကြောင်းမူကား သူတို့၏သဘောတူညီလုပ်ဆောင်ချက်အားလုံးသည် ဆိုးယုတ်သောအနိဋ္ဌာရုံသက်သက်ဖြစ်သောကြောင့်ပင်ဖြစ်သည်။

''ကမ္ဘာလောက၏ အထက်လေထုထဲတွင် ရစ်ဝဲနေသော အလွန်ဆိုးရွားကြောက်မက်ဖွယ်ကောင်းသည့် မဲနက်သောအရာများသည် အဘယ်နည်း။ အကျွန်ုပ်သည် ထိုသူတို့ကို ကြောက်လှပါ၏ သို့သော် သင်ဖြတ်သန်းသွားသောအခါ ထိုသူတို့သည် အဝေးသို့ပျံသွားကြ၏။ သင်၏တောက်ပသောအလင်းရောင်ကို မခံနိုင်ကြသေကြောင့် ဖြစ်မည်ဟု ယူဆပါသည်'' ဟူ၍ သူ့အားမေးပြောပြောခဲ့သည်။

ထိုကောင်းကင်တမန်က ပြန်ပြောသည်မှာ သူတို့သည် ဝါကြွားခြင်းနှင့် ဘုရားကို ပုန်ကန်ခြင်းတို့ကြောင့် ကောင်းကင်မှ နှင်ချခြင်းကိုခံသောကျဆင်းသည့် ကောင်းကင်တမန်များဖြစ်သည်။ သူတို့သည် တန်ခိုးကြီးသောဘုရားသခင်၏ အမိန့်တော်ကြောင့် လေထုထဲတွင် ရစ်ဝဲပျံသန်းနေကြသည်။ နောက်ဆုံးသော နေ့ရက် တရားစီရင်နေ့ကြီးသည် မှောင်မိုက်၌ ချီနှောင်ထားရမည့်သူများဖြစ်ကြသည်။ သူတို့သည် ရွေးကောက်ထားသောသူများအား စုံစမ်းနှောက်ယှက်ရန် (သို့မဟုတ်) စမ်းသပ်စစ်ဆေးရန်နှင့် ကောက်ကျစ်စဉ်းလဲသူများအား ပစ်တင်ရှုပ်ချရန်အတွက် ကမ္ဘာလောကသို့ ဆင်းသက်ခွင့်ရှိသူများဖြစ်သည်။ ယခုအခါ သူတို့သည် မှောင်မဲ၍ အလွန်ဆိုးရွား ကြောက်စရာကောင်းသောပုံစံဖြစ်နေကြသော်လည်း တစ်ချိန်က သူတို့သည် အလင်း၏ သားများ ဖြစ်ခဲ့ဖူးကြသည်။ တစ်ချိန်က သူတို့သည် ယခုသင်မြင်နေရသော ကျွန်ုပ်ကဲ့သို့ပင် အလွန်တောက်ပ၍ တန်ခိုးနှင့်ပြည့်ဝသော ဝတ်ရုံကို ဝတ်ဆင်ထားခဲ့ကြသည်။ ယခုအခါ ဤကဲ့သို့ဖြစ်ရခြင်းငှါ သူတို့၏ဆန္ဒအလျောက် အပြစ်ကျူးလွန်းခြင်း၊ ဒေါသမောဟ ကြီးမားခြင်း၊ တန်ခိုးကြီးသော ဘုရားသခင်အား မုန်းတီး၍ ပုန်ကန်ခြင်းဖြစ်သည်။

''အိုမြင့်မြတ်သော ကောင်းကင်တမန်တော်များ၊ သူတို့သည် ဘုရားသခင်နဲ့ ပြန်လည်သင့်မြတ်ရန် အခွင့်အရေးရှိပါမည်လော။ သူတို့အထဲတွင် အနည်းငယ်မျှသော သူများအတွက် မျှော်လင့်ချက်ရှိပါအုံးမည်လော'' ဟု ကျွန်ုပ်က မေးမြန်းလိုက်သည်။

''လုံးဝမရှိပါ။ သူတို့သည် ထာဝရပျက်စီးဆုံးရှုံးသူများဖြစ်ကြသည်။ သူတို့သည် ပထမဦးဆုံးဖြစ်မှုကျူးလွန်သူများသွေးဆောင်ဖျားယောင်းသူမရှိ မိမိဆန္ဒအရ၊ ကျူးလွန်သူများဖြစ်ကြပြီး ချက်ခြင်းပင် ကောင်းကင်မှ နှင်ချခံသောသူများဖြစ်ကြသည်။ ဘုရားသခင်ရဲ့ သားတော်အားဖြင့် မဟုတ်လျှင် အဘယ်သူမျှ ကယ်တင်ခြင်းသို့ မရောက်နိုင်၊ အဘယ်သူမျှ အပြစ်ကင်းစင်သောသူအဖြစ် မိမိကိုယ်မိမိ မစွမ်းဆောင်နိုင်ပါ။ ထာဝရဘုရားသည် ဖောက်ပြန်သောကောင်းကင်တမန်များကို ဖျက်ဆီးပစ်ရန်အတွက် သာထားခဲ့၍ အာဗြဟံ၏ မျိုးဆက်များကိုသာ ချီးမြှောက်ခဲ့သည်။ ထိုအကြောင်းကြောင့် ထိုကျဆင်းသောသူများသည် လူသားများအား အလွန်မုန်းတီးခြင်းဖြစ်သည်။ အကြောင်းမှာ သူတို့သည် ငရဲ၌ ပျက်ဆီးမည့်သူများဖြစ်၍ လူသားများမူကား ကောင်းကင်နိုင်ငံ၏ အမွေခံသားများအဖြစ် ပြုလုပ်ခဲ့ခြင်းကြောင့်ဖြစ်သည်။

ယခုအခါ ကျွန်ုပ်တို့သည် နေမင်းကြီး၏အထက်မြင့်သော နေရာသို့ရောက်ရှိနေပြီဖြစ်သည်။ ကျွန်ုပ်၏ဦးဆောင်သူကောင်းကင်တမန်က ကျွန်ုပ်အားပြောပြသည်မှာ ''ဤမီးလောင်နေသောအလုံးကြီးသည် ထာဝရဘုရား၏ ကြီးမားသောလုပ်ဆောင်မှုများမှ တစ်ခုအပါအဝင်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့နှင့် အလွန်ဝေးကွာသောနေရာမှာရှိသော မှိတ်တုတ်မှိတ်တုတ်ကြယ်များသည် ပို၍နိမ့်ကျသေးသိမ်ကြသည်မဟုတ်၊ သူတို့သည် သတ်မှတ်ထားသောနေရာ တစ်ခုတွင် တစ်စုံတစ်ခု၏ ထောက်ပင့်ကူမမှုမရှိပဲ ရပ်တည်နေကြသည်။ ဖန်ဆင်းရှင် ဘုရားသခင်၏ နှုတ်တော်ထွက် စကားအားဖြင့်သာ လျှင် ရပ်တည်နိုင်ကြခြင်းဖြစ်သည်။

''ထိုနှုတ်တော်ထွက်စကားသည် လုံလောက်ပေ၏'' ဟု ကျွန်ုပ်က ကောင်းကင်တမန်အား ပြောသည်။ ဖန်ဆင်းရှင်၏ တန်ခိုးအာနုဘော်တော်အားလူအများ ယုံကြည်စေရန်နှင့် ထာဝရဘုရား၏ တန်ခိုးတော်အားဖြင့် သက်သေ အထောက်အထား များစွာ ပေးထားချက်များကို မယုံကြည်သူများအား ပြသဘို့ရန်အတွက် ဘုရားသခင်၏ နှုတ်တော်ထွက်စကားသည် လွန်စွာပင် လုံလောက်ပေ၏။ အကယ်၍ လူတို့သည် အောက်သို့ သာငုံ၍ ကြည့်နေသော တိရစ္ဆာန်များနှင့် တူနေလျှင် ဘုရားသခင်၏ တန်ခိုးတော်နှင့် ပညာ အမြော်အမြင်များကို သိရှိသိပြီးအကျိုး ခံစားနိုင်ကြမည် မဟုတ်။

''သင်သည် မှန်သောစကားကိုဆို၏'' ဟု ကောင်းကင်တမာန်က ကျွန်ုပ်အား ပြန်ပြောသည်။ သို့သော်လည်း ထိုအရာထက်ကြီးမြတ်သောအရာများကို သင်မြင်ရလိမ့်မည်။ သင်မြင်သော အရာများကို သင်နားလည်သဘောပေါက်နိုင်သမျှ သင့်အား ပေးထားပြီးဖြစ်သည်။''

အချိန်အနည်းငယ်ကြာသောအခါ ကောင်းကင်တမန်ပြောပြသည့်အတိုင်း ကျွန်ုပ်မြင်ရ၏။ ကျွန်ုပ်သည် ကမ္ဘာမြေပြင်မှ ကောင်းကင်နိုင်ငံသို့ ပြောင်းရွှေ့ခြင်းခံရပြီး ဖြစ်၍ ကျွန်ုပ်မြင်တွေ့သောအရာများအားလုံးတို့သည် ဖော်ပြ၍မရနိုင်လောက်အောင် လှပကြသည်။ ကြားရသောသီချင်းများသည်လည်း အံ့သြစရာကောင်းလောက်အောင် လှပ၍ ကျွန်ုပ်မည်သည့်အခါမျှမဆိုးဘူးသော သီချင်းများဖြစ်ကြသည်။ ဤကြီးမြတ်သော တန်ခိုးတော်ကိုမြင်ဘူးသောသူများက ထိုအကြောင်းအရာကို စုံလင်စွာ မပြောတတ် သကဲ့သို့ မြင်တွေ့ဘူးသောသူသည်လည်း မြင်တွေ့သမျှ အစိတ်အပိုင်းများစွာတို့ကို ဖော်ပြနိုင်မည်မဟုတ်ပေ။ သို့ဖြစ်၍ တစ်ပါးအမျိုးသားများ၏ တမာန်တော်ဖြစ်သော ရှင်ပေါလုက ကျွန်ုပ်တို့အား ဤသို့ပြောပြခဲ့သည်မှာ သူရောက်ခဲ့သော နိဗ္ဗာန်ဘုံ၌ လူသားများပြော၍မရနိုင်သော စကားကို ကြားခဲ့ရ၏ ''ဘုရားသခင်ကိုချစ်သော သူတို့အဖို့ အလို့ငှာ၊ ဘုရားသခင်ပြင်ဆင် တော်မူသောအရာတို့ကို လူမျက်စိဖြင့်မမြင်၊ နားဖြင့်မကြား၊ စိတ်နှလုံးဖြင့် မကြံစည်သေး'' ဟု ဖော်ပြထားသည်။ ကျွန်ုပ်မြင်ခဲ့သမျှ၊ ကြားခဲ့သမျှ၊ ကျွန်ုပ်သတိယနိုင်သမျှအားလုံးတို့ကို သင်တို့အား ငါပေးမည်။

# အခန်း ၃

## လေယ၏ ရှင်းပြချက်

ကျွန်ုပ်အား အလွန်မြင့်မြတ်သောနေရာသို့ ပထမဦးဆုံးအကြိမ် သယ်ဆောင်သွားသော အခါ၌ မရေမတွက်နိုင်လောက်အောင် များပြားသော အလွန်တောက်ပသည့် အစောင့်များကို မြင်ခဲ့ရ၏။ ထိုသူတို့သည် မင်္ဂလာ အပေါင်းနှင့် ပြည့်စုံသော ထိုနေရာသို့ ကျွန်ုပ်အား လာရောက်ရန် လက်ယက် ခေါ်ဖိတ်လျက် ကြိုဆိုနေကြ၏။ ထိုနေရာ၌ ချဉ်းကပ်၍ မရနိုင်သော တောက်ပသည့် အလင်းရောင်ကို မြင်ရ၏။ ထိုအလင်းရောင်က ပတ်ဝန်းကျင်၌ရှိသောအရာအားလုံးကို နဂို အနေအထားနှင့်မတူအောင် ပြောင်းလဲစေခဲ့၏။ ချီးမြောက်ခြင်း ခံရသော သန့်ရှင်းသူတို့၏ ဝိညာဉ်များသည် ဖောက်ထွင်း သိမြင်နိုင် စွမ်းရှိကြ၏။ သူတို့သည် နေ၏ အလင်းရောင် အားဖြင့်မဟုတ်၊ ထိုနေရာ၌ ရှိသော အလင်းရောင် အားဖြင့် ထွန်းလင်းတောက်ပ လျှက်ရှိကြ၏။ ကောင်းကင်နိုင်ငံရှိ အိမ်ခန်း များသည်လည်း ထိုအလင်းရောင်ဖြင့် ထွန်းလင်းတောက်ပ လျှက်ရှိကြ၏။ ထိုအလင်းရောင်မှုကား အခြားမဟုတ် ဘုရားသခင်၏ တန်ခိုးတော်ပင် ဖြစ်၏၊ ထိုအလင်းရောင်နှင့် ယှဉ်ကြည့်ပါက နေ၏ အလင်းရောင်သည် မှောင်လျှက်ပင်ရှိ၏။ အတောက်ပဆုံးသောရတနာများ၏ တောက်ပမှု သည်လည်း သေနေသော မီးသွေးကဲ့သို့ ပင်ဖြစ် ပေမည်။ ထို့ကြောင့် ထိုအရာကို ဘုရားသခင်၏ ဘုန်းတန်ခိုးတော်နှင့် ပြည့်သော ပလ္လင်တော် ဟု ခေါ်၏။ ထာဝရဘုရား၏ တန်ခိုးတော်ရောင်ခြည် ထွန်းလင်း တောက်ပရာနေရာဖြစ်၏။ အလွန် မြင့်မားသော တန်ခိုးတော်ပလ္လင်ပေါ်၌ရှိသော ဘုရားသခင်သည် ကျွန်ုပ် အတွက် အလွန်တောက်ပပါ၏။ များပြားလှစွာသော ကောင်းကင်တမန်များနှင့် သန့်ရှင်းသူတို့သည် ''ဟာလေလုယာ'' ဟု သီဆို၍ သူ၏ဂုဏ်တော်ကို ချီးမွမ်းလျှက် ရှိကြ၏။ ဘုရားသခင်၏ တန်ခိုးတော်ပင်ဖြစ်၏။ အကြောင်း မူကား ဘုရားသခင်သည် သူရှိသောနေရာ၌ တန်ခိုးတော်နှင့် ပြည့်ဝစေ၍ ကောင်းကင်နိုင်ငံတော်နှင့်တူစေ၏။ ဘုရားသခင်၏ မျက်မှောက်တော်မှ သာယာပျော်ရွှင်ဖွယ်ကောင်းသော မြစ်ကြီးသည် အဆက်မပြတ် တစ်သွင်သွင်စီးဆင်းလျက်ရှိ၏။ စိတ်ကြည်နူးစရာ ရောင်ခြည်တော်များ၊ ဝမ်းမြောက်ခြင်း နှင့် ခမ်းနားထည်ဝါမှုများကို ထာဝရဖြစ်ပေါ်စေသည်။

ထိုပလ္လင်တော်ပေါ်မှ ထာဝရထွန်းလင်းတောက်ပသော ထာဝရဘုရား၏ တန်ခိုးတော် ရောင်ခြည်သည် အလွန်တောက်ပသောကြောင့် ကျွန်ုပ်ကြည့်နိုင်စွမ်းမရှိပါ။ ကျွန်ုပ်ခံ နိုင်ရည်မရှိပါ။ ကျွန်ုပ်၏ ဦးဆောင်သူကောင်းကင်တမန်အား အော်ဟစ်လျက် ''ထာဝရဘုရား၏ တန်ခိုးတော်သည် ကျွန်ုပ်အတွက် အလွန်ကြီးမားတောက်ပလှပါ၏။ ကျွန်ုပ်မခံနိုင်ပါ။ သို့သော် ထိုတန်ခိုးတော်သည် ကျွန်ုပ်အားစိတ်ရွှင်သန်းစေ၍ ဝမ်းမြောက် စေသောကြောင့် ကျွန်ုပ်သေလျှင် သေပေစေ၊ ကျွန်ုပ်ကြည့်နေချင်ပါသည်'' ဟု တိုင်တည်မိပါသည်။

ကောင်းကင်တမန်က ကျွန်ုပ်အား ''မဟုတ်ဘူး၊ မဟုတ်ဘူး၊ သေခြင်းတရားက ဤမင်္ဂလာရှိသောနေရာသို့မဝင်နိုင်ဘူး၊ အပြစ်တရားလည်း မဝင်ရောက်နိုင်သလို ဝမ်းနည်း ပူဆွေးခြင်းလည်း မချဉ်းကပ်နိုင်ဘူး၊ ဝမ်းမြောက်ပျော်ရွှင်အပေါင်းနှင့် ပြည့်စုံသော ထာဝရဘုရား၏ တန်ခိုးတော်ရောင်ခြည်တည်ရှိရာနေရာဖြစ်၍ ခပ်သိမ်းသော ဆိုးဝါးမှုအားလုံးမှ လွတ်မြောက်စေမည်။ ထိုကဲ့သို့သော လွတ်မြောက်မှုမရှိလျှင် ယနေ့ကျွန်ုပ်တို့ခံစားရသော ကောင်းကြီးမင်္ဂလာများသည် စုံလင်သောအရာမဖြစ်နိုင်ပေ။ ငါ့နောက်သို့လိုက်လော့၊ သင်ကဲ့သို့ခန္ဓာကိုယ်နှင့် အသက်ရှင်နေသော သူထံသို့ ခေါ်သွားမည်။ သင့်အားပြန်လည်ခေါ်ဆောင်ခြင်းမပြုမီ တိုင်အောင်ထိုသူနှင့် စကားပြောလော့'' ဟု ကျွန်ုပ်အားဆို၏။

(ဤနေရာ၌ နေရသော အခွင့်ကိုပေးတော်မူပါ) ဟု စိတ်အား ထက်သန်စွာ ပြန်ပြောလိုက်သည်။ အကြောင်းမှာ ထိုနေရာသည် အကျွန်ုပ်အတွက် အလွန်စိတ်ချမ်းမြေ့စရာ ကောင်းလှပါသည်။ ကျွန်ုပ်၏ တောက်ပသော ကောင်းကင်တမန်က ပြန်ပြော သည်မှာ ''ဤနေရာသည် မကြာမီသင့်အတွက် ထာဝရ နေထိုင်ရမည့် နေရာဖြစ်သည်။ ဦးစွာပထမ ဘုရားသခင်၏ အလိုတော်ကို နာခံရမည်'' ဟု ကျွန်ုပ်အား ပြန်ပြောသည်။

သူသည် ကျွန်ုပ်အား ထောင်ပေါင်းများစွာသော ကောင်းကင်တမန်များကို ကျော်ဖြတ်၍ အလျင်အမြန် သယ်ဆောင်သွားပြီး သန့်ရှင်းသူ ပရောဖက် လေယရှေ့တော် မှောက်သို့ ပို့ဆောင်ပေးသည်။ ပရောဖက် လေယသည် လွန်ခဲ့သော နှစ်ရာပေါင်းများစွာက လောက၌ အသက်ရှင် ခဲ့သောသူ ဖြစ်သော်ငြားလည်း မြင်လျှင်မြင်ချင်း လေယ ဖြစ်ကြောင်း ကျွန်ုပ်မှတ်မိပါ၏။ ကျွန်ုပ်၏ ဦးဆောင်သူ ကောင်းကင်တမန်က လေယအား ပြောသည်မှာ ''ဤလူသည် အလင်းတရား၏ ဘုရင့် နိုင်ငံတော်အား လေ့လာရန် ပလ္လင်တော်မှ ခွင့်ပြုလိုက်သောသူ ဖြစ်သည်။ သင့်ထံ၌ သင်ယူရန်အတွက် ယူဆောင်လာခြင်း ဖြစ်သည်။ ''ထိုအခါ ပရောဖက်လေယက ကျွန်ုပ်ဝမ်းမြောက်ဝမ်းသာစွာ လုပ်ဆောင်ပါမည်။ အကြောင်းမူကား ဘုရားသခင်၏ အလိုတော်ကို လုပ်ဆောင်ခြင်းနှင့် သိုးသူငယ်အား ချီးမွမ်းထောပနာ ပြုခြင်းသည် ကျွန်ုပ်တို့အတွက် ချိုမြိန်အရသာ ရှိသောစားစရာနှင့် သောက်စရာဖြစ်၏။ ပလ္လင်တော်ပေါ်၌ ထိုင်သောသူ သိုးသူငယ် သခင်ယေရှုသည် မင်္ဂလာရှိခြင်း၊ ဂုဏ်ကျက်သရေရှိခြင်း၊ ဘုန်းကြီးခြင်း၊ တန်ခိုး အာဏာနှင့် ပြည့်စုံခြင်းများဖြင့် ထာဝရအစဉ် အဆက် ပြည့်စုံစေသတည်း။ အကြောင်းမူကား ထိုသူသည် အသွေးတော်အားဖြင့် ကျွန်ုပ်တို့ အား ကယ်တင်၍ ဘုရားသခင် ထံတော်မြတ်သို့ ပို့ဆောင်ပေးသူဖြစ်သည်။ အာမင်။'' ပရောဖက် လေယကဲ့သို့ ကျွန်ုပ်လည်း အာမင်းဟု လိုက်ဆိုမိပါသည်။

> ဘုရားသခင်ကိုချစ်သောသူတို့
> အဘို့အလို့ငှါ၊
> ဘုရားသခင်ပြင်ဆင်တော်
> မူသောအရာတို့ကို
> လူမျက်စိဖြင့်မမြင်၊
> နားဖြင့်မကြား၊ စိတ်နှလုံးဖြင့်
> မကြံစည်သေး၊
> ၁ကော ၂း၉

ပရောဖက်က ကျွန်ုပ်အား ''အဘယ် ကြောင့် ဤကြီးမားသော အခွင့်ထူးကို ကျွန်ုပ်ရရှိပါသနည်း'' ဟု မေးပါ၏။ ကောင်းကင်နိုင်ငံရှိ သန့်ရှင်းသောသူတို့သည် မြေကြီးပေါ်၌ ဖြစ်ပျက်သမျှကို မသိကြပေ၊ ကျွန်ုပ်သည် ပရောဖက်အား ပြောသည်မှာ ''ပလ္လင်တော်ပေါ်ရှိ သိုးငယ် သခင်ယေရှုသည် ထာဝရဘုန်းကြီးခြင်းရှိစေသည်။ အကြောင်းမှာ အကန့်အသတ်မရှိသော သူ၏ကောင်းမြတ်ခြင်းနှင့် အားနည်းသော သနားစရာ အပြစ်သားများအပေါ်၌ ထားရှိသော သူ၏မဟာကရုဏာတော်သည် အလွန်ကြီးမား လှပါ၏'' ထို့နောက် သူကပြန်ပြောသည်မှာ ''ယခုငါပြောမည့် စကားကို အာရုံပြုနားထောင်လော သင်မြင်ခဲ့၊ ကြားခဲ့သမျှတို့ကို သင်သည် ပြည့်ပြည့် နားလည်ခြင်းမရှိ၊ အကြောင်းမူကား ဇာတိကိုယ်ခန္ဓာမ ခွာထွက်၍ လုံးဝလွတ်မြောက်ခြင်း မရှိသေးသောသူသည် ကောင်းကင်နိုင်ငံမြင့်မြတ်သော နေရာ၏ အကြောင်းအရာများကို စုံလင်စွာနားလည် သဘောပေါက်ရန်မှာ မဖြစ်နိုင်ပါ၊ ယခုငါ၏ ကိုယ်ခန္ဓာ၌ရှိသော ငါ၏ အသက်ရှင်ခြင်းသည် ငါပြောသမျှကို ကန့်ကွက် မည်မဟုတ်။ အကြောင်းမူကား ကိုယ်ခန္ဓာမသေသော်လည်း လုံးဝဥသုံပြောင်းလဲ သွားပြီးဖြစ်၏၊ ယခုငါ၏ အသက်ရှင်ခြင်း သည် ဇာတိခန္ဓာမဟုတ်၊ ဝိညာဉ်ခန္ဓာဖြစ်၏။ မနာတတ်၊ မခံစားတတ်သော ခန္ဓာဖြစ်၏၊ သို့သော်လည်း ဤမြင့်မြတ်သော နေရာ၏ ဝမ်းမြောက်ခြင်းသည် အဘယ်မျှလောက် ဖြစ်သည်ကို ကျွန်ုပ်နှုတ်ဖြင့် မဖော်ပြနိုင်ပါ။ မည်သည့်အရာဖြစ်ပျက်လာမည်ကို ကျွန်ုပ်မသိ။ စိတ်နှလုံးချမ်းမြေ့၍ ဝမ်းမြောက်ပျော်ရွှင်ခြင်းကိုသာ ကျွန်ုပ်ခံစားနေရ၏။ ဤနေရာ၌ ကျွန်ုပ်တို့ခံစားရသော ဝမ်းမြောက်ခြင်းသည် အစဉ်အမြဲ အသစ်ဖြစ်၏။''

ထို့နောက် ကျွန်ုပ်က . . . ''ထိုဝမ်းမြောက်ခြင်းသည် မည်ကဲ့သို့ ပြည့်စုံလာမည်နည်း၊ ကျွန်ုပ်နားမလည်၍ ရှင်းပြပါ'' ဟု တောင်းဆို၏။ သူက အောက်ပါအတိုင်းပြန်ရှင်းပြ၏။

''ယခုကျွန်ုပ်ကဲ့သို့ ဝိညာဉ်နှင့်ခန္ဓာ ပူးပေါင်း၍ ဝမ်းမြောက်ခြင်းကို အတူတကွ မျှဝေခံစား နိုင်ခြင်းသည် ပြည့်စုံသော ဝမ်းမြောက်ခြင်းဖြစ်၏။ အကြောင်းမူကား လာမည့် အနာဂတ်ထာဝရကာလတွင် ဝိညာဉ်နှင့် ခန္ဓာသည် ပူးပေါင်း၍ ရှင်ပြန်ထမြောက်ပြီး၊ ထိုပြည့်စုံသော ဝမ်းမြောက်ခြင်းကို ရရှိခံစားကြရမည်။ ထိုဝမ်းမြောက်ခြင်း၏ ပုဂ္ဂိုလ်မှာ ထာဝရချစ်စရာကောင်းသော မြင့်မြတ်သည့် ဘုရားသခင်ပင်ဖြစ်၏။ သူ့အပေါ် ကျွန်ုပ်တို့ ရှုမြင်ခြင်းသည် အစဉ်အမြဲ သင့်လွင်လျက်ရှိ၏။ အကြောင်းမူကား ထာဝရဘုရား၏ ကောင်းမြတ်ခြင်းနှင့် အပြစ်ကင်းစင်ခြင်းသည် အဆုံးမရှိ၊ ရေတွက်၍လည်းမရ၊ အတိုင်းအတာမရှိသော အနန္တဖြစ်၏။ ဖန်ဆင်းထားသောအရာများက ဘုရားသခင်၏ ဂုဏ်ကျက်သရေကြီးမားပုံကို ပြည့်ပြည့်ဝဝ ဖော်ပြနိုင်မည်မဟုတ်ပေ။ ဘုရားသခင်ကို သိကျွမ်းခြင်း၌ တိုးပွားလေလေ၊ ကျွန်ုပ်တို့၏ ဝမ်းမြောက်ခြင်းသည် ကြီးမားလေလေ ဖြစ်၏။''

ထို့ကြောင့် တမန်တော် ရှင်ပေါလုက . . . ''ဘုရားသခင်ကို ချစ်သောသူတို့ အဖို့လို့ငှါ၊ ဘုရားသခင်ပြင်စင်တော်မူသော အရာတို့ကို လူမျက်စိဖြင့်မမြင်၊ နားဖြင့် မကြား၊ စိတ်နှလုံးဖြင့် မကြံစည်းသေး'' ဟု ဖော်ပြထားသည်။ သို့သော်လည်း

လူ့ဇာတိ၏မျက်စိသည်၊ သဘာဝအားဖြင့် ချီးမွမ်းလေးစားစရာလှပသောအရာများစွာတို့ကို မြင်နိုင်၏။ သလင်းကျောက်ကဲ့သို့လှပသော တောင်များကိုလည်းကောင်း တန်ဖိုးကြီးသော စိန်များ၊ ရွှေကဲ့သို့သော သတ္တုများနှင့် ပုလဲရတနာများကို မြင်နိုင်၏။ ထိုသို့ ထူးဆန်း လှပသော ကမ္ဘာပေါ်ရှိ ရတနာပစ္စည်းများကို မြင်နိုင်သော ဇာတိမျက်စိသည်၊ ကောင်းကင် နိုင်ငံ၏ မြင့်မြတ်သောအရာကို ဘုရားသခင်၏ ဘုန်းတန်ခိုးတော်နှင့် ထွန်းလင်း တောက်ပမှုကို ရယူခံစားခြင်း၌ မတတ်စွမ်းနိုင်ပါ၊ ထို့အပြင် သာယာ နာပျော်ဖွယ်ကောင်းသော အသံနှင့် စိတ်ကြည်နူးစေသော အသံများကို ကြားနိုင်သော လူ့ဇာတိ၏နားသည် ပလ္လင်တော် ရှေ့သန့်ရှင်းသူများနှင့် ကောင်းကင်တမန်များ သော်ဆိုသော အလွန်လှပသည့် တေးသီးချင်းကို မကြားနိုင်ပေ။ လူ၏စိတ်နှလုံးသည် လည်း ကမ္ဘာပေါ်၌ ဖြစ်ခဲ့ပြီးသောအရာ၌၊ ဖြစ်နေဆဲအရာများ၊ ဖြစ်လတ္တံ့သောအရာများကို ကောင်းမွန်စွာ စိတ်ကူးရင်၍ ဆင်ခြေတွေးတောနိုင်သော်လည်း ထာဝရကာလနှင့်ဆိုင်သော အရာများကို ဆင်ခြင်စဉ်းစားနိုင်စွမ်းမရှိပေ။ လူသည် ကမ္ဘာပေါ်ရှိ ကျောက်များကို ပုလဲအဖြစ်သို့ ပြောင်းလဲရန် စိတ်ကူးဖြင့် မှန်းထားနိုင်၏၊ မြက်ပင်၏အရွက်များကို တောက်ပသော ရတနာပစ္စည်းများအဖြစ်သို့ စိတ်ကူးယဉ်၍ ပြောင်းလဲစေနိုင်၏။ ကမ္ဘာမြေကြီးတခုလုံးကိုပင် ရွှေစင်ထုအစုအပုံကြီးအဖြစ်သို့လည်းကောင်း လေထု တစ်ခုလုံးကို လှပသော သလင်းကျောက်အဖြစ်သို့လည်းကောင်း စိတ်ကူးယဉ်၍ ပြောင်းလဲစေနိုင်၏။ ကောင်းကင် ပေါ်ရှိ ကြယ်အားလုံးကိုလည်း နေမင်းကြီးအဖြစ်သို့ လည်းကောင်း၊ နေမင်းကြီးကိုလည်း အဆထောင်ပေါင်းများစွာ ကြီးမားတောက်ပသော အလုံးကြီးအဖြစ်သို့လည်းကောင်း စိတ်ကူးယဉ်၍ ပြောင်းလဲစေနိုင်ပေလိမ့်မည်၊ သို့သော်လည်း ထိုအရာအားလုံးတို့သည် ဘုရားသခင်က သစ္စာရှိသော ယုံကြည်သူ နောက်လိုက်များအတွက် ပြင်ဆင်ပေးသော အရာများနှင့် နှိုင်းယှဉ်လျှင် ပပြောပလောက်သော အလွန်သေးငယ်သောအရာများပင် ဖြစ်ကြ၏။''

## အခန်း ၄

## ကောင်းကင်နိုင်ငံ၏ ဝမ်းမြောက်ခြင်း

ပရောဖက်က ဆက်လက်ပြောရာတွင်... ''ကျွန်ုပ်တို့၏ဝမ်းမြောက်ခြင်းအကြောင်းကို အတိုချုပ်၍ပြောပြပါမည်။ သင်နားလည်သဘောပေါက်နိုင်ရန်အတွက် (၁) ပျောက်ဆုံး ဝိညာဉ်များသည် မည်ကဲ့သို့သော အခြေအနေမျိုးမှ ရွေးနုတ်ကယ်တင်ခြင်းခံရသည်။ (၂) ဤနေရာသို့ရောက်သော သူများ၏ ဝမ်းမြောက်ခြင်းသည် အဘယ်မျှလောက် ကြီးမားသည်'' ဟူသော အချက်များကို တစ်ဆင့်ပြီးတစ်ဆင့်ရှင်းပြပါမည်။

ပထမအချက်အနေဖြင့် ကောင်းကင်ဘုံ၌ ဘုရားသခင်နှင့်အတူနေရသော ဝိညာဉ်များသည် သူတို့အား စိတ်ပျက်စေနိုင်သော ဖျက်ဆီးနိုင်သောအရာအားလုံးမှ ထာဝရလွတ်မြောက်ကြပြီးဖြစ်သည်။ အပြစ်တရားကို အောင်နိုင်ကြပြီးဖြစ်သည်။ ဖန်ဆင်းထားသောအရာများထံသို့ ဒုက္ခဝေဒနာကို သယ်ဆောင်လာသောသူမှာ အပြစ်တရားဖြစ်သည်။ မြင့်မြတ်သောထာဝရဘုရားက အစအဦး၌ ခပ်သိမ်းသောအရာ တို့ကို သူကဲ့သို့ဝမ်းမြောက်စွာ အသက်ရှင်နေထိုင်ရန် ဖန်ဆင်းခဲ့သည်။ ထာဝရဘုရား၏ လက်ရာများ၊ ကောင်းကင်တမန်များနှင့် လူများသည် အစပိုင်း၌ ဒုက္ခဝေဒနာကို မသိကြပေ။ အပြစ်တရားက သူတို့၏အလှအပများကို မဖျက်ဆီးနိုင်ပေ။ ဖေါက်ပြန်သော ကောင်းကင် တမန်များအား ငရဲထဲသို့ ချပစ်လိုက်သူမှာ အပြစ်တရားပင် ဖြစ်သည်။ ကမ္ဘာလောက၏ အလှအပများကိုလည်း အပြစ်တရားကပင်ဖျက်ဆီးခဲ့သည်။ ထာဝရဘုရား၏ သဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းသောလူသား၏ဝိညာဉ်ကိုလည်း အပြစ်တရားကပင် ဖျက်ဆီးခဲ့ပြီး တဏှာရာဂ၏ ကျေးကျွန်အဖြစ်သို့ပြုလုပ်လိုက်သည်။ ရွေးနှုတ်ကယ်တင်ခြင်း မရှိသော ထာဝရဖျက်ဆီးရာပင်လယ်ထဲသို့ကျရောက်စေသော သူသည်လည်း အပြစ်တရားပင်ဖြစ်သည်။ ဤကောင်းကင်နိုင်ငံ ဝမ်းမြောက်ပျော်ရွှင်ရာ နေရာတွင်ရှိသော သန့်ရှင်းသူတို့သည် ထာဝရဘုရား၏ တန်ဖိုးမဖြတ်နိုင်သော မဟာကရုဏာတော်ကြောင့် ကယ်တင်ရှင်ယေရှုခရစ်၏အသွေးတော်အားဖြင့် အပြစ်တရား၏ အုပ်စိုးမှုသြဇာညောင်းမှုများမှ ထာဝရလွတ်မြောက်ကြသည်။ ကမ္ဘာမြေကြီးပေါ်၌မူကား သန့်ရှင်းသောသူများသည် ဆိုးဝါးသောအကျင့်သိက္ခာ ပျက်ဆီးခြင်း၏ ဖိစီးနှိပ်စက်မှုအောက်၌ညည်းတွား နေကြသည်။ အပြစ်တရားက သူတို့၏အသက်တာနှင့် ကျူးလွန်သော အပြစ်များကို ပို၍ချည်နှောင်ရန်ကြိုးစား၏။ တခါတရံ သူတို့အား ဖမ်းဆီးချုပ်နှောင်၍ သူတို့၏ လိုအင်ဆန္ဒနှင့် ဆန့်ကျင်သောအရာသို့ ဦးဆောင်ခေါ်သွားလေ့ရှိ၏။ ''အဘယ်သူသည် ကယ်တင်မည်နည်း'' ဟူသော အော်သံမှာ ထာဝရဘုရား၌ သစ္စာရှိသော အစေခံများ၏ ငိုကြွေးသံဖြစ်သည်။ ယေရှုခရစ်ကို ချစ်သောသူများ၏ ညည်းတွားသံဖြစ်သည်။ အပြစ်တရားသည် ဖျက်ဆီးလျက်ရှိသော ဇာတိကိုယ်ခန္ဓာအတွင်းရှိနေသည့် သန့်ရှင်းသူများအတွက် အလွန်လေးလံသော ဝန်ထုပ်ဝန်ပိုးကြီးပင်ဖြစ်သည်။ သို့ဖြစ်၍ သူတို့၏ဇာတိကိုယ်ခန္ဓာကို စွန့်လွှတ် လိုက်သောအခါ သူတို့၏ ဝိညာဉ်များသည် လှောင်အိမ်ထဲမှလွတ်သော ငှက်ကဲ့သို့ ဝမ်းမြောက်ရွှင်လန်းစွာဖြင့် ကောင်းကင်နိုင်ငံသို့ တက်သွားကြသည်။ ကောင်းကင်နိုင်ငံ ပျော်ရွှင်ဝမ်းမြောက်စရာ ဤနေရာ၌မူကား အပြစ်တရား၏စစ်ပွဲသည် နိဂုံးချုပ်ပြီးဖြစ်၏။ အပြစ်တရား၏သေခြင်းကို အသက်ရှင်ခြင်း တည်းဟူသော အောင်မြင်ခြင်းက ဝါးမြိုလိုက်ပြီးဖြစ်သည်။ မြေကြီးပေါ်မှာရှိသော သူများ၏ဝိညာဉ်များ မူကား အပြစ်ကြောင့် ညစ်နွမ်းပြီး၊ ပုံပျက် ပန်းပျက်ဖြစ်ကြရသည်။ သို့သော်လည်း ကောင်းကင်နိုင်ငံ ဤနေရာ၌ သူတို့၏ဝိညာဉ်များသည် အလွန်တောက်ပ၍ စွန်းထင်း ညစ်နွမ်းခြင်း၊ အမဲဆက်များမရှိဘဲ ခရစ်တော်ဘုရားက ခမည်းတော် ဘုရားသခင်ထံသို့ ခေါ်ဆောင်သွားခြင်းဖြစ်သည်။

ဤနေရာ၌ရှိသော သန့်ရှင်းသူတို့သည် အပြစ်တရားမှလွတ်မြောက်ရုံမက အပြစ်တရားသို့ ကျဆင်းရန် သွေးဆောင်ဖျားယောင်းခြင်း၊ စုံစမ်းနှောက်ယှက်ခြင်းမှလည်း လွတ်မြောက်ခဲ့ပြီးဖြစ်သည်။ ဒေင်ဥယျာဉ်၌ရှိသော အာဒံသည် ရိုးသားဖြူစင်ပြီး အပြစ်တရားမှ လွတ်မြောက်ခဲ့သော်လည်း သွေးဆောင်ဖျားယောင်းခြင်း၊ စုံစမ်းနှောက်ယှက် ခြင်းများမှ မလွတ်မြောက်ခဲ့ပေ။ စာတန်၏သွေးဆောင်ဖျားယောင်းခြင်း၊ စုံစမ်း နှောက်ယှက်ခြင်းကို ခံခဲ့ရပြီး၊ အပြစ်တရားသည် ရောဂါပိုးမွှားကဲ့သို့ လူသား၏ သဘောသဘာဝကို လိုက်စားဖျက်စီးခဲ့ခြင်းဖြစ်သည်။

ဤကောင်းကင်နေရာ၌မူကား၊ ဤကောင်းကင်နေရာ၌ရှိသော ဝိညာဉ်တစ်ဦးခြင်း သည် ထိုသို့သောစုံစမ်းနှောက်ယှက်ခြင်းနှင့် အပြစ်တရားများမှာလုံးဝ ဥဿုလွတ်မြောက် ကြသည်။ ဤနေရာ၌ရောက်ရှိသူအားလုံးဖြူစင်၍ သန့်ရှင်းမြင့်မြတ်ကြသည်။ ဟောက်နေသောခြင်္သေ့ကဲ့သို့ အဘယ်သူကို ဝါးမျိုရမည်နည်းဟု ချောင်းမြောင်းနေသော စာတန်မာရ်နတ်သည် ထာဝရချုပ်နှောင်ခြင်းကို ခံရပြီးဖြစ်သည်။ ထိုစာတန် မာရ်နတ်သည် ကောင်းကင်နိုင်ငံရှိ သန့်ရှင်းသူတို့အား သွေးဆောင်ဖျားယောင်းခြင်း၊ ဖျက်စီးခြင်းမပြုနိုင်တော့ပေ။ ရိုသေလေးစားမှုကိုသာ ပြုရသည်။ ယုံကြည်ခြင်းဖြင့် အောင်ပွဲ ခံ၍ ဤနေရာသို့ရောက်ရှိပြီးဖြစ်သော သူများအား လူ့လောက၏ စုံစမ်းနှောက်ယှက်ခြင်း များက ပြန်လည်၍ သွေးဆောင်ဖျားယောင်းခြင်း မပြုနိုင်တော့ပေ။ ကမ္ဘာလောက၏ ဝမ်းမြောက်ခြင်းတို့သည် ကောင်းကင်နိုင်ငံရောက်သောသူများအတွက် မပြောပလောက် သော အထင်သေးစရာအသေးအမွှားပင်ဖြစ်ပေတော့သည်။ ကျွန်ုပ်တို့၏ ငြိမ်းချမ်းခြင်း နှင့် ငြိမ်သက်ခြင်းကို ဖျက်ဆီးနိုင်သောအရာ တစ်စုံတစ်ခုမျှ ဤနေရာ၌မရှိ။ ငြိမ်သက်ခြင်းသရဖူသည်၊ ကျွန်ုပ်တို့အားလုံး၏ထာဝရတည်မြဲသော ဝမ်းမြောက်ခြင်း ဖြစ်ပေတော့သည်။

ကျွန်ုပ်တို့သည် အပြစ်တရားနှင့် ၎င်း၏ဆိုးကျိုးသက်ရောက်မှုများမှ လွတ်မြောက်ပြီး ဖြစ်၍ အပြစ်ဒဏ်ခံခြင်းလည်းမရှိတော့ပေ။ သေပြီးနောက်ပိုင်းတွင် အပြစ်သားများအား ထာဝရပျက်စီးခြင်း၊ ငရဲထဲ၌ ချုပ်နှောင်ထားခြင်းခံရသည်။ သို့သော်လည်း၊ သခင်ယေရှုကို ယုံကြည်လက်ခံ၍ ကယ်တင်ခြင်းခံရသောသူများမူကား၊ ထိုဆိုးဝါးသော အရာအားလုံးမှ လွတ်မြောက်ခဲ့ပြီးဖြစ်သည်။

သို့သော်လည်း ဤအရာအားလုံးသည် ကောင်းကင်နိုင်ငံ ဝမ်းမြောက်ပျော်ရွှင်မှု များထဲမှ အလွန်သေးငယ်သော အစိတ်အပိုင်းမျှသာဖြစ်သည်။ ငါတို့၏ ဝမ်းမြောက် ပျော်ရွှင်ခြင်းသည် ကမ္ဘာလောက၏ အကောင်းဆုံးအရာများထက် အဆပေါင်းများစွာ သာလွန်သည်။ ထိုအရာများကိုသင့်အား ငါပြသပါမည်။

ကျွန်ုပ်တို့ ဝမ်းမြောက်ခြင်း၏ ထာဝရအရင်းအမြစ်ဖြစ်သော ဘုရားသခင်၏ မျက်မှောက်တော် ဤနေရာသည် ကျွန်ုပ်တို့၏ပျော်မြူးရွှင်လန်းနေရာဖြစ်၏။ မည်၍မည်မျှ ပျော်ရွှင်ဝမ်းမြောက်သည်ကို ပြည့်ပြည့်ဝဝ ရှင်းပြရမည်။ အဆုံးမရှိအနန္တဖြစ်သော အရာကို အကန့်အသတ်ရှိသော ဖန်ဆင်းခံလူသားများအနေဖြင့် ပြည့်ပြည့်ဝဝ နားလည်နိုင်ဘို့ ဆိုသည်မှာ မဖြစ်နိုင်သောအရာဖြစ်သည်။ သို့သော်လည်း ဘုရားသခင်၏ မျက်မှောက် တော်ရှိခြင်းသည် ကျွန်ုပ်တို့၏စိတ်ဝိညာဉ်အား မဖေါ်ပြနိုင်သော ဝမ်းမြောက်ခြင်းနှင့် သာယာကြည်နူးခြင်းတို့ကို စဉ်ဆက်မပြတ်ဖြည့်ဆည်းပေးသည်။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာနှင့် ကောင်းကြီးမင်္ဂလာတို့သည် ကျွန်ုပ်တို့အတွက် ထာဝရကျေနပ်စရာနှင့် ဝမ်းမြောက်စရာဖြစ်ခဲ့သည်။ ထိုအရာက ကျွန်ုပ်တို့အား အသက်ရှင်ခြင်း ပြန်လှန် ချစ်မြတ်နိုးခြင်း၊ သီဆိုကျူးခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းခြင်းတို့ကို ထာဝရဖြစ်ပေါ် စေသည်။

ဘုရားသခင်၏မျက်နှာတော်ကို ဖူးမြင်ခြင်းဖြင့် ကျွန်ုပ်တို့သည် သူ၏ချစ်ခြင်းမေတ္တာ၌ ကျွန်ုပ်တို့ဝမ်းမြောက်ကြရ၏။ မင်္ဂလာရှိသောသူ၏ ပြုံးရွှင်ခြင်းသည် ကျွန်ုပ်တို့၏စိတ် ဝိညာဉ်ကို ရွှင်လန်းစေပါ၏။ သူ၏အရေးပေးခြင်း၊ ပြုစုခြင်း၌ အကျွန်ုပ်တို့သည် ထာဝစဉ် အမြဲ ပျော်ရွှင်ကြပါ၏။ ဤမင်္ဂလာရှိသော ဘုရားသခင်ကို ရှုမြင်ခြင်းသည် ထိုဘုရားသခင်အား သိကျွမ်းခြင်း၌ ပို၍ တိုးပွားကြွယ်ဝစေပါ၏။ လောက၌ရှိသော လူသားများ၏ သိကျွမ်းခြင်းထက် အဆပေါင်းများစွာသာလွန်ပါ၏။

ဘုရားသခင်၏မျက်မှောက်တော်ခြင်းနှင့် သူ့ကို ဖူးမြင်ခြင်းသည် အကျွန်ုပ်တို့၏ နားလည်သဘောပေါက်မှုများကို ရှင်းရှင်းလင်းလင်းဖွင့်ပြလျက်ရှိ၏။ ယေရှုခရစ်၏ မျက်မှောက်တော်၌ ဘုရားသခင်၏ ဘုန်းတန်ခိုးတော်အလင်းတရားကို ကျွန်ုပ်တို့အားပေး ပါ၏။ ဤနေရာ၌ ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် မျက်နှာချင်းဆိုင်၍ ပျော်မြူးကြပါ၏။ ကမ္ဘာလောက၌ရှိသော သန့်ရှင်းသူတို့၏ ဝမ်းမြောက်ခြင်းသည် အတိုင်းအတာရှိ၏။

ကောင်းကင်ဘုံ၌ ကျွန်ုပ်တို့၏ဝမ်းမြောက်ခြင်းသည် အတိုင်းအတာမရှိ အကန့်အသတ်မရှိ လောက၌ရှိသော သန့်ရှင်းသူတို့သည် ဘုရားသခင်၏ ကောင်းမြတ်ခြင်းကို တစ်စုံတစ်ဦးမျှသာ ရရှိခံစားကြ၏။ ကောင်းကင်ဘုံ၌ရှိသော ကျွန်ုပ်တို့မူကား ဘုရားသခင်၏ ကောင်းမြတ်ခြင်း ကိုပြည့်လျက် လျှံလျက်သိပ်လျက်ခံစားကြရ၏။ ဘုရားသခင်၏ ကောင်းမြတ်ခြင်းကို များစွာသောက်သုံးရ၏။ မြစ်ရေကဲ့သို့ကူးခတ်ရ၏။ ကျွန်ုပ်တို့၏ ဝမ်းမြောက်ခြင်းသည် အတိုင်းအဆမရှိသော ပင်လယ်ပြင်ကြီးကဲ့သို့ ကျယ်ပြန့်လှပါ၏။ လူ့လောက၌ရှိသော သန့်ရှင်းသူတို့၏ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့ခြင်းသည် အကြိမ်ပေါင်းများစွာ ပျက်ဆီး တတ်၏။ ကောင်းကင်ဘုံ၌မူကား မည်သည့် အခါမျှမပျက်ဆီးနိုင်ပေ။ လူ့လောကရှိ ချစ်ခြင်းမေတ္တာသည် စိုးရိမ်ခြင်းနှင့် ရောနှောလျက် ရှိ၏။ သို့သော်လည်း ကောင်းကင်ဘုံ၌ ရှိသော ချစ်ခြင်းမေတ္တာကား စုံလင်၍ ဖြူစင်သန့်ရှင်း၏။ ထိုစုံလင်သော ချစ်ခြင်းမေတ္တာသည် စိုးရိမ် ကြောက်ရွံ့ခြင်းဟူသမျှကို ဖယ်ရှားဖျက်ဆီးပစ်၏။ ကောင်းကင်ဘုံ၌ ကျွန်ုပ်တို့သည် မိမိကိုယ်ကိုမိမိ ထက် ဘုရားသခင်ကို ပို၍ချစ်ကြ၏။ အချင်းချင်းအပြန်အလှန် ချစ်ခြင်းထက် ဘုရားသခင်ကို ပို၍ချစ်ကြ၏။ ကောင်းကင်ဘုံ၌ ကျွန်ုပ်တို့သည် ပြည့်စုံသော ကျေးဇူးတော်၌ ဝမ်းမြောက်ပျော်မြူးကြ၏။

ကောင်းကင်ဘုံ၌ ကျွန်ုပ်တို့၏နားလည်သဘောပေါက်နိုင်ခြင်းနှင့် အသိတရားသည် တိုးပွားလျက်ရှိ၏။ လူ့လောက၌ အလင်းတရားသည် ကျွန်ုပ်တို့၏ စိတ်နှလုံးထဲသို့ အသိတရားခံစားမှုမှတစ်ဆင့်ဝင်ရောက်လာ၏။ ဘုရားသခင်သည် သူ၏ဘုန်းကြီးခြင်းနှင့် ဂုဏ်အသရေရှိခြင်းတို့ကို ကျွန်ုပ်တို့အားဖွင့်ပြသည့်အခါ၌ ကျွန်ုပ်တို့၏ အကန့်အသတ်ရှိသော အသိတရားနှင့် အစွမ်းအစပေါ်အခြေခံ၍သာ နှိမ့်ချ၍ဖော်ပြသည်။ ကျွန်ုပ်တို့၏ တွေးတောကြံဆခြင်းများသည် အလွန်ကျဉ်းမြောင်းပါ၏။ ပြည့်စုံခြင်းမရှိ၊ ကောင်းကင်ဘုံ၌ မူကား ရွှေစင်များကို သတ္တုချေးများနှင့် ပိုင်းခြားထား၏။ ဘုရားသခင်၏ စစ်မှန်မှုနှင့် ရိုးစင်းသောအရာတို့ကို အလွယ်တကူပိုင်းခြားသိမြင်နိုင်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏အမိန့်ဒီဂရီနှင့် သြဝါဒများကိုငှင်း၊ သူ၏ကြည့်ရှုစောင့်ရှောက်ပုံနှင့် ပေးဝေပုံတို့ကိုငှင်း၊ ကောင်းစွာသိမြင်နိုင်၏။ တစ်ခုတည်းသောထာဝရဘုရားဖြစ်ခြင်းနှင့် တည်ရှိနေခြင်း (အထီးကျန်ဆန်ခြင်းမျိုးမဟုတ်ပါ။) တို့ကို ရှင်းရှင်းလင်းလင်းသိမြင်နိုင်သည်။ ဘုရားသခင်သည် ပေါင်းစည်းခြင်း၌ မရေမရာမဖြစ်၊ အရေအတွက်အားဖြင့် ပိုင်းခြား ရေတွက်၍လည်းမရပေ။ သုံးပါးတစ်ဆူဖြစ်ခြင်း၌ဦးစားပေးအစီအစဉ်ရှိသော်လည်း ပို၍ သာလွန်မြင့်မြတ်နေခြင်းမျိုးမရှိပေ။ သို့သော်လည်း သူတို့သည် တူညီသော ဘုန်းတန်ခိုး ရှိပြီးတူညီသော ကြည်ညိုမြတ်နိုးမှုရှိကြသည်။ နှုတ်ကပတ်တော်သမ္မာတရားက ရိုးရိုးရှင်းရှင်းမဖွင့်ပြနိုင်သော ဘုရားသခင်၏ ဉာဏ်ပညာကို ကောင်းကင်ဘုံ၌ရှင်းလင်းစွာ သိမြင်၍ နားလည်သဘောပေါက်နိုင်သည်။

ကျွန်ုပ်တို့၏ စိတ်ဝိညာဉ်ကို ဝမ်းမြောက်ပျော်ရွှင်စေနိုင်သောအရာများကို အောက်ပါ အတိုင်း ဖော်ပြလိုပါ၏။ သို့သော်လည်း ကောင်းကင်ဘုံ၌ရှိသော သန့်ရှင်းသူတို့၏ ပျော်ရွှင်မှုသည် ပြည့်စုံခြင်းသို့မရောက်သေးပေ။ သူတို့၏ကိုယ်ခန္ဓာသည် ရှင်ပြန် ထမြောက်၍ ဝိညာဉ်နှင့် ပူပေါင်းသည့်အခါမှသာ ပြည့်စုံခြင်းသို့ရောက်လိမ့်မည်။ သို့ဖြစ်၍ ရှင်ပြန်ထမြောက်သောကိုယ်ခန္ဓာသည် မည်ကဲ့သို့ဖြစ်မည်၊ မည်သည့်အရာနှင့်တူညီမည်ကို ကျွန်ုပ်ပြသလိုပါသည်။

ပထမအချက်အနေဖြင့် ဖော်ပြလိုသည်မှာ မြင့်မြတ်သောရှင်ပြန်ထမြောက် ခန္ဓာကိုယ်များသည် ကျွန်ုပ်ကဲ့သို့ ဝိညာဉ်ခန္ဓာကိုယ်များ ဖြစ်ကြသည်။ သင့်အနေဖြင့် ရှုမြင်ခြင်းသာမက ထိတွေ့ကိုင်တွယ်ခြင်းအားဖြင့် ပို၍ သဘောပေါက် နားလည် ပါလိမ့်မည်။ (ထိုသို့ပြောပြီးနောက် ပရောဖက်ကြီးသည် သူ၏ လက်ကို ကျွန်ုပ်ထံသို့ လှမ်းပေးလိုက်သည်) သူတို့သည် အကျင့်သိက္ခာ ပျက်ဆီးခြင်းအားလုံးမှ သန့်စင်ခြင်း ခံရသော ခန္ဓာများဖြစ်ကြသည်။ သို့သော်ကိုယ်ခန္ဓာ ရုပ်ဒြပ်ရှိကြသည်။ အကောင်အထည် မရှိသော လေကဲ့သို့ ဖြစ်မည်မဟုတ်ပါ။

ကျွန်ုပ် သဘောပေါက်နားလည်သည်မှာ ဝိညာဉ် ဆိုသည် မှာ ကိုယ်ထည်ရုပ်ဒြပ်နှင့် ဆန့်ကျင်သော၊ ကိုင်တွယ်၍ မရသောအရာကဲ့သို့ ထင်မြင်ယူဆခဲ့သည်။

မြင့်မြတ်သော ပရောဖက်က ကျွန်ုပ်အား ပြန်လည်ပြောပြသည်မှာ သူတို့ကိုယ်ခန္ဓာများသည် ဝိညာဉ် ခန္ဓာကိုယ်များ ဖြစ်ကြသည်။ အကျင့်သိက္ခာပျက်ဆီးခြင်း အားလုံးမှ သန့်စင်ခြင်း ခံခဲ့ပြီးရုံမက ဘုရားသခင်၏ ဝမ်းမြောက် ပျော်ရွှင်ခြင်းနှင့် တည်တံ့မြဲမြံ စေတော်မူသော သူများဖြစ်ကြသည်။ သူတို့သည် စားစရာ သောက်စရာများ မလိုအပ်သောသူများဖြစ်ကြပြီး အိပ်စရာနေရာလဲ မလိုအပ်ပေ။ ထာဝရဘုရားသည် သူတို့၏ စိတ်ဝိညာဉ်နှင့် ခန္ဓာများအတွက် ထာဝရအသက်ရှင်နိုင်ဘို့ရန် ထောက်ပံ့ ထားသည်။ ယေရှုခရစ်နှင့် ပြန်ထမြောက်ပြီးနောက် အိမ်ခန်းတစ်ခု၌ တွေ့ကြသော တပည့်တော်များ အကြားပေါ်လွင် ထင်ရှားခဲ့၏။ ထိုအချိန်၌ သောမတ်ကိုခေါ်၍ သူ၏ လက်နှင့် နံဘေးတွင်ရှိသော ဒဏ်ရာကိုင်တွယ်စေခဲ့ကြောင်း သင်သိခဲ့ပြီးဖြစ်သည်။ ထိုသိုပြုခြင်း၌ ရှင်ပြန်ထမြောက်ပြီးသော ခရစ်တော်၏ ခန္ဓာသည် ကိုယ်ထည် ရုပ်ဒြပ်ရှိကြောင်းကို ဖော်ပြသည်။

ရှင်ပြန်ထမြောက်သော ကျွန်ုပ်တို့၏ ခန္ဓာသည် မသေနိုင်သောထာဝရရှင်သန်သော ခန္ဓာဖြစ်သည်။ ကမ္ဘာပေါ်၌ရှိသော သူများ၏ ခန္ဓာသည် သေတတ်သောခန္ဓာ၊ ပျက်ဆီးနိုင်သောခန္ဓာ အချိန်မရွေး မြေမှုန့်အဖြစ်သို့ ပျက်ဆီးကြေမွနိုင်သောခန္ဓာဖြစ်သည်။ ယခုကောင်းကင်ဘုံရှိ ကျွန်ုပ်တို့၏ ခန္ဓာမူကား မဖျက်ဆီးနိုင်၊ သေကြေပျက်ဆီးခြင်းမှ ထာဝရကင်းလွတ်ခဲ့ပြီးဖြစ်၏။ အကြောင်းမူကား အကျင့်သိက္ခာပျက်ဆီးဖေါက်ပြန် တတ်သောခန္ဓာမှ မဖေါက်ပြန်နိုင်သောအဖြစ်သို့ငှင်း၊ သေတတ်သောခန္ဓာမှ ထာဝရ အသက်ရှင်ခြင်းသို့ငှင်း၊ ပြောင်းလဲခဲ့သောကြောင့်ဖြစ်သည်။

ပရောဖက်ကြီးက ကျွန်ုပ်အား ''သင်၏သံသယစိတ်များကို ဖယ်ရှားပေးရန် ကျွန်ုပ်အသင့်ရှိပါသည်'' ဟု မြွက်ဆိုခဲ့သည်။

ထာဝရရှင်သန်ခြင်းသည် လူ့အပိုင်းမဟုတ်၊ ဘုရားအပိုင်းဖြစ်ကြောင်း သမ္မာကျမ်းစာ ထဲ၌ ဖော်ပြထားပြီးဖြစ်၍ သိရှိခဲ့ပြီးဖြစ်ကြောင်း၊ ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာ အတွေ့အကြုံအရ လူသားသည် သေမျိုးဖြစ်ကြောင်း၊ သို့ဖြစ်၍သာ ရှင်ပေါလုက တိမောသေအား ဘုရားသခင်တစ်ပါးတည်းသာလျှင် ထာဝရရှင်သန်နိုင်သော သူဖြစ်သည်ကို ပြောပြခဲ့ကြောင်း သိရှိနားလည်ခဲ့ပြီးဖြစ်သည်ကို ကျွန်ုပ်ပြန်ပြောပြသည်။

ဤကောင်းကင်ဘုံရှိမြင့်မြတ်သောခန္ဓာများသည် ထာဝရရှင်သန်သောခန္ဓာများဖြစ် ကြောင်းပြောဆိုရာ၌ ရှင်ပြန်ထမြောက်သောခန္ဓာအခြေအနေကိုသာ ညွှန်းဆိုခြင်းဖြစ်သည်။ မည်သည့်အခါမျှသေတော့မည်မဟုတ်ပေ။ အကျင့်သိက္ခာပျက်ဆီးသောလူသားသည် သေတတ်သောသဘောရှိ၏။ သေခြင်းသို့သာ ဦးတည်သွားလျက်ရှိ၏။ ဤနေရာ ကောင်းကင်ဘုံ၌ချီးမြှောက်ခြင်းခံရသော ဝိညာဉ်များ၏ ခန္ဓာများသည် သေခြင်း၏ တန်ခိုးအောက်၌သာရှိနေကြသေး၏။ ရှင်ပြန်ထမြောက်ရာနေ့ရက်ကာလ၌ သူတို့သည် ပြန်လည်၍ ရှင်ပြန်ထမြောက်ကြမည်ဖြစ်ပြီး ထိုအချိန်မှသာ မသေနိုင်သောအဖြစ်သို့ ရောက်ကြရမည်။ သမ္မာကျမ်းစာဖေါ်ပြချက်အရ ထာဝရဘုရားတစ်ပါးတည်းသာလျှင် ထာဝရရှင်သန်နိုင်သူ ဖြစ်ကြောင်းဖေါ်ပြထား၏။ ထိုအချက်မှာ အလွန်မှန်ကန် သောအရာဖြစ်၏။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ကျေးဇူးတော်ကြောင့်၊ သူ့အားဖြင့်သာ ရှင်သန်သောသူများဖြစ်ကြ၏။ ဘုရားသခင်မူကား မည်သူ့မည်ဝါ၏ မစရိုပင့်မှုကြောင့် မျှမဟုတ်၊ သူ့ဟာသူသီးခြား ရပ်တည်နိုင်သူ၊ ထာဝရရှင်သန်သူဖြစ်၏။ ဘုရားသခင် တစ်ပါးတည်းသာလျှင် သန့်ရှင်းမြင့်မြတ်သူဖြစ်၏။ ထာဝရဘုရားမှတစ်ပါး ကောင်းသော သူမရှိ၊ ဖြောင့်မတ်သောသူမရှိ၊ ကရုဏာတော်နှင့်ပြည့်သောသူမရှိ၊ ဘုရားရှင်တစ်ပါးတည်း သာလျှင် ကရုဏာတော်ရှင်သန့်မြင့်မြတ်သူဖြစ်၏။

## အခန်း ၅

## တစ်ဦးနှင့်တစ်ဦး အချင်းချင်း သိကြရမည်

ဤကောင်းကင်ဘုံ၌ရှိသော သန့်ရှင်းသူတို့ကြား၌ အချို့တို့သည် အခြားသော သူများထက်ပို၍ ထွန်းလင်းတောက်ပကြသည်ကို ကျွန်ုပ်သတိပြုမိသည်။ ဤမြင့်မြတ်သော သူများကြားထဲ၌ ဘုန်းတန်ခိုးအဆင့်အတန်းကွာခြားမှုများရှိ နေပါသလော။

ဤနေရာ၌ရှိသောသူများ၏ ဝမ်းမြောက်ခြင်းနှင့် ဘုန်းတန်ခိုးသည် ထာဝရ မြင့်မြတ်တော်မူသောဘုရားသခင်၏ ကြီးမားသောချစ်ခြင်းမေတ္တာကို မျှဝေခံစားသော ကြောင့်ဖြစ်သည်။ ဘုရားသခင်ကို ဖူးမြင်ဖန်များလေလေသူ့အားပို၍ ချစ်လေလေ ဖြစ်ပြီးထိုချစ်ခြင်းမေတ္တာကား ကျွန်ုပ်တို့၏ စိတ်ဝိညာဉ်အား ဘုရားသခင်၏ ဂုဏ်ရည် သဘောသဘာဝသို့ပြောင်းလဲပေးသည်။ အဆိုပါအခြေအနေ၏ အကျိုးဆက် ရလဒ်သည် အကျွန်ုပ်တို့၏ ဘုန်းတန်ခိုးဖြစ်သည်။ ထိုအရာက ဘုန်းတန်ခိုး အဆင့်အတန်း ကွဲပြားခြားနားမှုကိုဖြစ်ပေါ်စေသည်။ လူတစ်ယောက်သည် အခြားသော သူတစ်ဦး၏ပို၍ ကြီးမားသည်ကို မြင်သောအခါ၌လည်း မကျေမနပ် ညည်းတွား မြည်တမ်းခြင်းမျိုး မရှိပေ။ ထာဝရမြင့်မြတ်တော်မူသော ဘုရားသခင်၏ အလင်းတရားနှင့် ဝမ်းမြောက်ပျော်ရွှင်ခြင်းတို့သည် အကန့်အသတ်မရှိ၊ အလွန်ကျယ်ပြန့်သော ပင်လယ်ကဲ့သို့ ဖြစ်သည်။ ထိုနေရာ၌ရှိသော လူအားလုံး၏ နှလုံးထဲ၌ ဝမ်းမြောက် ငြိမ်သက်ခြင်းကို ထာဝရဘုရားက ဖြည့်စွမ်းပေးလျက် ရှိသည်။ မတူညီသောပုံစံနှင့် အရွယ်အစားမျိုးစုံ ရှိသော်လည်း အားလုံး ပြည့်ပြည့် ဝဝရရှိခံစားကြရ၏။ မကျေမနပ် ညည်းတွားသောသူ တစ်ယောက်မျှမရှိ၊ သို့ဖြစ်၍ သင့်မေးခွန်းတို ပြန်လည်ဖြေကြားရမည်ဆိုပါက အကြီးဆုံးတိုးချဲ့ခြင်း ခံရသော သူက ထိုပမာဏအတိုင်း ဘုရားသခင်အား အကြီးမားဆုံး ချစ်၍ ထိုဘုရားသခင်နှင့် အတူညီဆုံးသော အခြေအနေသို့ ပြောင်းလဲရ၏။ ၎င်းသည် ကောင်းကင်ဘုံက ပေးနိုင်သော အမြင့်မားဆုံး ဘုန်းတန်ခိုးဖြစ်၏။

ထာဝရဘုရား၏ ကောင်းကင်တမန်များထဲ၌ပင်လျှင် အမျိုးမျိုးသောအမိန့်ညွှန် ကြားမှုနှင့် ကွဲပြား ခြားနားသော ဘုန်းတန်ခိုးအဆင့်အတန်းများရှိကြခြင်းသည် သင့်အတွက် ထူးဆန်း အံ့သြစရာ ဖြစ်မည်မထင်ပါ။

ကျွန်ုပ်သည် မြင့်မြတ်သောသူတော်စင်ပရောဖက်နှင့် စကားပြောနေစဉ်၌ပင် တောက်ပသောအရာတစ်ခုက ပို၍ နီးကပ်လာကြောင်းတွေ့မြင်ရသည်။ ၎င်းသည် ရွေးနုတ်ကယ်တင်ခံသောသူများထဲမှတစ်ဦးဖြစ်သည်။ သူ၏ကိုယ်ခန္ဓာကို ရှင်ပြန်ထမြောက် ရာနေ့ရက်အထိအနားယူစောင့်ဆိုင်းနေရန်အတွက် မြေကြီးပေါ်တွင်ထားခဲ့သည်ဟု ကျွန်ုပ်အား ပြောပြသည်။ သူသည် ယခုအကောင်အထည်ရှိသော်ငြားလည်း ရုပ်ဝတ္ထုဒြပ် ကဲ့သို့သောကိုယ်ထည်မဟုတ်၊ လူသားအနေဖြင့် ကိုင်တွယ်ထိတွေ့၍မရတော့ပေ။

ဤနေရာရောက်မှဘဲ ဘုရားသခင်၏သိုးသငယ်၊ မြင့်မြတ်သောကယ်တင်ရှင် အတွက် အသေခံထိုက်သည်ကို ကောင်းစွာသိမြင်ရ၏ဟု သူကပြောပြသည်။ ဘုရားတကာ တို့၏ဘုရင်၊ သခင်တကာတို့၏သခင်ဖြစ်ခြင်းကို ဤနေရာ၌ ကောင်းစွာသိမြင်ရ၏။ ကြီးမြတ်တော်မူသော ကယ်တင်ရှင်သခင်ဘုရား၏ ချစ်ခြင်းမေတ္တာနှင့် အကြင်နာတရား သည် ကျွန်ုပ်၏ စိတ်နှလုံးထဲ၌ အလွန်တန်ဘိုးကြီးမား၍ ကောင်းကင်ဘုံ၏ လှပတင့်တယ်မှု၊ ဝမ်းမြောက်ပျော်ရွှင်မှု၊ ဂုဏ်ကျက်သရေ အပေါင်းနှင့်ပြည့်စုံမှုတို့ကို ပို၍ ပီပြင်စေပါ၏။ မြေကြီးပေါ်၌ အကျွန်ုပ်အတွက် ကြီးမားသောဆင်းရဲဒုက္ခဝေဒနာကို ပြင်းပြစွာခံခဲ့ရသော ကျွန်ုပ်၏ အရှင်သခင်သည် ဤကောင်းကင်ဘုံ၌မူ အုပ်စိုးသော ဘုရင်အဖြစ် တွေ့မြင်ရ၍ အထူးပင်ဝမ်းမြောက်ပီတိဖြစ်ရပါ၏။ သူ၏ကြီးမားသော ဝမ်းမြောက်ခြင်းသည် ကျွန်ုပ်၏ ဂုဏ်ယူဝမ်းမြောက်ခြင်း၊ ကျေနပ်အားရခြင်းတို့ကို ပို၍ တိုးပွားစေပါ၏။ ထိုသခင်သည် သစ္စာရှိသော အစေခံများအား သူ၏ဝမ်းမြောက်ရွှင်လန်းခြင်းကို မျှဝေခံစားရန်အတွက် ယနေ့ဖိတ်ခေါ်လျက်ရှိ၏။

ဤနေရာကောင်းကင်ဘုံ၌ ကျွန်ုပ်တို့သည် ခရစ်တော်နှင့်အတူ ညီအစ်ကိုများ မိတ်ဆွေများနှင့် ဆွေမျိုးကိုတွေ့ရ၏။ မြေကြီးပေါ်၌ ကျွန်ုပ်တို့ထက် အလွန်ရှေးကျသော ဧလိယကိုလည်း ဤနေရာ၌တွေ့မြင်သိကျွမ်းရ၏။ အာဒံကို မြင်သောအခါ၌လည်း သိရ၏။ သန့်ရှင်းကြည်လင်သောဝမ်းမြောက်ကြည်နူးမှုကိုလည်း အချင်းချင်းမျှဝေခံစား ကြရ၏။ စစ်မှန်ရိုးသား၍ ကြီးမားသော ချစ်ခြင်းမေတ္တာက ကျွန်ုပ်တို့၏ လူ့အဖွဲ့အစည်းကို ပို၍ စည်းလုံးညီညွတ်စေပါ၏။ ဤကဲ့သို့ ရိုးသားဖြူစင်၍ အရောင်အသွေးမပါသော ချစ်ခြင်းမေတ္တာကြောင့် ကျွန်ုပ်တို့၏ ဝမ်းမြောက်ခြင်းသည် အထူးကြီးမားလှပါ၏။ ဤနေရာရှိ လူ့ဘောင်အဖွဲ့အစည်း၏ ဝမ်းမြောက်ခြင်းနှင့် ချစ်ခြင်းတရားသည် စဉ်ဆက် မပြတ် စုံလင်မြဲမြံပါ၏။

ဘုရားသခင်နှင့်မိသာဟာယဖွဲ့ခြင်း၊ အချင်းချင်းပြောဆိုဆက်ဆံမျှဝေခံစားခြင်းမှ ရရှိခံစားရသော၊ ဝမ်းမြောက်ပျော်ရွှင်ခြင်းအပြင် ပညာအမျော်အမြင်အရှိဆုံး လောက လူသားများက ပြည့်ပြည့်ဝဝနားမလည်နိုင်သည့် ဘာသာရေးဆိုင်ရာ ခက်ခဲနက်နဲသော အရာများကို နားလည်သဘောပေါက်ခြင်းသည် ကျွန်ုပ်အတွက် အလွန်ကြီးမားသော ဝမ်းမြောက်မှုဖြစ်ပါသည်။ လူ့လောကရှိ လူသားများက အချင်းချင်း ဆန့်ကျင်ကန့်ကွက် အငြင်းပွားနေကြသော နှုတ်ကပတ်တော်သမ္မာကျမ်းစာများကို ဤကောင်းကင်ဘုံ၌ရှိသော ကျွန်ုပ်သည် ပြည့်စုံသော စိတ်သဘောတူညီစွာဖြင့် သိမြင်နိုင်ကြသည်။ ဤနေရာ ကောင်းကင်ဘုံ၌ရှိသော ကျွန်ုပ်တို့တစ်ဦးချင်းစီအပေါ်၌ ဘုရားသခင်၏ ကောင်းမြတ်ခြင်း သည် အလွန်ပြည့်ဝလျက်ရှိသည်ကိုတွေ့သည့်အခါ ကျွန်ုပ်၏ စိတ်နှလုံးသည် အံ့သြခြင်း၊ ဝမ်းသာခြင်း၊ ကျေးဇူးတင်ခြင်းများနှင့် ပြည့်လျှံလျက် ရှိသည်။ လူ့လောကအသက်ရှင်စဉ် ကျွန်ုပ်၏အသက်တာနှင့်ပတ်သက်၍ ဘုရားသခင်၏ အမျက်ဒေါသဟု ထင်မြင်ယူဆ ခဲ့သောဒုက္ခဝေဒနာများအပေါ်၌လည်း ဘုရားရှင်၏ ကရုဏာတော်နှင့် သက်ညှာ ကြင်နာ မှုများကို တွေ့ခဲ့ရ၏။ ယခုကျွန်ုပ်ကောင်းစွာ သဘောပေါက်ပါပြီး လူ့လောက၌ ကြုံတွေ့ခဲ့ရသော ဒုက္ခဝေဒနာများသည် ကြာလေပို၍ ပြင်းထန်ကြီးမားလေလေ မဖြစ်သကဲ့သို့လိုအပ်သည်ထက်ပို၍ ရှည်ကြာခြင်းလည်းမရှိခဲ့ပေ။ ကျွန်ုပ်၏ မျှော်လင့်ချက် သည် စိတ်ပျက်အားငယ်စရာအဖြစ်သို့ရောက်မသွားပေ။ ဘုရားသခင်သည် အရာအားလုံးကို ကျွန်ုပ်မျှော်လင့်ထားသောအရာထက်ပို၍ ကောင်းသော ထာဝရ လက်ဆောင်အဖြစ်သို့ ပြင်ဆင်ပေးလျက်ရှိသည်။

ယခုသင်သည် ကိုယ်ခန္ဓာထဲ၌ပင်ရှိနေသေးသောကြောင့် ကျွန်ုပ်အကြိမ်ကြိမ်ဖေါ် ပြလျက်ရှိသော ကျွန်ုပ်တို့၏ အလွန်ကြီးမားသော ဝမ်းမြောက်ခြင်းအကြောင်းကြားနေရ သည်မှာ ငြီးငွေ့တောမည်ဟု ယူဆပါသည်။ သို့သော် ကျွန်ုပ်တို့၏ဝမ်းမြောက်ခြင်းနှင့် ပတ်သက်၍ ထပ်လောင်းဖြည့်စွက်လိုသည်မှာ အလွန်များပြားလှစွာသော ဝိညာဉ်များသည် အဆိုပါဝမ်းမြောက်ခြင်းနှင့် ဘုန်းတန်ခိုးများကို ရရှိ၍မျှဝေခံစားကြရသော်လည်း တစ်ဦးစီအပေါ်၌ ပို၍ လျော့နည်းသွားခြင်းမျိုးလုံးဝမရှိ။ ထိုဝမ်းမြောက်ခြင်းသည် ပင်လယ်ပြင်ကဲ့သို့ အဆုံးမရှိ ထုထည်ကြီးမား၍ အလွန်များပြားလှသောကြောင့် မရေမတွက်နိုင်လောက်အောင်များပြားသော သန့်ရှင်းသူတိုင်းကောင်းကင်တမန်များက မျှဝေခံစားကြရသော်လည်း မကုန်မခမ်းနိုင်ပေ။ လူ့လောက၌ရှိသောလူသားအားလုံးသည် အလင်းတရား၏ အကျိုးအမြတ်ကို အတူတကွမျှမျှတတခံစားကြရသည်မှာ အံ့သြစရာ မဟုတ်ပေ။ မည်သူတစ်ဦးတစ်ယောက်မျှ ကျွန်ုပ်သည် ဝမ်းမြောက်ခြင်းကို လျော့၍ ခံစားရသည်ဟု စောဒကတက်၍ ညည်းတွားသောသူမရှိပေ။ လူသားအားလုံးက အလင်းရောင်၏အကျိုးအမြတ်ကို ပြည့်ဝစွာ တန်းတူခံစားကြရသည်။ အလွန်များပြား လှစွာသော လူတို့သည် မြစ်ရေတခုကို လွတ်လွတ်လပ်လပ် ဝဝလင်လင် သောက်သုံး ကြသော်လည်း မြစ်ရေသည် ကုန်ခမ်းသွားသည်ဟူ၍ မရှိသကဲ့သို့ပင် ဖြစ်သည်။ သို့ဖြစ်၍ ဘုရားသခင်၏ဝမ်းမြောက်ခြင်းကို မည်သူမဆိုမိမိရယူနိုင်သည့် ပမာဏအထိ၊ အဆုံးမရှိ ရယူခံစားနိုင်သည်။

ကောင်းကင်ဘုံနှင့်ဆိုင်သော ခါနန်ဒေသ၏ဖြစ်စဉ်အကျဉ်းကို ပြန်ကြည့်ကြပါစို့၊ ခါနန်ဒေသသည် နို့နှင့်ပျားရည်စီးဆင်းသောနေရာဖြစ်၏။ ဤဝမ်းမြောက်ပျော်ရွှင် စရာနေရာ၌လောကအသွေးအသားနှင့်ဆိုင်သော ဆွေမျိုးတော်စပ်မှု၊ ပတ်သက်ဆက်ဆံမှု မရှိ။ ကျား၊ မဟူ၍လည်း လိင်ကွဲပြားမှုမရှိ၊ အားလုံးသည် ကောင်းကင်တမန်များနှင့် တူညီကြ၏။ အကြောင်းမူကား ဝိညာဉ်များသည် လိင်နှင့်ဆိုင်သော ဖိုမသဘာဝကို ခွဲခြားသိမြင်နိုင်ခြင်းမရှိပေ၊ ဤနေရာ၏ပတ်သက်ဆက်နွယ်အားလုံးသည် ဘုရားသခင်၏ ဩဇာအရှိန်အဝါအပြည့်အဝသက်ရောက်သည့်နေရာဖြစ်၍ ဘုရားသခင်နှင့်သာဆိုင်သည်။

သူသည် ဤသို့စကားပြောပြီးသည်နှင့် တပြိုင်နက် ကျွန်ုပ်၏လက်ကို ဆွဲခေါ်သွား သည်။ ကျွန်ုပ်တို့သည် လေးမှပစ်လွှတ်လိုက်သောမျှားထက်ပို၍ မြန်သောနှုန်းဖြင့် အခြားနေရာသို့ ရွှေ့ပြောင်းသွားကြသည်။ အလွန်တောက်ပသော ဝတ်ရုံကိုဝတ်ဆင် သည့် ထာဝရရှင်သန်သူအများအပြားကို ဖြတ်ကျော်သွားရ၏။ ထိုသူတို့သည် ဖြတ်သွားသော ကျွန်ုပ်အားကြည့်နေကြ၏။ ထိုသူက ကျွန်ုပ်အား "နှုတ်ဆက်ပါတယ်၊ မိတ်ဆွေ၊ သင့်ကိုစောင့်ရှောက်မဲ့ကောင်းကင်တမန်ဟာ သင့်အားမြေကြီးပေါ်ကို ပြန်ပို့ ဆောင်ဖို့ ယခုရောက်လို့လာပါပြီ" ဟု ပြောပြီးထွက်ခွာသွားသည်။

အလွန်စူးရှတောက်ပသောရောင်ခြည်တော်ပတ်လည်းဝိုင်းထားသူ၊ ဘုန်းတန်ခိုး အပေါင်းနှင့်ပြည့်စုံ၍ အလွန်မြင့်မြတ်သောသူသည် ကျွန်ုပ်ရှေ့၌ ရပ်လျက်ရှိ၏။ သူမ၏ မျက်နှာသည် အလွန်ပင်တောက်ပသောကြောင့် ကျွန်ုပ်သည် သူ့အား ကြည့်ရှုခြင်းငှါ မစွမ်းနိုင်ပါ။ ကျွန်ုပ်အား ... "ကျွန်ုပ်၏ဖြစ်ခြင်း ဂုဏ်ရည်အားလုံးအတွက်၊ ပလ္လင်တော်ပေါ်၌ ရှိသောကိုယ်တော်သည် ဘုန်းကြီးခြင်း၊ ချီးမွမ်းခြင်းရှိပါစေသော်။ ကျွန်ုပ်၏ ကိုယ်ပေါ်ရှိ သင်မြင်နေရသောဝတ်ရုံ၏ ဘုန်းတန်ခိုးသည် ကိုယ်တော်၏ တောက်ပခြင်းကို ရောင်ပြန်ဟပ်ခြင်းဖြစ်သည်" ဟု ရှင်းပြပါသည်။

ကျွန်ုပ်က သူမအား . . . "သင်သည် အလွန်ကြီးမားသော ဝမ်းမြောက်ခြင်းကို ခံစားသောသူဖြစ်ကြောင်း ပေါ်လွင်ထင်ရှားပါ၏" ဟု ပြောလိုက်သည်။

သူမက ပြန်ပြောသည်မှာ . . . "အံ့သြတွေဝေခြင်းမရှိပါနှင့်၊ ဘုရားသခင်၏ ကျေးဇူးကရုဏာတော်နှင့် ချစ်ခြင်းမေတ္တာတော်ကြီးမားပုံနှင့် အံ့သြချီးမွမ်း စရာကောင်းပုံသည် ကျွန်ုပ်တို့၏ချိုမြိန်သောထာဝရတေးသီချင်းများဖြစ်ကြပါ၏။ ဤနေရာ၌ လူ့လောကနှင့်ဆိုင်သော ဆက်ဆံရေးမရှိ။ ဤကောင်းကင်ဘုံမိသားစု တခုလုံး၏ တပါးတည်းသောဖခင် ထာဝရဘုရားကသာလျှင် ဩဇာအရှိန်အဝါကြီးမား စွာဖြင့် အုပ်စိုးပါ၏။ ကောင်းကင်ဘုံမိသားစုဝင်တစ်ဦးဖြစ်သည့်အတိုင်း လူ့လောက၊ ကမ္ဘာမြေကြီးကို ကျော်ခိုင်း၍ထားခဲ့ရပါ၏။ လောကလူသားများအား ဘုရားသခင် ထံတော်သို့ ပို့ဆောင်ရပါ၏။ ကောင်းကင်အမွေခံသူများအား မြင်တွေ့ရ၏။ အကျွန်ုပ် အထူးဝမ်းမြောက်ပါ၏။ သို့သော်လည်း သူတို့သည် ရန်သူစာတန်နှင့် ဆက်သွယ်၍ ဘုရားသခင်၏ ကျေးဇူးကရုဏာတော်ကို ငြင်းပယ်ပါက သူတို့၏ မယုံကြည်ခြင်းအတွက် ဖျက်ဆီးခြင်းသို့ရောက်ရမည်။

ထို့နောက် ကျွန်ုပ်သည် ကောင်းကင်ဘုံရှိ သန့်ရှင်းသူတို့သည် လူ့လောက၌ ဖြစ်ပျက်နေသောအဖြစ်အပျက်များအား နားလည်သိမြင်ခြင်းမရှိမရှိ၊ စိတ်ဝင်စားမှုရှိမရှိ သိလိုပါကြောင်း မေးမြန်းခဲ့သည်။ ထိုအခါသူမပြန်ပြောသည်မှာ "လူတစ်ဦးချင်းစီ၏ အရေးကိစ္စများအပေါ် ကျွန်ုပ်တို့စိတ်ဝင်စားမှုမရှိ၊ စိုးရိမ်ပူပန်ခြင်းလည်းမရှိ၊ နားလည်သိရှိခြင်းလည်းမရှိပေ။ ဘုရားသခင်တပါးတည်းသာလျှင် နေရာတိုင်း၌ရှိတော် မူ၍ ခပ်သိမ်းသောအရာတို့ကို သိမြင်တော်မူ၏။ သို့သော်လည်း မြေကြီးပေါ်၌ရှိသော အသင်းတော်၏ရန်းကန်လုပ်ဆောင်မှုများ၊ အောင်မြင်မှုများကို ကောင်းကင်တမန်များက ပြောပြ၍သိရှိရသည်။ ထိုကောင်းကင်တမန်များသည် ကယ်တင်ခြင်းကို အမွေခံမည့် သူများအား ပြုစုစောင့်ရှောက်ရန်စေလွှတ်ထားသူများဖြစ်ကြသည်။ သူတို့၏ သတင်းပေးပို့ချက်များအပေါ်၌ ကျွန်ုပ်တို့သည် ဝမ်းမြောက်၍ ပလ္လင်တော်ပေါ်ရှိ ထာဝရဘုရားအား ချီးမွမ်းထောပနာပြုကြရ၏။

– ဆက်ရန် –

# cspjci;Ei  jyn0aorwreawn

ကမ္ဘာ့အနှံ့အပြားရှိ အသင်းတော်သည် ရှင်ယောဟန် အပေါ်၌ ချစ်ခြင်းနှင့် ပြည့်ဝသောတမန်တော်ဟူသောအမည်ဖြင့် အပ်နှင်းထားကြသည်။ သို့သော်လည်း သူ၏မူရင်းအမည်နာမမှာ ကွဲပြားခြားနားလျက်ရှိသည်။ ယေရှုခရစ်က ရှင်ယောဟန်နှင့် သူ့ညီအစ်ကိုအား တမန်တော် (၁၂) ပါး အဝင် အားဖြင့် ပထမဦးစွာ ရွေးချယ်ခန့်ထားသည့်အချိန်၌ သူတို့အား မိုယ်းကြိုးသားဟူသော အမည်နာမကို ပေးခဲ့သည် (မာကု ၃း၁၇)။ မိုယ်းကြိုးသားသည် မည်ကဲ့သို့ ချစ်ခြင်းနှင့်ပြည့်ဝသောတမန်တော်ဟူသော အမည်နာမသို့ ပြောင်းလဲလာခဲ့သနည်း။

ရှင်ယောဟန်၏ပြင်ကိုယ်စရိုက်လက္ခဏာသည် မည်ကဲ့သို့ဖြစ်သည်ကို ကျမ်းစာထဲ၌ တွေ့ရှိနိုင်သည်။ ပထမချက်အနေဖြင့် ရှင်ယောဟန်သည် ရည်မှန်းချက် ကြီးမားသောသူဖြစ်သည်။ ၎င်းကို မာကု ၁၀း၃၅,၃၇ တွင် တွေ့ရသည်။ ယာကုပ်နှင့် ယောဟန်သည် ယေရှုထံသို့ ချဉ်းကပ်၍ . . . ''ကိုယ်တော်သည် ဘုန်းပွင့်တော်မူသောအခါ အကျွန်ုပ်တို့သည် လက်ယာတော်ဘက်၌ တယောက်လက်ဝဲတော်ဘက်၌ တယောက် ထိုင်ရသောအခွင့်ကိုပေးတော်မူပါဟု လျှောက်ထားကြကြောင်း'' တွေ့ရသည်။ ဒုတိယချက်အနေဖြင့် ရှင်ယောဟန်သည် အခြားသောသူများအား သည်းမခံနိုင်သောသူ ဖြစ်သည်။ မာကု ၉း၃၈–၄၀ ထဲတွင် ရှင်ယောဟန်သည် ယေရှုအား . . . ''ကျွန်ုပ်တို့ နောက်သို့ မလိုက်ဘဲ ယေရှုနာမကိုအမှီပြု၍ နတ်ဆိုးတို့ကို နှင်ထုတ်သောသူတယောက် တွေ့ရကြောင်း ထိုသို့မပြုရန် တားမြစ်ကြောင်း'' ပြောပြသည်ကိုတွေ့ရသည်။ ရှင်ယောဟန်သည် ဂိုဏ်းကဏ္ဍစွဲစိတ်၊ ပုဂ္ဂိုလ်စွဲစိတ်ရှိသောသူဖြစ်သည်။ ထိုစိတ်သည် ဘုရားသခင်အား ကျေနပ်စေသော စိတ်ဖြစ်သည် ဟုယူဆသူဖြစ်သည်။ တတိယချက်အနေဖြင့် ရှင်ယောဟန်သည် ကိုယ့်ကိုယ်ကို ဖြောင့်မတ်သည်ဟု ထင်မှတ်သူဖြစ်သည်။ လုကာ ၉း၅၁, ၅၅ ကိုကြည့်သောအခါ ရှင်ယောဟန်သည် ကောင်းကင်မှမီးကျစေ၍ ရှာမာရိလူများအား လောင်စေခြင်း၌အလိုရှိကြောင်းတွေ့ရ သည်။ ယေရှုက ရှင်ယောဟန်အား မိုယ်းကြိုးသားဟု အမည်ပေးသည်မှာ သူ၏စရိုက်လက္ခဏာနှင့်ကိုက်ညီသဖြင့် အလွန်တိကျ မှန်ကန်လှပါသည်။

**သို့သော်ယောဟန်သည်လုံးဝပြောင်းလဲခဲ့၏** ယောဟန်သည် ယေရှုခရစ်နောက်တော်သို့ သုံးနှစ်ခွဲ လိုက်ခဲ့ရသဖြင့် သခင်ဘုရားနှင့် အလွန်နီးကပ်စွာ အသက်ရှင်ခဲ့ရသည်။ ယောဟန်၊ ယာကုပ်၊ ပေတရုသုံးဦးတည်းသာလျှင် တောင်ပေါ်၌ခရစ်တော်၏ ဘုန်းတန်ခိုးနှင့်ပြည့်ဝသော အသွင်သို့ပြောင်းလဲခြင်းကို မြင်တွေ့ရန်ဖိတ်ကြားခြင်း ခံခဲ့ကြရကြောင်းတွေ့ရသည်။ Jairus ၏ သမီးသေခြင်းမှ ထမြောက်စေသည့် အချိန်၌လည်း သူတို့သုံးဦးသာလျှင် ခရစ်တော်နှင့်အတူရှိခဲ့ကြ၏။ ဂေသာရေမန် ဥယျာဉ်၌ ခရစ်တော်ကို ဆုတောင်းချိန်တွင်လည်း သူတို့သုံးဦးသည် သာလျှင် ခရစ်တော်အနား၌ ရှိခဲ့ကြကြောင်းတွေ့ရသည်။ ထိုသို့ခရစ်တော်နှင့်အတူ နီးကပ်စွာနေထိုင် အသက်ရှင်ခဲ့သောလူငယ် ယောဟန်သည် လုံးဝပြောင်းလဲခဲ့သည်။ နှစ်ပေါင်း ၅၀ ကြာပြီးမှ ယောဟန် ခရစ်ဝင်ကျမ်းကို ရေးသားပြုစုသည့်အခါ၌လည်း ခရစ်တော်နှင့် အတူနေထိုင်ခဲ့သည့်အတွေ့အကြုံများက သူ့အားဖမ်းစားထားကြောင်း တွေ့ရသည်။ ယော ၁း၁၄ ထဲတွင်. . . ''ခမည်းတော်၌တပါးတည်းသော သားတော်၏ ဘုန်းကဲ့သို့သူ၏ ဘုန်းတော်ကို ငါတို့သည် မြင်ရကြပြီ'' ဟု ဖော်ပြထား၏။ ၁ယော ၃း၂ ထဲ၌လည်း ဤသို့ရေးသားထားသည်ကိုတွေ့ရ၏။ . . . ''ကိုယ်တော်သည် ထင်ရှားပေါ်ထွန်းတော်မူသောအခါ၊ ငါတို့သည် ကိုယ်တော်နှင့်တူကြလတံ့ဟုငါတို့သိကြ ၏။ အကြောင်းမူကား ကိုယ်တော်ဖြစ်တော်မူသည်အတိုင်းကို ငါတို့သည် မြင်ရကြလတံ့။ ''ယောဟန်သည် သခင်ဘုရားကိုမြင်တွေ့ခဲ့သည့်အတိုင်းသခင်ဘုရားနှင့်တူညီစွာ ပြောင်းလဲခဲ့ရ၏။ ထိုသို့အားဖြင့် ''ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ'' ဖြစ်ကြောင်း သိမြင်ခဲ့သော ယောဟန်သည် ''ချစ်ခြင်းနှင့်ပြည့်ဝသောတမန်တော်'' ဖြစ်လာခဲ့ရသည်။ (၁ယော ၄း၈)။

ရည်မှန်းချက်ကြီးမားသော လူငယ်ယောဟန်သည် ပလ္လင်တော်ပေါ်၌ ခရစ်တော်နှင့် အတူ ထိုင်နိုင်ရန်တောင်းဆိုသည့်အခါ သခင်ဘုရားက သူ့အား အားလုံး၏ အစေခံကျွန်ဖြစ်မှသာ ကြီးမားသောအရာကိုရရှိမည်ဟု သွန်သင်ခဲ့သည်။ (မာကု ၁၀း၄၃)။ ယောဟန်သည် တပည့်တော်များ၏ ခြေထောက်ကို ဆေးကြောသော ယေရှုခရစ်၏ ပြုမူလှုပ်ရှားပုံတို့ကို စံနမူနာအဖြစ်သိမြင်ခဲ့ပြီးဖြစ် (ယော ၁၃း၃–၁၅)သည့်အတိုင်း သူလည်း လုံးဝပြောင်းလဲခဲ့ရသည်။ တမန်တော်ဝတ္ထု၌ ရှင်ယောဟန်သည် မည်သည့်အခါမျှ နံပတ်တစ် ဖြစ်ရန်မကြိုးစားကြောင်းသူ၏ အပြုအမူကို ကြည့်ခြင်းအား ဖြင့်သိနိုင်သည်။ အခြားသောတပည့်တော်များကိုသာ အစဉ်အမြဲ ပံ့ပိုးကူညီလျက်ရှိကြောင်း တွေ့ရှိရသည်။

ယေရှုခရစ်က ယောဟန်အား မေတ္တာစေတနာဖြင့် ပြုပြင်နေသည့်အချိန်၌ သူသည် ဂိုဏ်းကဏ္ဍစွဲစိတ်၊ ပုဂ္ဂိုလ်စွဲစိတ်ရှိသောသူဖြစ်သည်။ (မာကု ၉း၃၈–၄၀)။ ယေရှုခရစ်၏ အသက်တာပုံသက်သေနှင့် နှုတ်ထွက်စကားအားဖြင့် ယောဟန်သည် အခြားသောသူများအား ချစ်သောသူသည် ခံတတ်သောသူအဖြစ်သို့ ပြောင်းလဲလာခြင်းဖြစ်သည်။ သမ္မာကျမ်းစာထဲ၌ပါရှိသော ရှင်ယောဟန်၏ချစ်ခြင်းမေတ္တာဆိုင်ရာ ဟောပြောသွန်သင်ချက်များသည် ကျွန်ုပ်တို့အတွက် အကြီးမားဆုံးသော ခွန်အားယူ စရာဖြစ်ခဲ့သည်။ ဘာသာရေး ဂိုဏ်းကဏ္ဍစွဲစိတ်မထားရှိရေးကို အထူးမှာကြားထားကြောင်း တွေ့ရသည်။


အသင်းတော်သမိုင်းထဲ၌လည်း ရှင်ယောဟန်၏သာသနာလုပ်ငန်းသည် ဘုရားသခင်၏ ကြီးမားသောချစ်ခြင်းမေတ္တာကို ပေါ်လွင်ထင်ရှားစေကြောင်း မှတ်တမ်းတင်ထားသည်။ အသက်တာပြန်လည်ဆုတ်ယုတ်ကျဆင်းသွားသော လူငယ်တဦးသည် တောတွင်းတောင်ပေါ်ရှိ လုယက်သတ်ဖြတ်သောအဖွဲ့၏ ခေါင်းဆောင်ဖြစ်ရန် အသင်းတော်ကို ကျောခိုင်းထွက်ခွာသွား၏။ အသက်အရွယ်အို မင်းနေသော တမန်တော်ကြီးသည် ထိုတောင်ပေါ်သို့တဦးတည်းတက်သွား၍ ဓါးပြအဖွဲ့၏ဖမ်းဆီးခြင်းကို ခံပြီး ထိုခေါင်းဆောင်အား သခင်ဘုရားနှင့် အသင်းတော်ထံသို့ ပြန်လည်ခေါ်ဆောင်လာခဲ့သည်။


စိတ်အားထက်သန်သောလူငယ်တပည့်တော် ယောဟန်သည် ရှမာရိလူများ အပေါ်သို့ ကောင်းကင်မီးကျစေ၍ လောင်ကျွမ်းဖျက်ဆီးစေလိုသော ဆန္ဒရှိခဲ့သူဖြစ်သည်။ သို့သော်သခင်ဘုရား၌ ရင့်ကျက်လာသောအခါ ဘုရားသခင်၏အလိုတော်နှင့် နည်းလမ်းကို သိမြင်ခံစားရသောအခွင့်ရရှိခဲ့သည်။ တမန်တော်ဝတ္ထု ၈း၁၄–၁၈ ထဲတွင် ရှမာရိ လူမျိုးများအပေါ် သန့်ရှင်းသောဝိညာဉ်တော်မီး ဆင်းသက်၍ နိုးထမှုကြီးဖြစ်ပေါ်စေရန် ဆုတောင်းသောသူများမှာ ရှင်ပေတရုနှင့် ရှင်ယောဟန်တို့သာဖြစ်ကြကြောင်း တွေ့ရသည်။

ရှင်ယောဟန်ကဲ့သို့ ကျွန်ုပ်တို့သည်လည်း အကျင့်စာရိတ္တပိုင်းဆိုင်ရာ ချို့ယွင်းချက်များ၊ အပြစ်ကျူးလွန်လိုစိတ်များစသည့် ပြောင်းလဲပစ်ရန် လိုအပ်သော အပြစ်အနာအဆာများ၊ အားနည်းချက်များရှိသောသူဖြစ်နိုင်သည်။ သို့သော်လည်း ယေရှုခရစ်သည် သင့်အသက်တာရှိသော အားနည်းချက်ဟာကွက်ပျော့ကွက်များကို နှုတ်ယူဖယ်ရှား၍ သူ၏လှပတင့်တယ်ခိုင်မာသော အသက်တာသို့ ပြုပြင်ပြောင်းလဲပေးနိုင်သည်။ ခရစ်တော်နှင့်အတူ အချိန်ယူ၍ သူ၏ ချစ်ခြင်းမေတ္တာနှင့် တန်ခိုးတော်ထဲ၌ မွေ့လျော်ရန်လိုအပ်ပါ၏။ မိုယ်းကြိုးသားဟူသော အမည်နာမမှ ချစ်ခြင်းနှင့်ပြည့်ဝသော တမန်တော်အဖြစ်သို့ ပြောင်းလဲစေနိုင်သော သခင်ဘုရားသည် သင်၏ အသက်တာကိုလည်း လုံးဝပြောင်းလဲစေနိုင်သည်ကို သတိပြုစေလိုကြောင်း တိုက်တွန်းလိုပါသည်။

- Article by Norman Holmes

''အသင်းတော်အတွင်းကန့်သတ်''






FOR·ME
LORD

# ပေတရု ကျောက်

*သခင်ယေရှုသည် ရှိမုန်ကိုတွေ့သောအခါ နာမည်အသစ်ကို ပေးလေ၏။ ၎င်း အမည်မှာ ''ကျောက်''ဟု အဓိပ္ပါယ်ရသော ပေတရုပင် ဖြစ်သည်။ (ယော ၁း၄၁–၄၂)။ ထိုအမည် နာမသည် ခရစ်တော်က ပေတရုအား အသွင်ပြောင်းပေးမည့် အသစ်သော သွင်ပြင်လက္ခဏာအရည်အချင်းကို ပုံဆောင်သည်။ ထိုအချိန် မတိုင်မီ၊ ရှိမုန်သည် သန်မာသောသူမဟုတ်၊ မြဲမြံတည်ကြည်ခိုင်ခံ့သော ကျောက်နှင့်လည်း မတူပေ။*

ယေရှုခရစ်နောက်တော်သို့ စတင်၍လိုက်သည့်အချိန်၌ ရှိမုန်သည် စိတ်မြန်လက်မြန်၊ စကားပြောမြန်သော သူဖြစ်သည်။ တခုသောအခါ သမယ၏ ဖြစ်ရပ်တခု၌ ယေရှုသည် ရှိမုန်အားဆုံးမလို၍ ''အချင်းစာတန်၊ ငါ့နောက်သို့ဆုတ်လော့''ဟု ပြောဆိုခဲ့သည်။ ယေရှုခရစ်၏ မျက်နှာဝင်းပ၍ ခန့်ညားတင့်တယ်သောအသွင်သို့ ပြောင်းသွားသော တောင်ပေါ်၌ စကားပြောသော ပေတရုအား ပြစ်တင်ပြောဆိုသောအသံမှာ ခမည်းတော်ဘုရားသခင်၏ အသံဖြစ်သည်။

ရှိမုန်ပေတရုအနေအထိုင်အပြုအမူသည်လည်း တည်ငြိမ်ခြင်းမရှိပေ။ ရေပေါ်မှာစတင်လမ်းလျှောက်ခဲ့ပုံနှင့် နောက်ဆုံးရေနစ်ခဲ့ရပုံတို့ကိုလည်း ကျွန်ုပ်တို့အားလုံး သိရှိပြီးဖြစ်သည်။ ဂေသရေမန်ဥယျာဉ်ထဲ၌ ယေရှုကိုကာကွယ်ရန်အတွက် ဒါးကို ဆွဲထုတ်လိုက်သောသူမှာ ပေတရုပင်ဖြစ်သည်။ သို့သော်နောက်ဆုံး၌ ယေရှုကို စွန့်ခွာ ထွက်ပြေးသောသူမှာလည်း ပေတရုပင်ဖြစ်သည်။ ရှိမုန်ပေတရု၏ နဂိုအပြုအမူနှင့် စရိုက်လက္ခဏာသည် တည်ကြည်ခိုင်ခံ့မြဲမြံသော ကျောက်၏ဖြစ်ခြင်းနှင့် အလွန်ဆန့်ကျင်လျက်ရှိသည်။

သို့သော်လည်း ကျွန်ုပ်တို့တဦးချင်းစီ၏ အသက်တာအတွက် ထာဝရဘုရား၏ ခေါ်ယူခွဲခန့်ခြင်းနှင့် အကြံအစည်တို့သည် ကျွန်ုပ်တို့၏ ပင်ကိုယ်အစွမ်းအစနှင့် အရည်အချင်းအပေါ်တွင် လုံးဝအမှီမပြုပေ။ သူ၏သဘာဝထက် သာလွန်သော ကျေးဇူးတော်နှင့် ဖန်တီးနိုင်စွမ်းအပေါ်၌သာတည်မှီလျက်ရှိသည်။ ရှိမုန်သည် ကျောက်ကဲ့သို့ ခိုင်ခံ့မြဲမြံတည်ကြည်သောသူအဖြစ် ပြောင်းလဲလာနိုင်ကြောင်း သခင်ဘုရားသိတော်မူ၏။ အကြောင်းမူကား ယေရှုခရစ်ကိုယ်တော်တိုင်သည် ကျောက်ဖြစ်သတည်း (၁ကော ၁၀း၄)။

ရှင်ပေတရုကိုယ်တိုင်က နောက်ဆုံးတွင်ရေးသားဖော်ပြခဲ့သည်မှာ ကျွန်ုပ်တို့၏ သခင်ယေရှုခရစ်သည် အဓိကကျသော တိုက်ထောင့်အမြစ်ကျောက်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့သည် ခရစ်တော်နောက်သို့ လိုက်သောသူဖြစ်ကြသည့်အတိုင်း သူကဲ့သို့ဖြစ်၍ အသင်းတော်၌ အသက်ရှင်သောကျောက်များ ဖြစ်လာကြမည် (၁ပေ ၂း၅–၆)။ တမန်တော်ဖြစ်သော ရှင်ပေတရုသည် တိုက်မြစ်ဖြစ်လာ၏ (ဖေက် ၂း၂၀)။

စိတ်မြန်လက်မြန်မတည်ငြိမ်သော ရှိမုန်ဘဝမှ ကျောက်ကဲ့သို့တည်ငြိမ်မြဲမြံခိုင်ခံ့သော ပေတရုအဖြစ်သို့ နက်နဲစွာ ပြောင်းလဲလာခဲ့ခြင်း၌ အဓိကကျသောအဖြစ်အပျက် တခုရှိသည်။ ၎င်းမှာ ပေတရုက သခင်ယေရှုအား ငြင်းပယ်လိုက်သည့်အချိန် ဖြစ်သည်။ ယေရှုခရစ်သည် တမန်တော်များအား သူ့ကိုစွန့်ခွာထွက်ပြေးသွားကြလိမ့်မည်ဟု သတိပေး ပြောကြားခဲ့သည်။ သို့သော် ရှိမုန်ပေတရုက သေသည့်တိုင်အောင် သစ္စာရှိမည်ဖြစ်ကြောင်း ဂုဏ်ယူဝင့်ကြွားစွာနှင့် စိတ်အားထက်သန်စွာ ပြောကြားခဲ့သည်။ ရှင်ပေတရုသည် သူ၏ပင်ကိုယ်စွမ်းရည်နှင့် ဆက်ကပ်ခြင်းကိုသာ အမှီပြုနေသော သူ၏စိတ်နှလုံးကို မသိမမြင်နိုင်ခဲ့ခြင်းကြောင့် ဘုရားရှင်၏ နှုတ်ကပတ်တော်ကို ငြင်းပယ်မိခြင်း ဖြစ်သည်။ ထို့ကြောင့် ယေရှုခရစ်သည် ပေတရုအားသူ၏ စိတ်နှလုံးထဲရှိ ရောထွေးနေသောအရာကို ဖော်ထုတ်နိုင်ရေးအတွက် မီးကဲ့သို့ ပြင်းထန်သော စမ်းသပ်စစ်ဆေးခြင်းကို ခံရန်ခွင့်ပြုခဲ့သည်။ အလွန်ပူပြင်းသော မီးဖိုသည် ရွှေကိုအရည်ပျော်စေ၍ အညစ်အကြေးများကို ဖယ်ထုတ်ပြီး သန့်စင်နိုင်သကဲ့သို့ပင် ဖြစ်၏။ (၁ပေ ၄း၁၂၊ ၁း၇၊ ယောဘ ၂၃း၁၀)။ ရှင်ပေတရုသည် နံနက်မိုးလင်းကြက်တွန်၍ သခင်ဘုရားအား ကျိန်ဆဲငြင်းပယ်ပြီး နောက်ပိုင်းတွင် သူ၏စိတ်နှလုံးထဲ၌ ရောထွေးနေသော အပြစ်တရားရှိနေသေးကြောင်း သိမြင်ခဲ့ရသည်။ ပေတရု၏ ကြီးမားသောဆုံးရှုံးမှုသည် သူ၏ယုံကြည်ခြင်းကို မဖျက်ဆီးခဲ့ပေ။ သို့သော် ၎င်းကသူ၏ စိတ်နှလုံးထဲ၌ ကြီးမားနက်ရှိုင်းသော နောင်တ သံဝေဂတရားကို ဖြစ်ပေါ်စေခဲ့သည် (လုကာ ၂၂း၃၂)။ သူ့ကိုယ်သူ ယုံကြည်စိတ်ချမှုသည် သူ့အသက်တာထဲ၌ ကြာရှည်မတည်မြဲနိုင်တော့ပေ။ သူ၏ယုံကြည်ခြင်းကို ခရစ်တော်၌ထားသောကြောင့် ကျောက်၏ သဘောသဘာဝသည် သူ၏အသက်တာနှင့် စရိုက်လက္ခဏာထဲ၌ တည်ကြည်ခိုင်ခံ့မြဲမြံလာသည်။

ရှင်ယောဟန် (၂၁) ၌ ရှင်ပြန်ထမြောက်သော သခင်ဘုရားသည် ပေတရုအား သာသနာလုပ်ငန်း၌ ပြန်လည်နေရာချခန့်ထားသည့်အခါ အံ့သြစရာကောင်း လောက်အောင် အလွန်များပြားသော ငါးကိုဖမ်းဆီးခဲ့သည်။ (ရှင်လုကာ ၅) ထဲရှိ ပေတရု၏ ပထမ အကြိမ်ငါးများကို ဖမ်းခြင်းသည် လုပ်ငန်း၌ မိမိကိုယ်ကို မိမိအစီအစဉ်ဖြင့် ဆက်ကပ်ခြင်းဖြစ်သည်။ သို့သော် ထိုပထမအကြိမ် ငါးဖမ်းခြင်းသည် များစွာသော ဆုံးရှုံးမှုကို ဖြစ်ပေါ်စေသည်။ အဘယ့်ကြောင့်ဆိုသော် ပိုက်ကွန်သည် စုတ်ပြတ်ကုန်သောကြောင့် ဖြစ်သည်။ ထိုအရာက ပေတရု၏ ပထမလုပ်ငန်းသည် အားနည်းချက်ရှိ၍ ဆုံးရှုံးမှု ရှိကြောင်းကို ဖော်ပြသည်။ သို့သော်လည်း ပေတရု၏ ဒုတိယအကြိမ်ငါးဖမ်းခြင်း၌ မူပိုက်ကွန်များ စုတ်ပြတ်ခြင်းမရှိခဲ့ပေ။ ထိုအရာက ပေတရု၏ လုပ်ငန်းဆုံးရှုံးမှု မရှိကြောင်းကို ဖော်ပြသည်။ ထိုအချိန်၌ ပေတရု၏ အသက်တာသည် အမှုတော်မြတ်၌ သေသည့်တိုင်အောင် သစ္စာရှိမည် ဖြစ်ကြောင်းကို ယေရှုခရစ်က ကောင်းမွန်စွာသိခဲ့သည်။

တမန်တော်ဝတ္ထုထဲမှ အဖြစ်အပျက်များက ရှင်ပေတရုသည် မည်၍မည်မျှသန်မာ၍ တည်ကြည်မြဲမြံခိုင်မာကြောင်းကို ဖော်ပြလျက်ရှိသည်။ အတိုက်အခံပြုဆန့်ကျင်ခြင်း အမျိုးမျိုး၏ ခြိမ်းခြောက်မှုများကိုလည်း မကြောက်တော့ပေ။ အင်ပါယာနေရှုးက ရှင်ပေတရုအား လက်ဝါးကားတိုင်၌ ရိုက်သတ်ရန်စီရင်ချက်ချသည့်အခါ၌ ရှင်ပေတရုသည် သူ့အားလက်ဝါးကားတိုင်၌ ဇောက်ထိုးပြောင်းပြန်ရိုက်သတ်ရန် တောင်းဆိုခဲ့ကြောင်း သမိုင်းမှတ်တမ်းများအရ သိရှိရသည်။ ရှင်ပေတရုက သူသည် ခရစ်တော်ကဲ့သို့ တစ်ပုံစံတည်း အသေခံရန် မထိုက်တန်ကြောင်း ပြောဆိုခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် ရှင်ပေတရုသည် သာသနာလုပ်ငန်း၌ သစ္စာရှိရှိ ပြည့်ပြည့်ဝဝ တာဝန်ကျေပွန်ခဲ့သော်လည်း သခင်ခရစ်တော်အား ငြင်းပယ်ခဲ့ဖူးသောကြောင့် ဖြစ်သည်။

သမ္မာကျမ်းစာက ကျွန်ုပ်တို့၏ ဤလောက၌ရှိသော အသက်တာနှင့် အမှုတော် ဆောင်ခြင်း လုပ်ငန်းသည် ထာဝရကာလ၌ ဆုရရှိရေးအတွက် ပြင်ဆင်ခြင်း ဖြစ်ကြောင်း ဖော်ပြထားသည်။ ဗျာဒိတ်ကျမ်းအခန်းကြီး (၂၁) ထဲတွင် ဖော်ပြထားသည်မှာ ကောင်းကင်သစ်နှင့် မြေကြီးသစ်ပေါ်လာသောအခါ တမန်တော် (၁၂)ပါးသည် ယေရုရှလင်မြို့သစ်၏ ခိုင်မာသော ကျောက်မြစ်အဖြစ်ရှိမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ကျောက်တည်းဟူသော ရှင်ပေတရုသည် သစ္စာရှိသော တမန်တော်အဖြစ် သူ၏ သာသနာလုပ်ငန်းများကို တိုးချဲ့နိုင်သောကြောင့် ဘုန်းတန်ခိုးနှင့် ပြည့်စုံသော အသင်းတော် ထာဝရကာလ၌ ကြီးမားသော အခြေခံအုတ်မြစ်ကျောက်များထဲမှ တစ်ခု အပါအဝင်ဖြစ်လာပေမည်။

သင်၏အသက်တာ၌ အုတ်အရောရော၊ ကျောက်အရောရော ရှုတ်ထွေးနေသော အရာကိုထင်ရှားစေသည့် မီးကဲ့သို့ ပူပြင်းသော စမ်းသပ်စစ်ဆေးမှုကို ဖြတ်သန်း ခဲ့ဘူးပြီလော့၊ ယေရှုခရစ်သည် သင်၏ ယဇ်ပရောဟိတ်ကြီးဖြစ်သော ရှင်ပေတရုအတွက် ဆုတောင်းခဲ့သည့်အတိုင်း ယခုသင့်အတွက်လည်း ဆုတောင်းပေးလျှက်ရှိသည်။ သခင်ဘုရားသည် သင့်အား မည်သည့်အခါမျှ ရှုံးနိမ့်ခြင်း မရှိသောသာသနာလုပ်ငန်းအသစ်ကိုပေး၍ ခန့်ထားလိုသည်။ ရှင်ပေတရုသည် သူ့အသက်တာ၏ နောက်ဆုံးသော ကာလ၌ ကျွန်ုပ်တို့အား တိုက်တွန်းအားပေးခဲ့သည် ''ခရစ်တော်ယေရှုအားဖြင့် ငါတို့ကို ထာဝရဘုန်း အသရေတော်သို့ ခေါ်တော်မူသောခပ်သိမ်းသော ကျေးဇူးကို ပြုတော်မူသော ဘုရားသခင်သည် ခဏဆင်းရဲခံပြီးသော သင်တို့ကိုစုံလင် တည်ကြည်၊ ခိုင်ခန့်၊ မြဲမြံစေတော်မူလိမ့်မည်'' (၁ပေ ၅း၁၀)။